# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**အမြဲတည်ခြင်းသည် မရှိချေ**

အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သော သဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သော သဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)

ဇရာဝဂ်(ဓမ္မပဒ - ၁၄၇)


၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်　　၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ ၁၈ ရက်၊ သောကြာနေ့　　အတွဲ (၅၆)၊ အမှတ် (၀၄၉)


# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးဒေါ်စုစုလွင် ချက်သမ္မတနိုင်ငံ သမ္မတဟောင်း မစ္စတာ ဗားစလပ် ဟာဗယ်လ်၏ အကြိမ် (၈၀)မြောက် နှစ်ပတ်လည်မွေးနေ့အခမ်းအနား တက်ရောက်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ချက်သမ္မတနိုင်ငံသမ္မတဟောင်း မစ္စတာ ဗားစလပ် ဟာဗယ်လ်၏ အကြိမ်(၈၀)မြောက် နှစ်ပတ်လည်မွေးနေ့အထိမ်းအမှတ်အခမ်းအနားတွင် အမှတ်တရစကားပြောကြားစဉ်　(သတင်းစဉ်)

**နေပြည်တော်　နိုဝင်ဘာ　၁၇**

ချက်သမ္မတနိုင်ငံ သမ္မတဟောင်း မစ္စတာ ဗားစလပ် ဟာဗယ်လ်၏ အကြိမ်(၈၀)မြောက် နှစ်ပတ်လည်မွေးနေ့အထိမ်းအမှတ် အခမ်းအနား (80th Anniversary of Birth of the Former Czech President , Mr. Vaclav Havel) ကို နေပြည်တော်ရှိ The Lake Garden Hotel , Irrawaddy Ballroom ၌ ယနေ့ ညနေ ၆ နာရီခွဲတွင် ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ တက်ရောက်သည်။

အခမ်းအနားသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယဝန်ကြီး ဦးကျော်တင်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ယာရိုးဆလပ်ဒိုလဲချက်ခ်က ကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻



ဆိပ်ကြီးခနောင်တိုမြို့နယ် ဦးထွန်းအိုရပ်ကွက်အတွင်းရှိ ရန်ကုန်မြို့သစ်စီမံကိန်း အကောင်အထည်ဖော်မည့် စီမံကိန်းမြေနေရာကို တွေ့ရစဉ်

# ရန်ကုန်မြို့သစ်စီမံကိန်း အကောင်အထည်ဖော်ရာတွင် မြေဈေးနှုန်း ကြီးမြင့်မှုမဖြစ်စေရန် အစိုးရကိုယ်တိုင် ကြီးကြပ်ဆောင်ရွက်သွားမည်

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏိတ)**

**ရန်ကုန်　နိုဝင်ဘာ　၁၇**

“ရန်ကုန်မြို့သစ်စီမံကိန်း အကောင်အထည်ဖော်တဲ့အခါမှာ အစိုးရက မြေဈေးကို ကြပ်ကြပ်မတ်မတ်ထိန်းညှိပြီး စင်ကာပူနိုင်ငံလို မြေကို စနစ်တကျတင်ဒါခေါ်ပြီး လုပ်ဆောင်သွားမှာပါ။ နိုင်ငံတော်က စနစ်တကျပဲ တာဝန်ယူလုပ်တဲ့ ပုံစံမျိုးနဲ့ ကျွန်တော်တို့ အစိုးရအဖွဲ့သစ်အနေနဲ့ မြို့သစ်စီမံကိန်းကို ကြီးကြပ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်”ဟု ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

နိုဝင်ဘာလ ဒုတိယပတ်က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ပြုလုပ်ခဲ့သည့် သတင်းစာ ရှင်းလင်းပွဲတွင် ရန်ကုန်မြို့သစ်စီမံကိန်း အကောင်အထည်ဖော်မှုနှင့် ပတ်သက်၍ မီဒီယာများ၏မေးမြန်းမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြန်လည် ဖြေကြားရာတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ ရန်ကုန်မြို့သစ်စီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီး တစ်ဖက်ကမ်းရှိ မြို့နယ်များဖြစ်သည့် တွံတေး၊ ကြည့်မြင်တိုင်၊ ဆိပ်ကြီးခနောင်တို စသည့်မြို့နယ် သုံးမြို့နယ်အတွင်းရှိ

*စာမျက်နှာ ၁၂ ကော်လံ ၁* ◆




မြန်မာ့အလင်း

# စီးပွားရေးပြဿနာတို့၏ အခြေခံသဘောတရား

၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်နေ့၌ကျင်းပသော ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် ပန်းတောင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်က "အရပ်ရပ်ကုန်ဈေးနှုန်း တရိပ်ရိပ်တက်နေမှုအား ထိန်းချုပ်မည့်အစီအစဉ် ရှိ/မရှိ" မေးခွန်းမေးသည့်အပေါ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ပြန်လည်ဖြေကြားသည့်ကိစ္စနှင့်ပတ်သက်၍ သတင်းမီဒီယာများတွင် ဝေဖန်မှုများကို ကြားသိရပါသည်။ ဒီမိုကရေစီကျင့်စဉ်အရ ဝေဖန်ခြင်းကို ကြိုဆိုရမည်ဖြစ်သော်လည်း ဝေဖန်သည့်အချက်အလက်များကို သုံးသပ်ရန်လိုအပ်ပါသည်။

ဦးစွာတင်ပြလိုသည်မှာ ဈေးကွက်စီးပွားရေးစနစ်၌ အစိုးရတစ်ရပ်သည် ပြည်သူတို့၏ စားဝတ်နေရေး ချောင်လည်ရေးနှင့် လူနေမှုအဆင့်အတန်းမြင့်တင်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သော်လည်း ဤသို့ ကြိုးပမ်းဆောင်ရွက်ရာ၌ ကုန်ဈေးနှုန်းတို့ကို ထိန်းချုပ်သောနည်းလမ်းတို့ဖြင့် ဆောင်ရွက်၍ မရနိုင်ပါ။ အခြေခံအားဖြင့် ကုန်ဈေးနှုန်းကျဆင်းရေးအတွက် နိုင်ငံတော်အစိုးရသည် တိုင်းပြည်၏စီးပွားရေးအနေအထားတစ်ရပ်လုံးကို တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

စီးပွားရေးသဘောတရားအရ ကုန်ဈေးနှုန်းတို့ တရိပ်ရိပ်တက်နေခြင်းသည် ငွေကြေးဖောင်းပွမှုမြင့်တက်နေခြင်းနှင့် ဆက်စပ်နေပါသည်။ ငွေကြေးဖောင်းပွမှု မြင့်တက်နေခြင်းသည် လူထုအစိုးရသစ်လက်ထက်မှ ဖြစ်ပွားလာသော စီးပွားရေးအခြင်းအရာမဟုတ်ပါ။ တိုင်းပြည်၏ စီးပွားရေး၌ နှစ်ပေါင်းများစွာ အမြစ်တွယ်လာသော လက္ခဏာတစ်ရပ်ဖြစ်ပါသည်။ ငွေကြေးဖောင်းပွမှု လျှော့ချရန် ငွေရေးကြေးရေးကဏ္ဍအပါအဝင် တိုင်းပြည်၏ စီးပွားရေးကဏ္ဍတို့အကြား ဟန်ချက်ညီအောင် ထိန်းညှိလျက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း တိုးတက်လာအောင် ဆောင်ရွက်ရမည် ဖြစ်ပါသည်။ တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သော လျှပ်စစ်ဓာတ်အား တိုးတက်ရရှိနိုင်ရေးကို နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်လျက်ရှိသော်လည်း လူထုအစိုးရသစ်၏ လက်ရှိခုနစ်လ ကာလအတွင်း ပြီးမြောက်အောင်ဆောင်ရွက်နိုင်သော ကိစ္စရပ်မဟုတ်ပါ။ လမ်းပန်းဆက်သွယ်ရေးကဲ့သို့သော တိုင်းပြည်၏ အခြေခံအဆောက်အအုံများ တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ရေးကိစ္စသည် ခုနစ်လတာကာလအတွင်း ပြီးပြည့်စုံအောင် ဆောင်ရွက်နိုင်မည်မဟုတ်ပါ။ အစိုးရယန္တရားအရပ်ရပ်၏ စွမ်းဆောင်ရည် မြှင့်တင်ရေး၊ အကျင့်ပျက်လာဘ်စားမှုတိုက်ဖျက်ရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာရေး စသောစသော တိုင်းပြည်၏ လိုအပ်ချက်အရပ်ရပ်သည် အချိန်ယူဆောင်ရွက်ရမည့် ကိစ္စများဖြစ်ပါသည်။

တင်ပြလိုသည်မှာ တရိပ်ရိပ်တက်နေသော ကုန်ဈေးနှုန်းတို့ ကျဆင်းရေးကို ဈေးကွက်စီးပွားရေးနည်းလမ်းအရ ဆောင်ရွက်ရမည်ဖြစ်၍ အချိန်ယူရမည် ဖြစ်ပါသည်။ ဤသို့ဆို၍ လူထုအစိုးရက ကုန်ဈေးနှုန်းကျဆင်းရေးကို ဆောင်ရွက်ပေးရန်မဖြစ်နိုင်ဟု ဆိုလိုခြင်းမရှိပါ။ အမေရိကန်နိုင်ငံက မြန်မာနိုင်ငံအပေါ် ချမှတ်ထားသော စီးပွားရေးပိတ်ဆို့မှု ရုပ်သိမ်းခြင်းအပါအဝင် အသစ်ဖြစ်ထွန်းလာသော စီးပွားရေးအခွင့်အလမ်းများနှင့်အတူ ကမ္ဘာ့ဘဏ်ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသောကြောင့် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအပါအဝင် ကုန်ဈေးနှုန်းကျဆင်းရေးသည် လက်တွေ့ဖြစ်မြောက်လာမည့်ကိစ္စရပ်များ ဖြစ်ပါသည်။

အချိန်ယူဖြေရှင်းရမည့် စီးပွားရေးပြဿနာတို့၏သဘောကို နှလုံးသွင်းဆင်ခြင်လျက် တိုင်းပြည်၌နှစ်ပေါင်းများစွာ အမြစ်တွယ်နေသည့် စီးပွားရေးပြဿနာတို့ကို ဖြေရှင်းရန် ကြိုးပမ်းဆောင်ရွက်နေသည့် လူထုအစိုးရအပေါ် နားလည်ထောက်ခံမှုပေးရန် လေးစားစွာတိုက်တွန်းတင်ပြလိုပါသည်။ ။

## မြန်မာ့ကင်းထောက် ရာပြည့်အထိမ်းအမှတ်အကြို ကင်းထောက်လူငယ်များ ကင်းစိတ်စွမ်းရည်ပြိုင်



မြန်မာ့ကင်းထောက် ရာပြည့်အထိမ်းအမှတ်အကြို ကင်းထောက် အမျိုးသား၊ အမျိုးသမီးများ ကင်းစိတ်စွမ်းရည်ပြိုင်ပွဲများကို အထက(၁)အင်းစိန်၌ ကျင်းပစဉ်

**ရန်ကုန် နိုဝင်ဘာ ၁၇**

မြန်မာ့ကင်းထောက် ရာပြည့်အထိမ်းအမှတ် အကြိုကင်းထောက်လူငယ် အမျိုးသား အမျိုးသမီးများ ကင်းစိတ်စွမ်းရည်ပြိုင်ပွဲများကို နိုဝင်ဘာ ၁၆ ရက် နံနက်က ရန်ကုန်တိုင်းဒေသကြီး ကင်းထောက်ဖွဲ့စည်းပြီး ကျောင်းများတွင် ခရိုင်အလိုက်ပြိုင်ပွဲများ ကျင်းပသည်။

ယင်းအစီအစဉ်အရ ကင်းထောက် အမျိုးသား အမျိုးသမီး ကင်းစိတ်စွမ်းရည်ပြိုင်ပွဲများကို ရန်ကုန်အရှေ့ပိုင်းခရိုင် ကျောင်းများအတွက် အထက(၆) ဗိုလ်တထောင်၊ ရန်ကုန်အနောက်ပိုင်းခရိုင် ကျောင်းများအတွက် အထက(၁) လမ်းမတော်၊ ရန်ကုန်မြောက်ပိုင်းခရိုင် ကျောင်းများအတွက် အထက(၁) အင်းစိန်၌ ပြိုင်ပွဲဝင်ကင်းထောက် အမျိုးသား အမျိုးသမီးများက ကင်းထောက်ကတိ၊ ကင်းထောက်ကျင့်ဝတ်များ၊ ကြိုးချည်နည်းများ၊ ရှေးဦးသူနာပြုစုနည်းများ ကင်းစိတ်အလိုက် လက်တွေ့ယှဉ်ပြိုင်ကြသည်။

ယင်းပြိုင်ပွဲကျင်းပမှုကို မြန်မာနိုင်ငံ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာ တင်ညို၊ ဒုတိယ ကင်းထောက်ချုပ် ဦးသာစိန်၊ မြန်မာနိုင်ငံကင်းထောက် အမျိုးသမီးကင်းထောက်ချုပ် ဒေါက်တာ ဒေါ်တင်လှကြည်၊ ဒုတိယကင်းထောက်ချုပ် ဒေါ်ခင်စောဥမ္မာနှင့် ကင်းထောက်ကြီးများက ဒိုင်အဖြစ် ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

ခရိုင်ကင်းစိတ်အလိုက် ပြိုင်ပွဲဆုရ ကင်းထောက်အမျိုးသား၊ အမျိုးသမီး အဖွဲ့များသည် နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီတွင် အထက(၁) လမ်းမတော် စွမ်းအားခန်းမနှင့် အားကစားကွင်းတို့တွင် ဆက်လက်ပြီး ဗဟိုအဆင့် စွမ်းရည်ပြိုင်ပွဲများ ယှဉ်ပြိုင်ကာ ဗဟိုအဆင့်ဆုရအဖွဲ့များအား နိုဝင်ဘာ ၂၇ ရက်တွင် ရန်ကုန်စိန်ရတုခန်းမ၌ ကျင်းပမည့် ရာပြည့်အထိမ်းအမှတ်အကြို အခမ်းအနားတွင် ဆုများချီးမြှင့်မည်ဟု သိရသည်။ **ကိုလတ် (သတင်းစဉ်)**

**ထင်သာမြင်သာပြုပြင်စရာ**

## ရွှေဘို-မြစ်ကြီးနား ကားလမ်းဘေး စာသင်ကျောင်းများ ယာဉ်အန္တရာယ်ကင်းရေး ဆောင်ရွက်ပေးစေလို

စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်အတွင်းရှိ ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုကားလမ်းမကြီး၏ လမ်းဘေးဝဲယာများမှ စာသင်ကျောင်းများမှကျောင်းသား ကျောင်းသူများအတွက် နေ့စဉ်ကျောင်းသွားကျောင်းပြန် အချိန်အခါမရွေး စိုးရိမ်ကြောင့်ကြမှုမရှိ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန်အတွက် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးစေလိုကြောင်း သိရသည်။



"ကလေးတွေ ကျောင်းတက်ကျောင်းဆင်းချိန်မှာ မတော်တဆယာဉ်တိုက်မှု အန္တရာယ်တွေမဖြစ်ရလေအောင် ယာဉ်စည်းကမ်းထိန်းသိမ်းရေး စောင့်ရှောက်ကူညီပေးစေချင်ပါတယ်။ အဓိကကတော့ KG တန်းနဲ့ သူငယ်တန်းကလေးသူငယ်တွေက ကျောင်းဆင်းတာနဲ့ ကားလမ်းပေါ်ကို ခုန်ပေါက်ပြေးလွှားဆော့ကစားရင်းနဲ့အိမ်ပြန်ကြတာပါ။ တစ်ခါတလေ မိဘအုပ်ထိန်းသူတွေအကြိုအပို့ မလာနိုင်တဲ့အခါ စိုးရိမ်ပူပန်ရပါတယ်" ဟု မော်လူးမှ ကျောင်းသားမိဘတစ်ဦးက ပြောသည် ။

ယခုလို ပွင့်လင်းရာသီတွင် ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးပေါ် ဖြတ်သန်းသွားလာလျက်ရှိသော ကုန်တင်မော်တော်ယာဉ်ကြီးများ၊ ဆီသယ်မော်တော်ယာဉ်ကြီးများကြောင့် ကျောင်းသား ကျောင်းသူများ ကျောင်းတက် ကျောင်းဆင်းချိန်များတွင် အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန်အတွက် စည်းကမ်းထိန်းသိမ်းရေးရဲတပ်ဖွဲ့ဝင်တစ်ဦး ရှိသင့်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

(ဝ၆၇)

## ပန်းချီ၊ ကာတွန်းနှင့် သရုပ်ဖော်ပိုစတာပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၇**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက "အဆင့်မြင့်မြို့တော် တည်ဆောက်ဖို့၊ စည်းကမ်းကိုယ်စီ လိုက်နာစို့"ခေါင်းစဉ်ဖြင့်ကျင်းပခဲ့သည့် ပန်းချီ၊ ကာတွန်းနှင့် သရုပ်ဖော်ပိုစတာပြိုင်ပွဲ ဆုရရှိသူများစာရင်းကို သက်ဆိုင်ရာက ထုတ်ပြန်ထားပြီးဖြစ်သည်။ ဆုချီးမြှင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၈ ရက် နံနက် ၉ နာရီတွင် မြို့တော်ခန်းမ ပထမထပ်ခန်းမကြီး၌ ကျင်းပမည်ဖြစ်ရာ ဆုရရှိသူ ကျောင်းသား ကျောင်းသူများကိုယ်တိုင် ဆုလက်ခံရယူနိုင်ရန် ယင်းနေ့ နံနက် ၇ နာရီခွဲ အရောက် ကြိုတင်ရောက်ရှိကြရန် အသိပေးနှိုးဆော်ထားကြောင်းနှင့် ပြိုင်ပွဲဝင်ဆုရကားချပ်များကို ယင်းနေ့နံနက်ပိုင်းမှစတင်ကာ မဟာဗန္ဓုလပန်းခြံ၌ အများပြည်သူတို့အား ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုချစ်**

### ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၇-၁၁-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၅၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၁၄၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၅၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၂၀/၆၄၅ ကျပ် |
| အောက်တိန်း ၉၂ | ၆၂၀/၆၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၆၆၀/၇၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၄၅/၆၆၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၅ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၃၈၂ ・ ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၀ ・ ၀၂ |
| ထိုင်း | တစ်ဘတ် | ၃၆ ・ ၂၆ |
| အိန္ဒိယ | တစ်ရူပီး | ၁၈ ・ ၉၅ |
| တရုတ် | တစ်ယွမ် | ၁၈၇ ・ ၆၈ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၆ ・ ၇၇ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ လစ်သူရေးနီးယားနှင့် ခရိုအေးရှား သံအမတ်ကြီးများ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၁၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ လစ်သူရေးနီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စ အီတာ မာစီယိုလီယိုညက်သည် ယနေ့နံနက် ၁၀ နာရီတွင်လည်းကောင်း၊ ခရိုအေးရှားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ခရက်ဆို ဂလာဗာ့(ဂ်ျ) သည် ယနေ့နံနက် ၁၀ နာရီ ၃၅ မိနစ်တွင်လည်းကောင်း နေပြည်တော်ရှိ နိုင်ငံတော် သမ္မတအိမ်တော်၌ ၎င်းတို့၏ သံအမတ်ခန့်အပ်လွှာများကို ပေးအပ်ကြသည်။

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးထင်ကျော် ခရိုအေးရှားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ခရက်ဆို ဂလာဗာ့(ဂ်ျ)အား လက်ခံတွေ့ဆုံစဉ်**
(သတင်းစဉ်)

✻ *ရှေ့စုံးမှ*

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ချက်သမ္မတနိုင်ငံ သမ္မတဟောင်း မစ္စတာ ဗားစလဗ် ဟာဗယ်လ်နှင့် စပ်လျဉ်း၍ အမှတ်တရစကားပြောကြားသည်။

ယင်းနောက် ချက်သမ္မတနိုင်ငံ ပရာဟာမြို့မှ ဗားစလဗ်ဟာဗယ်လ် စာကြည့်တိုက် ဒါရိုက်တာ မစ္စတာ မီခဲလ်ရန် ကော့စကီးက ဗားစလဗ်ဟာဗယ်လ် ရုပ်ရှင်အကြောင်း ရှင်းလင်းတင်ပြပြီး ဗားစလဗ်ဟာဗယ်လ်၏ Living in Freedom ရုပ်ရှင်ကို ပြသသည်။



**ချက်သမ္မတနိုင်ငံ၏ ပထမဆုံးသမ္မတ**

ချက်သမ္မတနိုင်ငံ သမ္မတဟောင်း မစ္စတာ ဗားစလဗ်ဟာဗယ်လ်ကို ၁၉၃၆ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် ချက်ကိုစလိုဗားကီးယားနိုင်ငံ၏ သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရပြီး ၁၉၉၀ ပြည့်နှစ်တွင် ပါလီမန်မှတစ်ဆင့် သမ္မတအဖြစ် ထပ်မံရွေးကောက်တင်မြှောက်ခံရသည်။ ၁၉၉၂ ခုနှစ်တွင် သမ္မတရာထူးမှ နုတ်ထွက်ခဲ့ကာ ၁၉၉၃ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ချက်နှင့် စလိုဗက်ဟူ၍ နှစ်နိုင်ငံခွဲပြီးနောက် ချက်သမ္မတနိုင်ငံ၏ ပထမဆုံးသမ္မတ ဖြစ်လာခဲ့သည်။

၁၉၉၈ ခုနှစ်တွင် ချက်သမ္မတနိုင်ငံ၏ သမ္မတအဖြစ် ဒုတိယအကြိမ် ထပ်မံရွေးချယ်တင်မြှောက်ခံရသည်။ ၂၀၀၃ ခုနှစ်တွင် သမ္မတတာဝန်မှ အနားယူပြီးနောက် နိုင်ငံရေးဖြစ်စဉ်ဝေဖန်သုံးသပ်ခြင်းများ ဆက်လက်လုပ်ဆောင်ခဲ့ပြီး လူ့အခွင့်အရေးနှင့် လွတ်လပ်မှုအတွက် တက်ကြွစွာလှုံ့ဆော်ခဲ့ကာ ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် ကွယ်လွန်ခဲ့သည်။

**တက်ကြွစွာ ပါဝင်ဆောင်ရွက်**

ချက်သမ္မတနိုင်ငံသမ္မတဟောင်း မစ္စတာ ဗားစလဗ် ဟာဗယ်လ်သည် ပြဇာတ်ရေး ဆရာ၊ စာစီစာကုံးရေးဆရာ၊ အတွေးအခေါ်ပညာရှင်၊ လူ့အခွင့်အရေး ကာကွယ်သူ၊ ပဋိညာဉ် ၇၇ ၏ ပြောရေးဆိုခွင့်ရှိသူ၊ နိုင်ငံရေးအကျဉ်းသားဟောင်း၊ နိုင်ငံရေးအပြောင်းအလဲများ၏ ခေါင်းဆောင်ပုဂ္ဂိုလ်၊ ချက်ကိုစလိုဗားကီးယားနိုင်ငံနှင့် ချက်သမ္မတနိုင်ငံ၏ သမ္မတ၊ ကမ္ဘာ့နိုင်ငံရေးခေါင်းဆောင်၊ တက်ကြွစွာ ပါဝင်ဆောင်ရွက်သော နိုင်ငံသားအဖြစ် ထင်ရှားသူတစ်ဦးဖြစ်သည်။ **(သတင်းစဉ်)**

**ချက်သမ္မတနိုင်ငံ သမ္မတဟောင်း မစ္စတာ ဗားစလဗ် ဟာဗယ်လ်၏ အကြိမ်(၈၀)မြောက် နှစ်ပတ်လည်မွေးနေ့အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ကြသူများအား တွေ့ရစဉ်**
(သတင်းစဉ်)

# ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ အဋ္ဌမအကြိမ်မြောက် စည်းဝေး

**သတင်း-ဇော်ကြီး(ပဏ္ဍိတ)၊ ဓာတ်ပုံ-ဖေဇော်**

ရန်ကုန် နိုဝင်ဘာ ၁၇

**ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ အဋ္ဌမအကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ကမာရွတ်မြို့နယ်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(ရန်ကုန်)၌ ကျင်းပသည်။** (ယာပုံ)

အစည်းအဝေးတွင် JMC-U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် "ဒီအစည်းအဝေးမှာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီရဲ့ လုပ်ငန်းစဉ်နဲ့ပတ်သက်ပြီး အကောင်အထည်ဖော်တဲ့နေရာမှာ အားသာချက်၊ အားနည်းချက်တွေကို တင်ပြသွားမှာဖြစ်ပါတယ်။ JMC အနေနဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေကို ဆောင်ရွက်နိုင်ဖို့အတွက် အတတ်နိုင်ဆုံး ပစ်ခတ်မှုမရှိအောင် ဆောင်ရွက်ဖို့လိုပါတယ်။ ဒီကာလအတွင်းမှာ RCSS နဲ့ တပ်မတော်တို့ တိုက်ပွဲဖြစ်ခဲ့တာရှိပါတယ်။ သို့သော်လည်း ဒီတိုက်ပွဲ ဖြစ်တာနဲ့ပတ်သက်လို့ ပထမဆုံးအကြိမ် စိစစ်အတည်ပြုရေးအဖွဲ့တွေ စေလွှတ်ခဲ့ပါတယ်။ အဲဒီအဖွဲ့အနေနဲ့လည်း ဘယ်သူကတော့ မှန်တယ်၊ မှားတယ်စသည်ဖြင့် နောက်ထပ်မဖြစ်အောင်၊ ထိတွေ့တိုက်ခိုက်မှုတွေ လျှော့ချနိုင်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဆောင်ရွက်ခဲ့ပါတယ်"ဟု ပြောကြားသည်။

ဆက်လက်၍ "နိုင်ငံရေးဆွေးနွေးပွဲတွေ စနစ်တကျ ဆောင်ရွက်နိုင်အောင်၊ ပစ်ခတ်တိုက်ခိုက်မှုတွေ လျှော့ချနိုင်အောင် ဆွေးနွေးသွားမယ်။ နောက်တစ်ချက်ကတော့ ဖြစ်ပေါ်လာတဲ့ အခြေခံအကြောင်းအရင်းတွေနဲ့ ပတ်သက်ပြီး နောင်ထပ်မံမဖြစ်ပွားနိုင်အောင် တကယ့်အခြေခံအကြောင်းအရင်း အစစ်အမှန်တွေကို ရှာဖွေဖို့လိုပါတယ်။ ရှာဖွေပြီးတော့မှ နှစ်ဖက်ညှိနှိုင်းပြီး ဖြေရှင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

ထို့နောက် JMC-U ဒုတိယဥက္ကဋ္ဌ (၁) စောအိုင်းဇက်ဖိုးက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် "ဒီနေ့ဆိုရင် NCA စာချုပ်ချုပ်ခဲ့တာ တစ်နှစ်၊ တစ်လနဲ့ နှစ်ရက်ရှိသွားပါပြီ။ ဒီစာချုပ်မှာပါဝင်ပြီး လက်မှတ်ထိုးခဲ့ကြတဲ့ခေါင်းဆောင်ကြီးများနဲ့တကွ ကျွန်တော်တို့ သက်ဆိုင်ရာအဖွဲ့အစည်း အစုအဖွဲ့တွေကနေ ဒီစာချုပ်ကို တာဝန်ယူတာဝန်ခံရမှာဖြစ်သလို စာချုပ်ပါ အချက်အလက်တွေကို အကောင်အထည်ဖော်ရမှာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

အစည်းအဝေးကို သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ JMC-S ခေါင်းဆောင်များက လေ့လာသူများအဖြစ် တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ နည်းပညာအထောက်အကူပြုကော်မတီ (JMC-TSC) ယာယီရုံးအဖွဲ့၏ ဘဏ္ဍာရေးနှင့် လုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အစီရင်ခံစာကိုတင်ပြခြင်း၊ JMC-TSC အလုပ်အဖွဲ့နှင့် UNDP တို့အကြား ညှိနှိုင်းရေးဆွဲထားသော ဘတ်ဂျက်(မူကြမ်း)ကို ဆွေးနွေးအတည်ပြုခြင်း၊ လုပ်ထုံးလုပ်နည်း (SOP) များအား ဆွေးနွေးအတည်ပြုခြင်း၊ JMC-U ၏ သတ္တမအကြိမ်နှင့် အဋ္ဌမအကြိမ် အစည်းအဝေး ကြားကာလအတွင်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ အကောင်အထည်ဖော်မှုများအား ဆွေးနွေးခြင်း၊ JMC-S (ချင်း) ဖွဲ့စည်းရေး ဆွေးနွေးခြင်း၊ ရှမ်းပြည်နယ်အတွင်းဖြစ်ပွားခဲ့သည့် ဖြစ်စဉ်အပေါ် စိစစ်အတည်ပြုရေးအဖွဲ့၏ အစီရင်ခံစာတင်ပြခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့အပြင် အထွေထွေဆွေးနွေးမှုများအဖြစ် JMC-U ဒုတိယဥက္ကဋ္ဌ (၂) တာဝန်လွှဲပြောင်းခြင်း၊ နယ်မြေသတ်မှတ်မှုကိစ္စအားဆွေးနွေးခြင်း၊ မိုင်းရှင်းလင်းရေးကိစ္စအား ဆွေးနွေးခြင်းများကို ပြုလုပ်သွားမည်ဖြစ်ရာ ယနေ့ အစည်းအဝေးတွင် JMC-TSC ယာယီရုံးအဖွဲ့၏ ဘဏ္ဍာရေးနှင့်လုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အစီရင်ခံစာကို တင်ပြခြင်းနှင့် JMC-U ၏ သတ္တမအကြိမ်နှင့် အဋ္ဌမအကြိမ် အစည်းအဝေးကြားကာလအတွင်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ အကောင်အထည်ဖော်မှုများအား အဓိကထားဆွေးနွေးခဲ့ကြောင်း သိရသည်။



# သန်လျင်တံတားအမှတ် (၃)တည်ဆောက်ရန်အတွက် ဂျပန်ယန်းငွေ ၃၁၀၅၁ သန်း ချေးယူခွင့်ပြုနိုင်ရန် လွှတ်တော်၌တင်ပြ

**နေပြည်တော် နိုဝင်ဘာ ၁၇**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပသည်။ **(ယာပုံ)**




အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီထံမှ ချေးငွေရယူရန်ကိစ္စနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က သန်လျင်မြို့နယ်၌ သီလဝါအထူးစီးပွားရေးဇုန် ပေါ်ပေါက်လာပြီဖြစ်သည့်အတွက် ယာဉ်နှင့် ကုန်စည်စီးဆင်းမှုများတိုးတက်လာပြီး ယာဉ်ကြောပိတ်ဆို့မှု များပြားလာသည့်အပြင် လက်ရှိသန်လျင်တံတား အမှတ်(၁)မှာလည်း ခံနိုင်ဝန် ၃၂ တန်သာရှိသည့်အတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီထံမှ ချေးငွေရယူပြီး သန်လျင်တံတား အမှတ် (၃) တည်ဆောက်ရန် လိုအပ်ပါကြောင်း၊ အဆိုပါတံတားတည်ဆောက်ခြင်းဖြင့် နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအပါအဝင် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် ဂျပန်ယန်းငွေ ၃၁၀၅၁ သန်း ချေးယူခွင့်ပြုနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသူရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာသည်။

အလားတူ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေးဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေမှ ချေးငွေရယူရန်ကိစ္စနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေးနှင့်ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေမှ အမေရိကန် ဒေါ်လာ ၆၁ ဒသမ ၃ သန်းနှင့် ညီမျှသော ကိုရီးယားငွေကို ချေးယူပြီး တွံတေးတူးမြောင်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် တွံတေးတူးမြောင်းအတွင်း ရေကြောင်းသွားလာမှု လုံခြုံစိတ်ချရစေခြင်း၊ ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်လာစေခြင်း၊ ခရီးသွားလုပ်ငန်းတိုးတက်လာနိုင်စေခြင်း၊ ကမ်းပြိုကမ်းစားမှုနှင့် ရေကြီးရေလျှံမှုတို့မှ ကာကွယ်နိုင်သဖြင့် စိုက်ပျိုးမြေဆုံးရှုံးမှု လျော့နည်းစေခြင်းနှင့် ဒေသခံပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို လုံခြုံစေခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်သောကြောင့် ချေးငွေကို ချေးယူခွင့်ပြုနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသူရှိပါက အမည်စာရင်းပေးသွင်းနိုင်ကြောင်းကြေညာသည်။

ထို့နောက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီး ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ရှင်းလင်းတင်ပြကြသည်။

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပညာရေးဝန်ကြီးဌာနအနေဖြင့် သာမန်အသုံးစရိတ်ခေါင်းစဉ်၌ လစာနှင့် စရိတ်ချီးမြှင့်ငွေ၊ ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရန်ငွေ၊ နှစ်စဉ်ကြေးလိုငွေ၊ ပညာသင်ထောက်ပံ့ကြေး၊ အစားအစာနှင့်ရိက္ခာ၊ ကြော်ငြာခ၊ ပြည်ပအကူအညီရငွေတို့ ပါဝင်ပါကြောင်း၊ ငွေလုံးငွေရင်းအသုံးစရိတ်ခေါင်းစဉ်၌ ကုန်သွယ်လုပ်ငန်းခွန်၊ မြေယာလျော်ကြေးပေးချေရန်တို့ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ဖြည့်စွက်ငွေကျပ် ၉၉၄၁၁ ဒသမ ၉၂၀ သန်းကို ခွင့်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်းက မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၂၀၁၆-၂၀၁၇ခုနှစ် ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ်မှာ မူလအသုံးစရိတ်ထက် ပြုပြင်ပြီးခန့်မှန်းခြေငွေကျပ် ဘီလီယံ ၁၃၀ ကျော် ပိုမိုများပြားရခြင်းမှာ ပုဂ္ဂလိကဘဏ်များမှ အပ်နှံသည့်ငွေအပေါ် အတိုးပေးရခြင်း၊ နိုင်ငံခြားချေးငွေ ပေးချေမှုအပေါ် ကော်မရှင်က စရိတ်ပေးချေရခြင်းနှင့် ရုံးသုံးစက် ပြင်ဆင်ထိန်းသိမ်းစရိတ်တို့ကြောင့် ဖြစ်ပါကြောင်း၊ ငွေလုံးငွေရင်းစရိတ်တွင် မူလခန့်မှန်းခြေထက် ပြုပြင်ပြီး ခန့်မှန်းခြေတွင် ငွေကျပ် ၀ ဒသမ ၃၂၉၀၅၄ ဘီလီယံ များပြားရခြင်းမှာ အဆောက်အအုံ တည်ဆောက်ခြင်း၊ ငွေသယ်ယာဉ်ပတ်လမ်းနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက်ဆောင်ရွက်ခြင်း၊ မော်တော်ယာဉ်ဝယ်ယူခြင်းတို့ကြောင့် များပြားလာရခြင်းဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးအေးသာအောင်က ပြည်ထောင်စု လွှတ်တော်ရုံးအတွက် သာမန်အသုံးစရိတ် မူလခွင့်ပြုရန်ပုံငွေမှာ ငွေကျပ် ၁၂၄၆ ဒသမ ၈၉၆ သန်း ဖြစ်ပါကြောင်း၊ သို့ရာတွင် (၃၇) ကြိမ်မြောက် AIPA အထွေထွေညီလာခံ အသုံးစရိတ်အတွက် ဖြည့်စွက်တောင်းခံငွေကျပ် သန်း ၁၄၀ ဖြစ်သည့်အတွက် ပြုပြင်ပြီး လျာထားချက်မှာ ငွေကျပ် ၁၃၈၆ ဒသမ ၈၉၆ သန်း ဖြစ်ပါကြောင်း၊ AIPA အထွေထွေညီလာခံ အသုံးစရိတ်များကို ထည့်သွင်း တောင်းခံခဲ့ခြင်းမရှိပါကြောင်း၊ ငွေလုံးငွေရင်းအသုံးစရိတ်တွင် ဝန်ထမ်းအိမ်ရာ သုံးလုံးအတွက် ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်း ပေးချေရန် ငွေကျပ် ၁၃၇ ဒသမ ၅၀၂ သန်းတို့ကို အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ၂၀၁၅-၂၀၁၆ခုနှစ် ဖြည့်စွက်တောင်းခံငွေတွင် ပြည်ထောင်စုဝန်ကြီးရုံး အပါအဝင် အဖွဲ့အစည်း ၁၆ ခုမှ သာမန်အသုံးစရိတ်အတွက် ငွေကျပ် ၃၀၁၆၅၃ ဒသမ ၁၄၆ သန်း၊ ငွေလုံးငွေရင်း အသုံးစရိတ် ငွေကျပ်သန်း ၁၆၈၆ ဒသမ ၂၄၀ နှင့် ကြွေးမြီအသုံးစရိတ်ငွေကျပ်သန်း ၆၅၁၀ ကို တင်ပြတောင်းခံထားပါကြောင်း၊ သာမန်အသုံးစရိတ်တွင် ဝန်ကြီးရုံးနှင့် လက်အောက်ဦးစီးဌာနများ ၏ လစာစရိတ်၊ ချီးမြှင့်ငွေ၊ ခရီးစရိတ်၊ လုပ်အားခနှင့် ပြုပြင်ထိန်းသိမ်းရေးစရိတ်၊ လွှဲပြောင်းသုံးစွဲငွေနှင့် ဧည့်ခံကျွေးမွေးစရိတ်တို့ ဖြစ်ပါကြောင်း၊ ငွေလုံးငွေရင်းစရိတ်တွင် ဝန်ကြီးရုံး အမိုးမိုးခြင်း၊ ရေ၊ မီးကိစ္စဆောင်ရွက်ခြင်း၊ ပြည်နယ်ရုံးများ မွမ်းမံခြင်းတို့ ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ ကြွေးမြီအသုံးစရိတ်တောင်းခံရခြင်းမှာ နိုင်ငံခြားငွေလဲလှယ်နှုန်း မြင့်မားလာသည့်အတွက် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

အလားတူ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နေပြည်တော်ကောင်စီနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့မှ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြည့်စွက်ရန်ပုံငွေတောင်းခံခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

**(သတင်းစဉ်)**

# နွေရာသီကျောင်းပိတ်ရက်များတွင် တိုင်းရင်းသားစာပေယဉ်ကျေးမှုသင်တန်းများဖွင့်လှစ်ခြင်းကို အားပေးကူညီဆောင်ရွက်မည်

**နေပြည်တော် နိုဝင်ဘာ ၁၇**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

အစည်းအဝေးတွင် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်နန်းမိုးမိုးထွေး၏ **တိုင်းရင်းသားမျိုးနွယ်စုအသီးသီးမှ ကျင်းပပြုလုပ်သည့် နွေရာသီကျောင်းပြင်ပ စာပေယဉ်ကျေးမှုသင်တန်းများတွင် ရန်ပုံငွေ ပံ့ပိုးကူညီပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်သည် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်ဟူသော ပြဋ္ဌာန်းချက်နှင့်အညီ ရိုးရာယဉ်ကျေးမှုကို မြှင့်တင်ရန် တိုင်းရင်းသားမျိုးနွယ်စုအသီးသီးတို့သည် နွေရာသီကျောင်းပိတ်ရက်များတွင် မိမိတို့၏ တိုင်းရင်းသားစာပေယဉ်ကျေးမှုသင်တန်းများဖွင့်လှစ်သင်ကြားပေးခြင်းကို အထူးကြိုဆိုပါကြောင်း၊ ထိုသို့ သင်တန်းများဖွင့်လှစ်ခြင်းကို အားပေးကူညီဆောင်ရွက်မည်ဖြစ်ပါကြောင်း။



**ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်**

နွေရာသီ တိုင်းရင်းသားစာပေယဉ်ကျေးမှု သင်တန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ တရားဝင်ကျင်းပပြုလုပ်နိုင်ရန် လိုအပ်သည့် ရန်ပုံငွေ အပြည့်အဝမဟုတ်သည့်တိုင် အသိအမှတ်ပြု ထောက်ပံ့ပေးနိုင်ရေးအတွက် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ သက်ဆိုင်ရာ အစိုးရအဖွဲ့များ၏ ရသုံးမှန်းခြေ ငွေစာရင်းတွင် နှစ်စဉ်ထည့်သွင်းရေးဆွဲရန် လိုအပ်ပါကြောင်း။

၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် တိုင်းရင်းသားရေးရာကိစ္စရပ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဥပဒေပါပြဋ္ဌာန်းချက်နှင့်အညီ သက်ဆိုင်ရာအစိုးရအဖွဲ့များ၏ ရသုံးမှန်းခြေ ငွေစာရင်းတွင် ထည့်သွင်းတွက်ချက် တောင်းခံမှုပြုနိုင်ရန် ၂၀၁၆ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် လည်းကောင်း၊ ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် လည်းကောင်း ဝန်ကြီးဌာနက တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ စာဖြင့်ညှိနှိုင်းအကြောင်းကြားခဲ့ပါကြောင်း၊ ထို့အပြင် ၂၀၁၆ ခုနှစ် စက်တင် ဘာ ၂၉ ရက်တွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ ညှိနှိုင်းအစည်းအဝေးတွင် ထည့်သွင်းဆွေးနွေးတိုက်တွန်းခဲ့ပါကြောင်း။



**ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဒေါ်နန်းမိုးမိုးထွေး**

စာသင်ကျောင်းများ၌ တရားဝင်သင်ကြားရေးနှင့်ပတ်သက်၍ ပညာရေးဝန်ကြီးဌာန အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ၂၀၁၆ - ၂၀၂၁ သည် နိုင်ငံတော်ရှိ တိုင်းရင်းသားများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်များ၏ အနှစ်သာရများကို ထောက်ပံ့မြှင့်တင်ပေးနိုင်ရန် အဓိကရည်ရွယ်ချက်ထားရှိသည့်အတွက် ညှိနှိုင်းဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ နွေရာသီ စာပေယဉ်ကျေးမှုသင်တန်းများကို အခြေခံပညာကျောင်းများ၌ သင်ကြားရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ပညာရေးဌာနနှင့် ပေါင်းစပ်ဆောင်ရွက်နိုင်ရန်၊ သင့်တင့်သည့် ရန်ပုံငွေကို ထောက်ပံ့ချီးမြှင့်နိုင်ရန်အတွက် ရသုံးမှန်းခြေငွေစာရင်းတွင် နှစ်စဉ်ထည့်သွင်းရေးဆွဲရေးတို့ကို စီမံဆောင်ရွက်နိုင်ရန် လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှတစ်ဆင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ အဖွဲ့အသီးသီးသို့ အကြောင်းကြားသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးရှန်အောရ်၏ **ချင်းပြည်နယ် ဟားခါးမြို့နယ်အတွင်းရှိ ဆူရ်ခွားကျေးရွာ (Sur Khua)အား မြို့အဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ဆူရ်ခွားကျေးရွာကို မြို့အဖြစ် တိုးမြှင့်ပေးရန် မြို့အင်္ဂါရပ်သတ်မှတ်ချက် ၂၁ ချက်နှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ရာ သတ်မှတ်ချက် ၁၀ ချက်ကိုက်ညီမှုရှိပြီး ကျန်သတ်မှတ်ချက် ၁၁ ချက်ကို စိစစ်ဆောင်ရွက်နေဆဲဖြစ်ပါကြောင်း၊ ထို့အပြင် ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် ကျင်းပသည့် ချင်းပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေး၌ ခေတ္တဆိုင်းငံ့ထားရန် ဆုံးဖြတ်ထားပါကြောင်း၊ လက်ရှိအခြေအနေတွင် မြို့အဖြစ် ဖွဲ့စည်းရန်မရှိပါကြောင်း ဖြေကြားသည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း၊

*စာမျက်နှာ ၅ သို့*

# လူသားချင်းစာနာထောက်ထားသည့် အကူအညီများနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၇**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဂျာမန်အောက်လွှတ်တော်ဒုတိယဥက္ကဋ္ဌ H.E. Mr. Johannes Singhammer နှင့်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် လည်းကောင်း၊ ဂျပန်နိုင်ငံ အထက်လွှတ်တော်အမတ်ဟောင်းနှင့် ဂျပန်-မြန်မာအသင်း ဥက္ကဋ္ဌ Mr. Hideo WATANABE အား ညနေ ၄ နာရီတွင် လည်းကောင်း နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

ဂျာမန်အောက်လွှတ်တော်ဥက္ကဋ္ဌနှင့် တွေ့ဆုံစဉ် လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ လွှတ်တော်အနေဖြင့် IPU၊ AIPA အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

ဂျပန်-မြန်မာအသင်းဥက္ကဋ္ဌနှင့်တွေ့ဆုံစဉ် ဂျပန်-မြန်မာနှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လူသားချင်းစာနာထောက်ထားသည့် အကူအညီများနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဂျပန်နိုင်ငံ အထက်လွှတ်တော်အမတ်ဟောင်းနှင့် ဂျပန်-မြန်မာအသင်း ဥက္ကဋ္ဌ Mr. Hideo WATANABE အား တွေ့ဆုံစဉ်

# ရှမ်းပြည်သာ၊ လှိုင်သာယာမြို့နယ်များတွင် ပြည်သူများဘေးအန္တရာယ်ဖြစ်စေနိုင်၍ ဆိုင်ကယ်စီးနင်းခြင်းခွင့်ပြုနိုင်ခြင်းမရှိသေး

နေပြည်တော် နိုဝင်ဘာ ၁၇

**အိမ်အကူအလုပ်သမားများအပါအဝင် အလုပ်သမားများခန့်ထားရာတွင် ပြဋ္ဌာန်း ထားသော ဥပဒေနှင့်အညီ အလုပ်သမားမှတ်ပုံတင်ထားပြီးမှ ခန့်ထားရန်နှင့် အလုပ်ရှင်များမှ အလုပ်သမားများကို အဓမ္မခိုင်းစေခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းကဲ့သို့သော ဥပဒေမဲ့လုပ်ရပ်များမလုပ်နိုင်ရန် ကာကွယ်တားဆီးပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လက်ခံဆွေးနွေးရန် သဘောတူကြောင်း ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ဆုံးဖြတ်လိုက်သည်။**

ယင်းအဆိုကို ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုးက ပြည်သူ့လွှတ်တော်တတိယပုံမှန်အစည်းအဝေး၏ ဒုတိယနေ့တွင် တင်သွင်းခဲ့ခြင်းဖြစ်သည်။

အဆိုရှင် ဒေါ်အေးမြမြမျိုးက အလုပ်ရှင်များမှ ဥပဒေကို လိုက်နာမှုအားနည်းခြင်း၊ အလုပ်သမားဘက်မှ ဥပဒေကို သိရှိနားလည်မှု အားနည်းခြင်း၊ လုပ်ငန်းခွင်အခြေအနေကို တာဝန်ရှိသူများက ပုံမှန်စစ်ဆေးပေးရန် ပျက်ကွက်ခြင်း၊ အလုပ်ရှင်၊ အလုပ်သမားပြဿနာများ မကြာခဏဖြစ်ပေါ်နေခြင်း၊ အားနည်းသော အမျိုးသမီးများ၊ ကလေးသူငယ်များကို အဓမ္မခိုင်းစေခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းတို့ကို တားဆီးရန်၊ ဥပဒေအကာအကွယ်ပေးရန်နှင့် ဘေးကင်းလုံခြုံသည့် လုပ်ငန်းခွင်များဖြစ်ရန် လိုအပ်နေသည့်အတွက် အဆိုကို တင်သွင်းရခြင်းဖြစ်ကြောင်းရှင်းလင်းပြောကြားသည်။

ထို့ပြင် အဆိုရှင်က မြို့နယ်တိုင်းတွင် အလုပ်သမားညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များ၊ စွမ်းရည်မြှင့်တင်ရေးအဖွဲ့များဖွဲ့စည်းကာ လုပ်ငန်းခွင်အခြေအနေကို စစ်ဆေးကြီးကြပ်စေခြင်း၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင်အခြေအနေ စစ်ဆေးတွေ့ရှိချက်ကို လစဉ်အစီရင်ခံစေပြီး ဥပဒေနှင့် ညီညွတ်ခြင်းမရှိလျှင်၊ အဓမ္မခိုင်းစေခြင်းပြုလုပ်လျှင် ထိရောက်စွာအရေးယူစေခြင်း၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်ညီညွတ်သော ဘေးကင်းသာယာသော လုပ်ငန်းခွင်ဖန်တီးပေးသည့် အလုပ်ရှင်များကိုလည်း ချီးကျူးဂုဏ်ပြုစေခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသင့်ကြောင်း အကြံပြုတင်ပြခဲ့သည်။



ဒုတိယဝန်ကြီး
ဦးကျော်မျိုး

အဆိုနှင့်ပတ်သက်၍ လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူ မရှိသည့်အတွက် ယင်းအဆိုကို ပြည်သူ့လွှတ်တော်တွင် လက်ခံဆွေးနွေးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ယနေ့ အစည်းအဝေးတွင် ရှမ်းပြည်သာမဲဆန္ဒနယ်မှ ဦးညဏ်လင်း၏ **ရှမ်းပြည်သာမြို့နယ်၊ လှိုင်သာယာမြို့နယ် စသည့်မြို့သစ်များနှင့် ယာဉ်ကြောပိတ်ဆို့မှုမရှိသော မြို့နယ်များတွင် မော်တော်ဆိုင်ကယ်စီးနင်းခွင့်ပြုရန်နှင့် သက်ဆိုင်ရာ မြို့နယ်အလိုက် မော်တော်ဆိုင်ကယ် စီးနင်းခွင့်လိုင်စင်များ ပြုလုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက လူဦးရေထူထပ်သော အဆိုပါမြို့နယ်များ၌ မော်တော်ဆိုင်ကယ်စီးနင်းမှုကြောင့် ပြည်သူများ ဘေးအန္တရာယ်ဖြစ်စေနိုင်၍ လတ်တလော အခြေအနေအရ မော်တော်ဆိုင်ကယ်စီးနင်းခြင်းကို ခွင့်ပြုနိုင်ခြင်းမရှိသေးပါကြောင်းနှင့် လိုင်စင်ထုတ်ပေးခြင်းမရှိသေးကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဖြေကြားထားပါကြောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အနေဖြင့်လည်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဖြေကြားချက်ပါအတိုင်း ပြည်သူများ ဘေးအန္တရာယ်ဖြစ်စေနိုင်သဖြင့် လတ်တလောအခြေအနေတွင် မော်တော်ဆိုင်ကယ်စီးနင်းမှုအား ခွင့်ပြုနိုင်ခြင်းမရှိပါကြောင်း ဖြေကြားသည်။



ရှမ်းပြည်သာမဲဆန္ဒနယ်မှ
ဦးညဏ်လင်း

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက မင်္ဂလာဒုံ မဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင်း၏ **မင်္ဂလာဒုံမြို့နယ်ရှိ အခြေခံပညာကျောင်းများတွင် ဆရာ၊ ဆရာမ အင်အားထပ်မံဖြည့်တင်းပေးရန်နှင့် စာသင်ခန်းများ ထပ်မံဆောက်လုပ်ပေးရန် အစီ အစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ပညာရေးဝန်ကြီးဌာနရန်ပုံငွေမှ စုစုပေါင်း ငွေ ကျပ် ၆၅၉၀ ဒသမ ၁ သိန်းကို မင်္ဂလာဒုံမြို့နယ်အတွက် ခွဲဝေခွင့်ပြုပေးထားပါကြောင်းနှင့် ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးနိုင်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး၏ **၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ကလေးတက္ကသိုလ်တွင် နေ့သင်တန်း ဥပဒေပညာဘာသာရပ် တိုးချဲ့ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကလေးဒေသအတွင်းလိုအပ်ချက်ဖြစ်သည့် ဥပဒေပညာရပ်နှင့် စိတ်ပညာဘာသာရပ်ကို တိုးချဲ့သင်ကြားနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာနအနေဖြင့် တက္ကသိုလ်ဝင်ခွင့် လမ်းညွှန်စာအုပ်ကို တစ်ပြည်လုံးသို့ ဖြန့်ဝေပြီးဖြစ်ပါကြောင်း၊ သင်တန်းသားများလည်း လျှောက်ထားပြီးဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ကလေးတက္ကသိုလ်တွင် ဥပဒေပညာနှင့် စိတ်ပညာသင်တန်းများ တိုးချဲ့သင်ကြားဆောင်ရွက်ခြင်းကို ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ဆက်လက်ဖြေကြားသည်။

ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၏ **ပြည်မြို့နယ်ရှိ နည်းပညာတက္ကသိုလ်တွင် IT, MC နှင့် Petroleum Major များကို ပြန်လည်ခေါ်ယူပေးရန်နှင့် အခြားခေတ်နှင့် လျော်ညီသော Major များ ဖွင့်လှစ်ပေးသွားရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နောင်တွင်ဆောင်ရွက်မည့် ပညာရေးစီမံကိန်းများကို အမျိုးသားပညာရေးကော်မရှင်၏ မူဝါဒနှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့၏ လိုအပ်ချက်နှင့်ညှိနှိုင်း၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်ရှိပါကြောင်း၊ ပြည်မြို့ နည်းပညာတက္ကသိုလ်တွင် လိုအပ်သည့် ခေတ်မီနည်းပညာဘာသာရပ်များကို ဒေသ၏ လိုအပ်ချက်နှင့်အညီ ပေါင်းစပ်ဖြည့်ဆည်းဖွင့်လှစ်ပေးမည် ဖြစ်ပါကြောင်း ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ဖြေကြားသည်။

ထို့ပြင် ယနေ့အစည်းအဝေး၌ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၊ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်းနှင့် ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးမျိုးညွန့်တို့၏ ပို့ဆောင်ဆက်သွယ်ရေးနှင့် ပညာရေးဆိုင်ရာ မေးခွန်းများကိုလည်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းတို့က ပြန်လည်ဖြေကြားခဲ့ကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ မြန်မာ့ပိုင်နက် ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုများကို လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

**(သတင်းစဉ်)**

*စာမျက်နှာ ၄ မှ*

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင်နှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ်တို့၏ သာသနာရေးနှင့် ပြည်ထဲရေးကဏ္ဍဆိုင်ရာ မေးခွန်းများနှင့် စပ်လျဉ်း၍ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးတို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**အား လက်ခံရရှိကြောင်းနှင့် အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ကို နိုဝင်ဘာ ၁၈ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

✳ *ကျောဖုံးမှ*

မန္တလေးမြို့သည် အချက်အချာကျသည့် မြို့ဖြစ်ပြီး အနယ်နယ်အရပ်ရပ်မှ ရောက်ရှိလာသည့် ခရီးသည်များ တစ်နေရာမှ တစ်နေရာသို့ ကူးပြောင်းသွားလာရာတွင် Transit ပြုလုပ်ရမည်ဖြစ်သည့်အတွက် ခရီးသည်များ သက်သောင့်သက်သာနှင့် လုံခြုံမှုရှိစေရန်၊ ယာဉ်များကို ဂိတ်နံပါတ်အလိုက် အဝင်နေရာနှင့် ဆိုက်ရောက်နေရာများ စီစဉ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ယာဉ်စီးလက်မှတ်ဝယ်ပြီးတာနဲ့ ဘယ်ဂိတ်နံပါတ်မှာ စီးရမယ်ဆိုတာ မှားစရာမရှိတော့ဘူး။ ဆိုက်ရောက်နေရာမှာ Taxi ဂိတ်နဲ့ နီးအောင်လုပ်ထားမယ်။ လက်ဆောင်ပစ္စည်းဝယ်တောင် ဒီမှာတင်ဝယ်သွားလို့ရအောင် စနစ်တကျစီစဉ်ပေးထားမယ်"ဟု ဆက်လက်ပြောကြားသည်။

အဆိုပါယာဉ်ရပ်နားစခန်းမှာ ဧရိယာ ၁၄ ဒသမ ၂ ဧကကျယ်ဝန်းပြီး လက်ရှိအချိန်တွင် တိုင်းဒေသကြီးအတွင်းနှင့် အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ သယ်ယူပို့ဆောင်နေသည့် ယာဉ်အသင်းပေါင်း ၁၅၆ သင်းရှိ၍ ယာဉ်စီးရေ ၁၇၀၀ ကျော်မှ နေ့စဉ် အစီးရေ ၃၅၀ ကျော် သယ်ယူပို့ဆောင်ပေးနေကြောင်း သိရသည်။

"ရန်ကုန်-နေပြည်တော်-မန္တလေး ခရီးစဉ်ပြေးဆွဲနေတဲ့ အဆင့်မြင့် လေအိတ်ကားအပါအဝင် ဂိတ်ပေါင်း ၁၀၀ ကျော်ရှိတယ်။ ယာဉ်တွေဆိုက်ရောက်၊ ရပ်နားဖို့ အဆင့်မြင့်နေရာတွေ စနစ်တကျရှိလာမယ်"ဟု ယာဉ်လုပ်ငန်းများ ကြီးကြပ်မှုကော်မတီ (အဝေးပြေး)ဥက္ကဋ္ဌ ဦးအောင်ကျော်လင်းက ပြောသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တင်ဒါအောင်မြင်သည့် M-development Corporation Myanmar Co.Ltd., အား ချမ်းမြရှေပြည်ခရီးသည်တင်ယာဉ်ရပ်နားစခန်း အဆင့်မြှင့်တင်ရေးလုပ်ငန်းစီမံကိန်းဆောင်ရွက်ရန် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီဆောင်ရွက်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စိစစ်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

## နေရာကွက်ကျား မိုးထစ်ချုန်းနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၇** - နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ **(မိုး/ဇလ)**

# မြန်မာဘောလုံး တိုးတက်ဖို့ဆိုရင်(၂)

**သူရအေး**

**မည်သည့်အားကစားနည်းမဆို နည်းပြကောင်းမှ တိုးတက်နိုင်သကဲ့သို့ ဘောလုံးအားကစားနည်းတွင်လည်း နည်းပြကောင်းမှတိုးတက်မည်ဖြစ်ရာ နည်းပြကောင်းများ ရရှိအောင် စီမံဆောင်ရွက်ရပါမည်။ နည်းပြဆိုရာတွင်လည်း အရေအတွက်ရော အရည်အချင်းပါ ပြည့်စုံအောင် စီမံရပါမည်**

မြန်မာဘောလုံးတိုးတက်စေချင်သည့် ဆန္ဒဖြင့် “မြန်မာဘောလုံးတိုးတက်ဖို့ဆိုရင်” ခေါင်းစဉ်တပ်ပြီး အရင်တလောကရေးခဲ့ပြီးပါပြီ။ ယခု ထပ်ပြီးရေးချင်တဲ့ အချက်ကလေးတွေ ခေါင်းထဲပေါ်လာသဖြင့် မြန်မာဘောလုံးတိုးတက်ဖို့ဆိုရင် အပိုင်း(၂)ကို ဆက်ပြီး ရေးသွားမှာပါ။ မြန်မာဘောလုံး အဆင့်အတန်းတိုးတက်မြင့်မားဖို့အတွက် တစ်ထောင့်တစ်နေရာကဝင်ပြီး ထမ်းသည့်သဘောပဲဖြစ်ပါသည်။ အဘက်ဘက်က ပြုပြင်သင့်တာတွေ ပြုပြင်၊ ဖြည့်ဆည်းသင့်တာတွေဖြည့်ဆည်းကြမှ မြန်မာတစ်မျိုးသားလုံး စွဲမက်ခဲ့ကြသည့် မြန်မာ့ဘောလုံးတိုးတက်လာမှာ အမှန်ပဲဖြစ်ပါသည်။ တကယ်လုပ်ကြတဲ့အခါမှာလည်း ဖြစ်နိုင်တာနှင့် ဖြစ်သင့်တာချင့်ချိန်ပြီး ဖြစ်နိုင်သည့်လုပ်ရပ်များကို ဖြစ်သင့်သလောက် လက်တွေ့ကျကျလုပ်သွားကြဖို့ အကြံပြုလိုပါသည်။ ယခင်တစ်ပတ်ရေးခဲ့ရာတွင် မြန်မာဘောလုံးတိုးတက်ဖို့အတွက်၊ (၁) Intergrated Effort ဖြင့် စုပေါင်းဆောင်ရွက်ကြဖို့၊ (၂) ထူးချွန်လူငယ်အားကစားသမားများ စဉ်ဆက်မပြတ်ရှာဖွေစုဆောင်း လေ့ကျင့်ဖို့ (Talented Scouting)၊ (၃) အားကစားနှင့်ပညာရေး ပေါင်းစပ်ဆောင်ရွက်ဖို့၊ (၄) ဘောလုံးသမားလူငယ်များ ရွေးချယ်ရာတွင် အရပ်အမောင်းနှင့် ကိုယ်ကာယကြံ့ခိုင်မှုကို ဦးစားပေးရွေးချယ်ဖို့၊ (၅) ဘောလုံးသမားလူငယ်များကို အားကစားသမားစိတ်ဓာတ် (Sportsman Spirit)နှင့် အောင်စိတ်၊ နိုင်စိတ် (Winning Spirit)တို့ ရိုက်သွင်းပေးဖို့၊ (၆) ဘောလုံးသမားလူငယ်များကို ငယ်ရွယ်စဉ်မှစ၍ စည်းကမ်းပိုင်းလေးစားလိုက်နာရန် သင်ကြားပေးဖို့ စသည် တို့ကို ရေးသားခဲ့ပါသည်။

ယခုတစ်ပတ်မှာ ပထမဦးဆုံးတင်ပြလိုသည့်အချက်ကတော့ အားကစားကွင်း၊ အားကစားရုံများ ပြည့်စုံလုံလောက်အောင် ဖန်တီးတည်ဆောက်ပေးဖို့ပဲဖြစ်ပါသည်။ အားကစားတိုးတက်ဖို့ဆိုရာတွင် အားကစားလေ့ကျင့်ယှဉ်ပြိုင်ဖို့ကွင်းများ၊ ရုံများ လုံလောက်စွာမရှိဘဲ မဖြစ်နိုင်ပါ။ ဘောလုံးတိုးတက်ဖို့အတွက်ဆိုလျှင်လည်း လူငယ်များဘောလုံးလေ့ကျင့်ယှဉ်ပြိုင်နိုင်ဖို့ ဘောလုံးကွင်းများ လုံလောက်အောင် တည်ဆောက်ပေးသင့်ပါသည်။ မြို့နယ်တိုင်းတွင် ခြံစည်းရိုး၊ ပွဲကြည့်စင်နှင့်ဂိုးအရေအတွက်ပြဘုတ် (Score Board) တို့ပါဝင်သည့် အဆင့်မီဘောလုံးအားကစားကွင်း အနည်းဆုံးတစ်ကွင်းစီနှင့် ခရိုင်အဆင့်မြို့များတွင် အနည်းဆုံး နှစ်ကွင်းစီ ရှိသင့်ပါသည်။ မြို့နယ်အဆင့်မဟုတ်သည့် မြို့ကြီးများတွင်လည်း တစ်ကွင်းစီတော့ ရှိသင့်ပါသည်။ ထို့အတူ အထက်တန်းအဆင့်ကျောင်းနှင့် အလယ်တန်းအဆင့်ကျောင်းများတွင်လည်း အဆင့်မီဘောလုံးအားကစားကွင်း အနည်းဆုံးတစ်ကွင်းစီ ရှိသင့်ပါသည်။ မူလတန်းအဆင့်ကျောင်းများတွင်တော့ ကလေးကစားကွင်း (မီနီဘောလုံးကွင်း)များ မဖြစ်မနေရှိသင့်ပါသည်။ အလားတူ တက္ကသိုလ်နှင့်ကောလိပ်ကျောင်းများတွင်လည်း အဆင့်မီဘောလုံးကွင်း အနည်းဆုံးတစ်ကွင်းစီရှိသင့်ပါသည်။ လူငယ်အရေအတွက်များများ ဘောလုံးကွင်းများထဲတွင် ကစားနေကြပါမှ ဘောလုံးသမားကောင်းများများ ပေါ်ထွက်လာနိုင်မည်ဖြစ်ပါသည်။ ရောက်ဖူးခဲ့သည့် နိုင်ငံအတော်များများတွင် မြို့တိုင်းကျောင်းတိုင်း၌ သပ်ရပ်ကောင်းမွန်သော ဘောလုံးကွင်းများရှိနေကြောင်း သတိထားမိဖူးပါသည်။ စင်ကာပူနိုင်ငံဆိုလျှင် နိုင်ငံငယ်သော်လည်း ရေကူးကန်များကို နေရာတကာတွင် အတော်များများ ဖောက်ပေးထားသည့်အတွက် အာဆီယံအဆင့်တွင် ရေကူး၌ စင်ကာပူထူးချွန်နေခြင်းဖြစ်ပါသည်။

ဒုတိယအချက်မှာ ဘောလုံးပစ္စည်းများ လွယ်ကူသက်သာစွာဝယ်ယူရရှိနိုင်အောင် စီမံပေးရန်ဖြစ်ပါသည်။ ဘောလုံးအမျိုးမျိုး၊ ဘောလုံးကန်ဖိနပ်အမျိုးမျိုး၊ ဘောလုံးကန်ခြေအိတ်အမျိုးမျိုး၊ ဘောလုံးကန်အင်္ကျီအမျိုးမျိုး၊ ဘောင်းဘီအမျိုးမျိုး၊ ဂိုးဖမ်းလက်အိတ်၊ ဂိုးပိုက်မှအစ ဒူးစွပ်၊ ခြေစွပ်အထိ ဘောလုံးအားကစားနှင့် ဆက်စပ်သည့်ပစ္စည်းမျိုးစုံကို အနယ်နယ်အရပ်ရပ်၌ သက်သာလွယ်ကူစွာ ဝယ်ယူနိုင်အောင် စီမံပေးရပါမည်။ သို့မှသာ ဘောလုံးကစားလိုသူများလာပြီး အဆင့်မြင့်မြင့် စိတ်အေးချမ်းသာယာစွာ ကစားနိုင်ကြမည် ဖြစ်ပါသည်။ ထို့ပြင် နိုင်ငံတော်အစိုးရ(ဝန်ကြီးဌာန)အနေဖြင့်လည်း ဘောလုံးဆက်စပ်ပစ္စည်းများကို တက္ကသိုလ်၊ ကောလိပ်များ၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့်ကျောင်းများနှင့် မြို့နယ်အသီးသီးသို့ တစ်နှစ်လျှင်နှစ်ကြိမ်ခန့် ထောက်ပံ့ပေးအပ်သင့်ပါသည်။

တတိယအချက်မှာ ဘောလုံးနည်းပြအရေအတွက်တိုးပွားရေး၊ အဆင့်မြင့်နည်းပြသင်တန်းများ ဖွင့်လှစ်ပေးရေးနှင့်နိုင်ငံခြားနည်းပြကောင်းများ ငှားရမ်းလေ့ကျင့်ရေးပင်ဖြစ်ပါသည်။ မည်သည့်အားကစားနည်းမဆို နည်းပြကောင်းမှ တိုးတက်နိုင်သကဲ့သို့ ဘောလုံးအားကစားနည်းတွင်လည်း နည်းပြကောင်းမှ တိုးတက်မည်ဖြစ်ရာ နည်းပြကောင်းများရရှိအောင် စီမံဆောင်ရွက်ရပါမည်။ နည်းပြဆိုရာတွင်လည်း အရေအတွက်ရောအရည်အချင်းပါ ပြည့်စုံအောင် စီမံရပါမည်။ ယခုလက်ရှိအခြေအနေတွင် မြို့နယ်အဆင့်၊ ရပ်ကွက်၊ ကျေးရွာ အဆင့်များတွင် နည်းပြမရှိသလောက်ပင်ဖြစ်ပြီး ခရိုင်အဆင့်မှာပင် ဘောလုံးနည်းပြရှားပါးနေပါသည်။ ဘောလုံးအားကစားသည် ငယ်ရွယ်စဉ်မူလတန်းအဆင့်မှစ၍ နည်းပြကောင်းကောင်းဖြင့် သင်ကြားလေ့ကျင့်ပေးနိုင်ပါမှ အခြေခံဘောလုံးပညာများပြည့်ဝပြီး တိုင်းဒေသကြီး/ပြည်နယ်လက်ရွေးစင်နှင့် နိုင်ငံ့လက်ရွေးစင်များဖြစ်လာနိုင်ပါသည်။ သို့ဖြစ်၍ ဘောလုံးနည်းပြများများ မွေးထုတ်ပေးရပါမည်။ လက်ရှိတွင် နည်းပြအသိအမှတ်ပြုလိုင်စင် A, B, C ဟူ၍ရှိရာ အာရှဘောလုံးအဖွဲ့ချုပ်အသိအမှတ်ပြုလိုင်စင် A, B, C ကိုင်ဆောင်သူနည်းပြစုစုပေါင်း ၆၄၁ ဦး မွေးထုတ်ပေးပြီးဖြစ်ကြောင်းနှင့် ယင်းအနက် A လိုင်စင်ရသူ ၅၀ အထိ ရှိလာပြီဖြစ်ကြောင်း သိရှိရပါသည်။ မည်သို့ဆိုစေ နည်းပြရှားပါးနေမှု ကွက်လပ်ကို ယခုဖွင့်လှစ်ရန်စီစဉ်နေသည့် အားကစားတက္ကသိုလ်ကလည်း ဖြည့်ဆည်းပေးနိုင်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။ အားကစားတက္ကသိုလ်မှ ဘွဲ့ရနည်းပြကောင်းများ များများမွေးထုတ်ပေးနိုင်သည်နှင့်အမျှ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်နှင့် တက္ကသိုလ်၊ ကောလိပ်၊ အခြေခံပညာအဆင့်ဆင့်ကျောင်းများတွင် သွားရောက်သင်ကြားပေးနိုင်မည်ဖြစ်သည်။ အဆိုပါနည်းပြများ အရည်အချင်းမြင့်မားရေးအတွက်လည်း နိုင်ငံတကာဘောလုံးအဖွဲ့ချုပ်များနှင့် ညှိနှိုင်း၍ အဆင့်မြင့်နည်းပြသင်တန်းများ အခါအားလျော်စွာ ဖွင့်လှစ်ပေးသွားရမည်ဖြစ်ပါသည်။ အလားတူ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း အဆင့်မြင့်မား တိုးတက်ဖို့အတွက်လည်း အကောင်းဆုံးနိုင်ငံခြားနည်းပြကို ရွေးချယ်တာဝန်ပေးသင့်ပါသည်။ ငှားရမ်းခ မြင့်မားမည်ဖြစ်သော်လည်း အမှန်တကယ်တိုးတက်ရန်အတွက်တော့ အထိုက်အလျောက် ရင်းနှီးရမည်သာဖြစ်သည်ဟု ဆိုချင်ပါသည်။

စတုတ္ထအချက်မှာ တည်ကြည်ဖြောင့်မတ်သောဒိုင်လူကြီးများနှင့် စည်းကြပ်ဒိုင်များ၊ ကြီးကြပ်သူများထားရှိရေးပင်ဖြစ်ပါသည်။ ဘောလုံးပွဲတစ်ခုတွင် ဒိုင်လူကြီးများသည်လည်း အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ ဒိုင်လူကြီးများဘက်လိုက်ပြီဆိုလျှင် ဘောလုံးပွဲလည်းကြည့်မကောင်းတော့ဘဲ နောက်ဆုံးတွင် ပွဲပျက်ရသည့်အခြေအနေမျိုးအထိ ရောက်ရှိနိုင်ပါသည်။ ဒိုင်လူကြီးကဘက်မလိုက်ဘဲ မှန်ကန်တိကျစွာ ထိန်းသိမ်းဆုံးဖြတ်နိုင်လျှင်ဘောလုံးပွဲကလည်း အလွန်ကြည့်ကောင်းသောပွဲဖြစ်နိုင်ပါသည်။ ထိုအခါမျိုးတွင် နှစ်ဖက်အသင်းမှ ဘောလုံးသမားများကလည်း ဒိုင်လူကြီးအပေါ် ယုံကြည်မှုအပြည့်ဖြင့် ဘောလုံးစည်းမျဉ်းစည်းကမ်းများအတိုင်း သန့်ရှင်းစွာကစားလာနိုင်ကြမည်ဖြစ်သည်။ ထိုသို့သော ဒိုင်လူကြီးများ၏ ကြီးကြပ်မှုအောက်တွင် ကစားခဲ့ရသူများသည် အလိုလိုစည်းကမ်းပိုင်းထိန်းသိမ်းမှု အားကောင်းလာပြီး နိုင်ငံတကာပွဲများတွင် နိုင်ငံမျက်နှာပျက်ရသည့်အဖြစ်မျိုး မရောက်နိုင်တော့ဟု ယူဆပါသည်။ သို့ဖြစ်၍ ဘောလုံးတိုးတက်ဖို့ဆိုလျှင် ဒိုင်လူကြီးများ တည်ကြည်ဖြောင့်မတ်ဖို့၊ ဘက်မလိုက်ဖို့၊ ပြစ်ဒဏ်ကိုပြစ်ဒဏ်နှင့်လျော်ညီအောင်ပေးသွားကြဖို့ လိုအပ်လှပါသည်။ ယင်းကဲ့သို့သော ဒိုင်လူကြီးများ များများပေါ်ထွက်လာရေးအတွက် ဒိုင်လူကြီးများ ထိုက်သင့်သောအခကြေးငွေ တူတူတန်တန်ရရှိဖို့၊ ပြည်တွင်းသင်တန်းများ၊ နိုင်ငံတကာသင်တန်းများ စဉ်ဆက်မပြတ်ပေးသွားရဖို့နှင့် ဒိုင်လူကြီးကျင့်ဝတ်နှင့်မညီသူများကိုလည်း ထိရောက်စွာအရေးယူသွားရဖို့ လိုအပ်မည်ဖြစ်ပါသည်။

ပဉ္စမအချက်မှာ ဘောလုံးအားကစားသမားများ၏ စိတ်ဓာတ် (Mindset)ကို ပြုပြင်ကြဖို့ပင် ဖြစ်ပါသည်။ အားကစားသမားစိတ်ဓာတ် (Sprotsman Spirit) နှင့် အောင်စိတ်၊ နိုင်စိတ်(Winning Spirit)တို့ကို ဖော်ပြပြီးဖြစ်၍ ယင်းစိတ်ဓာတ်မျိုးကို ဆိုလိုခြင်းမဟုတ်ပါ။ အားကစားသမားများအမူအကျင့်နှင့် ခံယူချက်သဘောထားများကို လိုအပ်သလို ပြုပြင်သွားကြဖို့ တိုက်တွန်းလိုရင်းဖြစ်ပါသည်။ နိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ကစားကြရာတွင် မိမိတို့၏နိုင်ငံကို ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်နေခြင်းဖြစ်သည်ကို အစဉ်အမြဲမမေ့ကြရန် ဖြစ်ပါသည်။ မိမိတစ်ဦးတည်း၏ မလျော်ကန်သောအပြုအမူသည် မိမိတစ်ဦးတည်းကိုသာ ထိခိုက်နိုင်မည်မဟုတ်ဘဲ မိမိ၏နိုင်ငံကိုပါ ထိခိုက်နိုင်သည်ကို ဂရုပြုကြရန်လိုပါသည်။ နဂိုကတည်းက မိမိတို့နိုင်ငံအပေါ် အမြင်မကြည်လင်မှုများရှိနေပြီဖြစ်ရာ အားကစားသမားအချို့၏ အကျည်းတန်သည့် အမူအကျင့်များကြောင့် ပို၍ဆိုးရွားသောအကျိုးသက်ရောက်မှုကိုဖြစ်စေနိုင်ကြောင်း သတိပြုရပါမည်။ ဘောလုံးအားကစားသမားအားလုံးပရိသတ်နှင့် ဒိုင်လူကြီးများ လက်ခံနှစ်ခြိုက်မည့် အမူအကျင့်မျိုးကျင့်သုံးနိုင်လေ အောင်မြင်မှုရရှိလေဖြစ်သည်။ အားကစားသမားများအနေဖြင့် ဤအချက်ကို မမေ့မလျော့သတိပြုလိုက်နာသင့်ပါသည်။ ဝတ်စားဆင်ယင်မှုကအစ သပ်သပ်ရပ်ရပ်ရှိရပါမည်။ အင်္ကျီတွေ ဖရိုဖရဲ၊ ဘောင်းဘီတွေ တိုးလိုးတွဲလဲနှင့် ပရိသတ်အမြင်တွင် မတင့်တယ်လျှင် အားပေးမှုနည်းမည်သာ ဖြစ်ပါသည်။ ယုတ်စွအဆုံး ဆံပင်ပုံစံကအစ ပရိသတ်အများစု နှစ်ခြိုက်လက်ခံမည့်ပုံစံမျိုးသာ ဖြစ်သင့်ပါသည်။ တချို့က ဆံပင်ဘုတ်သိုက်၊ တချို့ ဆံပင်ဖြူနီကြောင် ကျားစသဖြင့် ကောင်းမည်ထင်၍ လုပ်ထားကြသော်လည်း အမှန်ကတော့ အများစုမနှစ်ခြိုက်ကြကြောင်း လေ့လာသိရှိရပါသည်။ ဥပမာအားဖြင့် ကမ္ဘာကျော်ဘောလုံးသမားများဖြစ်သည့် မက်ဆီ၊ စီရော်နယ်ဒိုနှင့်ဂျရတ်တို့၏ ဆံပင်ပုံစံမျိုးဆိုပါက အများစုနှစ်ခြိုက်ကြပါသည်။ လူနှင့်လည်းလိုက်ဖက်သည်။ ရုပ်ကိုလည်းငယ်ရွယ်နုပျိုပုံပေါက်စေပါသည်။ ဤကဲ့သို့သောစံနမူနာမျိုးကို အတုမခိုးဘဲကိုယ်ကလည်း ဖြစ်ဖြစ်မြောက်မြောက်မတော်သေး၊ ဝတ်စားဆင်ယင်မှုနှင့် ဆံပင်ပုံစံကအစ အချိုးမကျလျှင်တော့ မည်သည့်ပရိတ်သတ်ကဟက်ဟက်ပက်ပက် အားပေးနိုင်မှာလဲဟု စဉ်းစားကြည့်ကြဖို့ဖြစ်ပါသည်။ အာဆီယံနိုင်ငံများအတွင်းက ဘောလုံးအသင်းများ၏ ဝတ်စားဆင်ယင်မှု၊ ဆံပင်ပုံစံကအစ အပြင်ပန်းလက္ခဏာကို လေ့လာကြည့်ရာတွင် ထိုင်းအသင်းမှာအကောင်းဆုံးဖြစ်သည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့်လည်း အာဆီယံအဆင့်တွင် ထိုင်းအသင်းအကောင်းဆုံးဖြစ်နေသည်မှာ အမှန်ကသိပ်ပြီးမဆန်းလှပါ။ မြန်မာအသင်းကိုလည်း တစ်သင်းလုံး ဝတ်စားဆင်ယင်မှုသပ်သပ်ရပ်ရပ်၊ ဆံပင်ပုံစံကအစ မက်ဆီတို့ပုံစံနှင့် ပရိသတ်နှစ်ခြိုက်အားပေးမည့် ရှင်လန်းတက်ကြွသော ဘောလုံးအသင်းအဖြစ်မြင်ချင်နေမိပါသည်။ ယခုပြောခဲ့သည့်အချက်ကို လက်ရွေးစင်အားကစားသမားများ မလုပ်နိုင်စရာအကြောင်းမရှိဟု ယူဆပါသည်။

အလွယ်တကူနှင့် ပရိသတ်ရောဒိုင်ပါ နှစ်ခြိုက်အောင်လုပ်ပြနိုင်သည့်နည်းလမ်းပင်ဖြစ်ပါသည်။ ပရိသတ်နှစ်ခြိုက်လက်ခံမှုရလာသည်နှင့်အမျှ တိုးတက်အောင်ကြိုးစားလိုစိတ်များကတစ်ဆင့် အောင်မြင်မှုလမ်းကြောင်းပေါ် ရောက်ရှိပြီး ဘောလုံးအားကစားကိုပါ တိုးတက်မြင့်မားစေနိုင်မည်ဟု ယုံကြည်မိပါသည်။

ဆဋ္ဌမအချက်တင်ပြလိုသည်မှာ မြန်မာဘောလုံးအဆင့်အတန်းတိုးတက်မြင့်မားရေးအတွက် ကမ္ဘာပေါ်ရှိ အခြားဘောလုံးအင်အားကြီးနိုင်ငံများ၏ တိုးတက်မှု၊ လုပ်ဆောင်မှုများကို လေ့လာအတုယူရေးပင်ဖြစ်ပါသည်။ ဆိုလိုသည်မှာ ဝါးလုံးခေါင်းထဲလသာသည့် အဖြစ်မျိုး မဖြစ်စေရန်နှင့် ကျွဲခြေရာခွက်ထဲမှ ဖားသူငယ်လို အမြင်မကျဉ်းကြစေရန်ဖြစ်ပါသည်။ ဘောလုံးအားကစားနည်းအပါအဝင် အားကစားနည်းအားလုံးမှာပင် ကမ္ဘာပေါ်ရှိနိုင်ငံများသည် အစွမ်းကုန်ကြိုးပမ်းလေ့ကျင့်ယှဉ်ပြိုင်လာကြသည်နှင့်အမျှ အားကစားနည်းစနစ်များမှာလည်း အံ့မခန်းတိုးတက်လျက်ရှိနေပါသည်။ ဤတိုးတက်မှုများကို အမီလိုက်နိုင်ခြင်းမရှိဘဲ မြန်မာဘောလုံးအောင်မြင်ဖို့ကို မျှော်မှန်း၍မရနိုင်ပါ။ ထို့ကြောင့် ဘောလုံးအင်အားကြီးနိုင်ငံများ၏ လက်တွေ့ကျသော ပြုပြင်ပြောင်းလဲလုပ်ဆောင်နေမှုများ၊ ယင်းနိုင်ငံများ၏ အဆင့်ဆင့်ကျင့်သုံးခဲ့သော ဘောလုံးနည်းစနစ်များကို ခွဲခြမ်းစိတ်ဖြာလေ့လာသုံးသပ်နေဖို့ လိုပါသည်။ ဤအချက်မှာ ဘောလုံးနှင့် ပတ်သက်သည့် တာဝန်ရှိသူများနှင့် ကြီးကြပ် အုပ်ချုပ်သူများ၏ အဓိကတာဝန်ပင်ဖြစ်ပါသည်။ လေ့လာသုံးသပ်အတုယူဆောင်ရွက်မှုကတစ်ဆင့် ရရှိလာသည့် ဖော်ထုတ်ချက်များကို အသုံးပြုပြီး အားကစားသမားများကို မျှဝေကျင့်သုံးသွားစေရမည် ဖြစ်ပါသည်။ ဤအချက်မှာ ကျယ်ပြန့်ပြီး ခက်ခဲနိုင်သည်ဟု ယူဆရသော်လည်း မြန်မာဘောလုံးအဆင့်အတန်း တိုးတက်ရေးအတွက် မဖြစ်မနေဆောင်ရွက်ရမည့်အချက်ဟုလည်း ဆိုချင်ပါသည်။

နောက်ဆုံးသတ္တမအချက် တင်ပြလိုသည်မှာ ပရိသတ်၏အားပေးမှုမျှတမှန်ကန်ရေးပင် ဖြစ်ပါသည်။ ဘောလုံးတိုးတက်ရေးတွင် ပရိသတ်၏အားပေးမှုကလည်း အဓိကအခန်းကဏ္ဍက ပါဝင်နေပါသည်။ မိမိအသင်းကို ချီးမြှောက်လို၍ အားပေးကြသည်မှန်သော်လည်း ပြိုင်ဘက်အဖြစ်ယှဉ်ပြိုင်ကစားနေသောအသင်းကို မထိခိုက်စေရန်နှင့် အကြမ်းဖက်ရုပ်ဆိုးသည့် အားပေးမှုမျိုးမဖြစ်စေရန် အရေးကြီးလှပါသည်။ ယခင်ဖြစ်ပွားခဲ့သော ဖြစ်စဉ်အချို့တွင် ယင်းသို့ပရိသတ်အားပေးမှုမမှန်ကန်ဘဲ အကြမ်းဖက်ပြီး အရုပ်ဆိုးအကျည်းတန်ခဲ့သည့်အတွက် မြန်မာအသင်းကိုပါ အရေးယူခံခဲ့ရသည့်ဖြစ်စဉ်မျိုးကြုံခဲ့ရသည်ကို တွေ့မြင်ခဲ့ရဖူးပါသည်။ ယင်းဖြစ်စဉ်မျိုးကြောင့် မြန်မာဘောလုံးတိုးတက်ရေးအတွက် အထိုက်အလျောက် အဟန့်အတားဖြစ်စေခဲ့သည်ဟု ထင်မြင်ယူဆမိပါသည်။ ထို့ကြောင့် ပရိသတ်များ၏အားပေးမှု မှန်ကန်မျှတရေးသည်လည်း ဘောလုံးအောင်မြင်မှုအတွက် အရေးကြီးအချက်တစ်ချက်အဖြစ်ပါဝင်နေကြောင်း တင်ပြလိုပါသည်။

နိဂုံးချုပ်ရလျှင် မြန်မာဘောလုံးတိုးတက်ဖို့အတွက် နိုင်ငံတော်နှင့်တကွ မြန်မာနိုင်ငံသားအားလုံးတွင် တာဝန်ရှိသည်ဟု ခံယူပါသည်။ ယခုတင်ပြချက်များသည်လည်း မြန်မာဘောလုံးတိုးတက်ရေးအတွက် ပြည့်စုံလုံလောက်ပြီဟု မယူဆပါ။ တစ်ယောက်အားနှင့် ယူသော်မရ၊ တစ်သောင်းအားနှင့်ယူသော်ရ၏ဆိုသော စကားအတိုင်း အားလုံး တက်ညီလက်ညီပူးပေါင်းပြီး ထိရောက်သည့်အကြံဉာဏ်များရယူကာ လက်တွေ့ကျသည့် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ကြခြင်းဖြင့် မြန်မာဘောလုံးအားကစား ပြန်လည်တိုးတက်ပါစေကြောင်း ဆန္ဒပြု ရေးသားတင်ပြလိုက်ရပါသည်။

# နှစ်နိုင်ငံလွှတ်တော်ချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၇**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ဂျာမန်အောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Johannes Singhammer နှင့်အဖွဲ့ကို ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံလွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဂျာမန်အောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌကို လက်ခံတွေ့ဆုံစဉ်** (သတင်းစဉ်)

# အစမ္မခိုင်းစေခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း ကာကွယ်တားဆီးပေးရန် တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်ကသဘောတူ

**သတင်း-တင်မောင်လွင် (မြန်မာ့အလင်း)၊ ဓာတ်ပုံ-မောင်မွှေး**

နေပြည်တော် နိုဝင်ဘာ ၁၇

**အိမ်အကူအလုပ်သမားများအပါအဝင် အလုပ်သမားများခန့်ထားရာတွင် ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ အလုပ်သမားမှတ်ပုံတင်ထားပြီးမှ ခန့်ထားရန်နှင့်အလုပ်ရှင်များက အလုပ်သမားများကို အစမ္မခိုင်းစေခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းကဲ့သို့သော ဥပဒေမဲ့လုပ်ရပ်များ မလုပ်နိုင်ရန် ကာကွယ်တားဆီးပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ယနေ့ လွှတ်တော်က သဘောတူဆုံးဖြတ်ခဲ့သည်။**

အဆိုပါ အဆိုကို ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်တတိယပုံမှန် အစည်းအဝေး ဒုတိယနေ့တွင် ကျောက်တန်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုးက တင်သွင်းခဲ့ခြင်းဖြစ်ပြီး လက်ခံဆွေးနွေးရန်သင့် မသင့် အဆုံးအဖြတ်ရယူပြီး လွှတ်တော်ဥက္ကဋ္ဌက အတည်ပြုကြေညာခဲ့ခြင်းဖြစ်သည်။

ယင်းအဆိုနှင့် ပတ်သက်ပြီး အဆိုရှင် ဒေါ်အေးမြမြမျိုးက "ကျွန်မ ဒီအဆိုကို တင်သွင်းဖြစ်တာ အလုပ်သမားတွေအားလုံးအတွက်ပါ။ အလုပ်သမားတွေ အစမ္မခိုင်းစေမှုမရှိအောင် ဥပဒေနဲ့ညီတဲ့ လုပ်ငန်းခွင်ဖြစ်ဖို့ စစ်ဆေးပေးဖို့အတွက် ရည်ရွယ်ပါတယ်။ အစမ္မခိုင်းစေခံရတာတွေက များသောအားဖြင့် ကလေးသူငယ်တွေဖြစ်ပါတယ်။ ဥပဒေအရ အသက် ၁၄ နှစ်အောက်ကို အလုပ်မခန့်ရဘူးလို့ဆိုပေမယ့် အခု နှိပ်စက်ညှဉ်းပန်းခံရလို့ မီဒီယာတွေကနေတစ်ဆင့် ဖော်ပြပေးတော့ သိလာရတယ်။ အဲ့ဒီထဲမှာ ကလေးတွေဟာ အသက် ၁၄ နှစ်မပြည့်သေးတဲ့ ကလေးတွေပါနေတာလည်းတွေ့ရတော့ ဥပဒေကို လိုက်နာခြင်းမရှိဘဲ အလုပ်ခန့်နေတယ်ဆိုတာကို သိသာထင်ရှားစေတယ်။ ကလေးလုပ်သားနဲ့ ပတ်သက်ပြီး အတင်းအဓမ္မ အခိုင်းစေခံရမှု၊ ညှဉ်းပန်းနှိပ်စက်ခံရမှုတွေ များနေတဲ့အတွက် အခုလို တင်သွင်းတာဖြစ်ပါတယ်"ဟု ပြောကြားသည်။

အလုပ်ရှင်နှင့် အလုပ်သမား မပြေလည်မှုများ မကြာခဏဖြစ်ပေါ်နေမှုနှင့်ပတ်သက်ပြီး ၎င်းက "တာဝန်ရှိတဲ့သူအချို့ကို မက်ဆေ့ပေးချင်တာ။ ဖြစ်နေတာတွေလည်း ကြာပြီ။ မဖြေရှင်းဘဲ ထားခဲ့တဲ့အတွက် ဖြစ်တာ။ ဥပဒေတွေလည်းရှိ မြို့နယ်တိုင်း မြို့နယ်တိုင်းမှာ ဖျန်ဖြေရေးအဖွဲ့ဆိုတာလည်း ရှိတယ်။ လူအားဖြင့် ရှိနေသော်လည်း လက်တွေ့အားဖြင့် မဖြစ်တာတွေရှိတယ်ဆိုတော့ ဒီဟာတွေကို ပိုပြီး အသက်ဝင်လာအောင်နဲ့ ဥပဒေတွေလည်း ပိုပြီး အသက်ဝင်လာအောင်လုပ်ဖို့၊ စည်းမျဉ်းစည်းကမ်းအတိုင်းလုပ်ဖို့ဆိုတာတွေကို တာဝန်ရှိတဲ့သူတွေ အားလုံးသိအောင် ဒီအဆိုကို တင်သွင်းခဲ့ခြင်းဖြစ်ပါတယ်"ဟု ဆက်လက်ပြောကြားသည်။

"ဒီနေ့ ကျွန်မ တင်သွင်းချက်နဲ့ပတ်သက်ပြီး



ဒေါ်အေးမြမြမျိုး

ကျွန်မအများကြီး မျှော်လင့်ထားပါတယ်။ အများကြီး မျှော်လင့်ထားတယ်ဆိုတာက ကျွန်မတို့ဆီက အဓိကဖြစ်နေတာက လယ်ယာမြေပြဿနာနဲ့ အလုပ်သမားပြဿနာပါ။ ကျွန်မတို့နိုင်ငံရဲ့ အင်အားစုအများဆုံးလည်းဖြစ်တယ်။ ဒီပြဿနာတွေဟာ မဖြေရှင်းဘဲနဲ့ ရှေ့ကိုလည်းမဆက်ဘူး။ ဒါက လုပ်ကိုလုပ်ရမယ့်ကိစ္စဖြစ်တယ်။ ဒါ့ကြောင့် ကျွန်မအနေနဲ့ ပထမဦးဆုံးလယ်ယာမြေ ပြဿနာကို ဖြေရှင်းဖို့ ကြိုးစားခဲ့တယ်။ ဒုတိယအနေနဲ့ အလုပ်သမားပြဿနာကို ဖြေရှင်းဖို့ ကြိုးစားတာပဲဖြစ်ပါတယ်။ တော်တော်များများကလည်း ဒီလိုမျိုးပြဿနာတွေ သိပြီးသားဖြစ်ပါတယ်။ ဒါကို ထပ်ပြီး သတိပေး မီးမောင်းထိုးပြတာပဲဖြစ်တယ်။ ကျွန်မ မဲဆန္ဒနယ်မှာဆိုရင် လယ်ယာမြေ ပြဿနာက အများကြီးရှိတယ်။ သီလဝါစက်မှုဇုန်ကြောင့် သိမ်းတာရော၊ ဆည်ကြောင့် သိမ်းတာရော ပြီးရင် အလုပ်သမားပြဿနာပါ။ အလုပ်သမားပြဿနာဆိုတာလည်း မဖြစ်မနေဖြေရှင်းရမယ့် ပြဿနာဖြစ်ပါတယ်။ ကျွန်မ မဲဆန္ဒနယ်မှာတင်မဟုတ်ဘဲ နေရာတော်တော်များများမှာ ဖြစ်တယ်ဆိုတာရော ကျွန်မတို့ ကိုယ်စားလှယ်တွေနဲ့ ပူးပေါင်းမှုနဲ့ တာဝန်ရှိတဲ့သူတွေဆီ သတင်းအချက်အလက်တွေ ပေးပြီးတော့ မဲဆန္ဒနယ်အသီးသီးက ဒါကို ဖြေရှင်းလိုက်မယ်ဆိုရင် တော်တော်များများ အဆင်ပြေသွားဖို့ အများကြီးမျှော်လင့်ပါတယ်" ဟု ဒေါ်အေးမြမြမျိုးက ဆိုသည်။

အိမ်အကူကဲ့သို့သော အိမ်တွင်းအလုပ်သမားများကို နှိပ်စက်ညှဉ်းပန်းနေသည့် သတင်းများကိုလည်း ခပ်စိပ်စိပ်ကြားသိနေရကြောင်း၊ အားနည်းသော အမျိုးသမီးများ၊ ကလေးသူငယ်များ ခိုင်းစေခံရခြင်းကို တားဆီးရန်အတွက်၊ ကာကွယ်ပေးရန်အတွက် အိမ်အကူအပါအဝင် အလုပ်သမားတွေခန့်ထားရာတွင် မှတ်ပုံတင်ခြင်းကို ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အုပ်ချုပ်ရေးမှတာဝန်ရှိသူများ ပူးပေါင်းကာ အခြေအနေကို ပုံမှန်စစ်ဆေးပြီး ဘေးကင်းလုံခြုံသည့်လုပ်ငန်းခွင်တစ်ခု ဖြစ်ရန်အတွက် အရေးတကြီးလိုအပ်နေကြောင်း သိရသည်။

"အိမ်အကူအလုပ်သမားတွေကို လေ့လာလိုက်တဲ့အခါ ဥပဒေမှာ အိမ်အကူလို အိမ်တွင်းအလုပ်သမားတွေကို အကာအကွယ်ပေးတဲ့ ဥပဒေ၊ စည်းမျဉ်း စည်းကမ်းတွေ မရှိပါဘူး။ ပြည်တွင်း အိမ်အကူလုပ်ငန်းအတွက် တရားဝင်မှတ်ပုံတင်ပေးထားတဲ့ အိမ်အကူရှာဖွေရေးအေဂျင်စီတွေလည်း မရှိပါဘူး။ အလုပ်သမားမှတ်ပုံတင်ထားပြီးတော့ အိမ်တွင်းအလုပ်သမားတွေ ခန့်ထားခြင်းမရှိပါဘူး။ အိမ်တွင်းအလုပ်သမားတွေခန့်ထားရာမှာ အလုပ်ရှင်၊ အလုပ်သမား သဘောတူစာချုပ်တွေ ချုပ်ဆိုထားတာ မရှိတဲ့အတွက် အလုပ်ရှင်ရော အလုပ်သမားပါ အဆင်မပြေမှုများစွာ ကြုံတွေ့နေရပါတယ်။ အလုပ်သမားတွေကလည်း လူမဆန်စွာ နှိပ်စက်ညှဉ်းပန်းခံရတာတွေကို ခံခဲ့ရပါတယ်" ဟု အဆိုရှင်က ပြောသည်။

မြန်မာနိုင်ငံ၌ အသက် ၅ နှစ်မှ ၁၇ နှစ်ရှိ အလုပ်လုပ်ကိုင်နေသည့် ကလေးဦးရေ ၁၃ သိန်းနီးပါးရှိကြောင်း၊ အန္တရာယ်ရှိနေသည့် လုပ်ငန်းခွင်ထဲ၌ ကလေး ခြောက်သိန်းကျော်ရှိနေကြောင်း စစ်တမ်းများအရ သိရသည်။

"စာသင်ခန်းထဲမှာ ရှိရမယ့်ကလေးတွေ လမ်းမပေါ်မှာရှိနေတာ တွေ့ပေမယ့်လည်း မဆိုင်သလို လျစ်လျူရှုထားခြင်းဟာ အစမ္မခိုင်းစေခြင်း၊ ကျွန်ပြုခံရခြင်းတို့ကို အားပေးအားမြှောက်ပြုနေရာ ရောက်ပါတယ်။ ဒီလိုအခြေအနေကို သမားရိုးကျအဖြစ် လက်ခံလိုက်ရင် တိုင်းပြည်ရဲ့ အနာဂတ်အတွက် ရင်လေးဖွယ်ဖြစ်ပါလိမ့်မယ်။ ကလေးလုပ်သားတွေဟာ ဖွံ့ဖြိုးတိုးတက်ဖို့အတွက်လည်း အဟန့်အတားဖြစ်စေနိုင်ပါတယ်။ အလုပ်ရှင်၊ အလုပ်သမား သဘောတူစာချုပ်ကို အလုပ်သမားလက်ဝယ်ထားခြင်းမရှိဘဲနဲ့ စာချုပ်ပါအချက်တွေ သေချာဖတ်ခိုင်းတာမျိုးမရှိဘဲ၊ နားလည်အောင် ရှင်းပြတာမျိုးမရှိဘဲနဲ့ လက်မှတ်ထိုးခိုင်းပြီးတော့ အလုပ်ရှင်ကပဲ သိမ်းယူထားတာမျိုးတွေ အဆင်မပြေမှုများစွာ ကြုံတွေ့နေပါတယ်။

"ဒါကြောင့် တည်ဆဲဥပဒေတွေကို အသက်ဝင်အောင် ဆောင်ရွက်ပေးစေချင်ပါတယ်။ ပညာပေးလုပ်ငန်းတွေကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ပေးစေချင်ပါတယ်။ ပညာပေးလုပ်ငန်းဆိုတဲ့နေရာမှာ အလုပ်သမားအခွင့်အရေးတွေ၊ အလုပ်သမားဥပဒေတွေကို ပညာပေးတဲ့အပြင် ကျွမ်းကျင်မှုလုပ်ငန်းတွေကိုလည်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ပေးစေချင်ပါတယ်။ မြို့နယ်တိုင်းမှာရှိတဲ့ အလုပ်သမားဖျန်ဖြေပေးရေးအဖွဲ့တွေ၊ စွမ်းအင်မြှင့်တင်ပေးဖို့အတွက် အဖွဲ့တွေ ဖွဲ့စည်းပြီးတော့မှ လုပ်ငန်းခွင်အခြေအနေတွေကို ကြီးကြပ်ပေးစေခြင်း၊ နှစ်သိမ့်ဆွေးနွေးပေးတဲ့ အသိပညာပေးလုပ်ငန်းတွေကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးစေချင်ပါတယ်။ လုပ်ငန်းခွင်အခြေအနေတွေ စစ်ဆေးတွေ့ရှိချက်တွေကို အစီရင်ခံစေပြီးတော့မှ ဥပဒေနဲ့ ညီညွတ်ခြင်းမရှိရင်၊ စည်းမျဉ်း စည်းကမ်းနဲ့ မညီညွတ်ရင် ထိထိရောက်ရောက် အရေးယူပေးစေချင်ပါတယ်။ ဥပဒေ စည်းမျဉ်း စည်းကမ်းနဲ့ ညီညွတ်တဲ့ ဘေးကင်းလုံခြုံတဲ့ လုပ်ငန်းခွင်ဖန်တီးထားတဲ့ အလုပ်ရှင်တွေကို ချီးကျူးဂုဏ်ပြုပေးစေချင်ပါတယ်လို့ အကြံပြုပြောချင်ပါတယ်" ဟု ဒေါ်အေးမြမြမျိုးက ဆိုသည်။

ကျောင်းနေအရွယ်ကလေးများ ကျောင်းမနေရဘဲနှင့် မိဘများနှင့်အတူ လယ်ယာလုပ်ငန်းခွင်သို့ ဝင်ရောက်ကာ မနိုင်ဝန်ကို ထမ်းနေကြရသည်များရှိကြောင်း၊ တချို့မှာ အကြောင်းအမျိုးမျိုးကြောင့် နေရပ်စွန့်ခွာပြီး မြို့ပေါ်သို့ တက်ရောက်ပြီး ရရာအလုပ်အကိုင်များ ဝင်ရောက်လုပ်ကိုင်ကာ မိမိတို့စားဝတ်နေရေးနှင့် မိသားစုစားဝတ်နေရေးကို ဖြေရှင်းနေကြရကြောင်း၊ မိမိတို့၏ အလုပ်အကိုင်မှာ အမှားအယွင်းများဖြစ်လာလျှင် အလုပ်ရှင်များ၏ ရိုက်နှက်နှိပ်စက်ညှဉ်းပန်းမှုများ ရှိလာသည်ကို ယခုအခါတွင် တွေ့နေရကြောင်း ရှမ်းပြည်နယ်မြောက်ပိုင်း မဘိမ်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်ရှိန်က ထောက်ခံဆွေးနွေးခဲ့သည်။



"ဒီနေ့ အဆိုရှင် ဒေါ်အေးမြမြမျိုး ပြောသွားသလို အင်းဝအပ်ချုပ်ဆိုင်ကဲ့သို့ တစ်နိုင်ငံလုံးကျော်သွားတဲ့ကိစ္စတွေ၊ မီဒီယာတွေရဲ့ဖော်ပြချက်တွေကို ကြားသိရလို ကျွန်တော်တို့ လူတွေမသိဘဲ တိတ်တဆိတ်ပျောက်ကွယ်သွားတဲ့ လူမသိ သူမသိ ခံနေရတဲ့ကိစ္စတွေလည်း အများကြီးရှိတယ်ဆိုတာ သိရပါတယ်။ အဆိုရှင်ပြောသွားတဲ့ထဲမှာ အလုပ်သမားတွေကို မှတ်ပုံတင်ဖို့ဆိုပြီး ပြောပါတယ်။ ကျွန်တော်တို့အရင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တုန်းက အလုပ်သမားမှတ်ပုံတင်တယ်။ အလုပ်သမားမှတ်ပုံတင်ရုံးဆိုတာ မှတ်ပုံတင်ရတာတွေရှိပါတယ်။ အခုခေတ်မှာလည်း အဲ့ဒီလိုမျိုး အလုပ်သမားမှတ်ပုံတင်ထားတယ်ဆိုရင် အလုပ်လက်မဲ့ဦးရေ ဘယ်လောက်ရှိမယ်၊ လက်ရှိ အလုပ်လုပ်နေတဲ့ နိုင်ငံသားဦးရေ ဘယ်လောက်ရှိမယ်ဆိုတာသိရတဲ့အတွက် အလုပ်အကိုင်အခွင့်အလမ်းကို ဘယ်လောက်ဖန်တီးပေးရမယ်ဆိုတဲ့ အစိုးရတာဝန်ရှိတဲ့သူတွေဘက်ကလည်း တွဲလုပ်ပေးနိုင်တဲ့အတွက် သက်ဆိုင်ရာဌာနက အလုပ်သမားမှတ်ပုံတင်ကိစ္စကို အရင်တုန်းကလို ထိထိရောက်ရောက် ကိုင်တွယ်ပေးမယ်ဆိုရင် တော်တော်အဆင်ပြေမယ်လို့ ယူဆပါတယ်" ဟု ပြောသွားသည်။

## ❒ *ကျောဖုံးမှ*

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ရန်ကုန်မြို့တွင်းသို့ ကုန်သေတ္တာတင်ယာဉ်(ကွန်တိန်နာယာဉ်)များ ဖြတ်သန်းပြေးဆွဲမှုကို ည ၉ နာရီမှ နံနက် ၅ နာရီအတွင်းသာ သတ်မှတ်ပြေးဆွဲခွင့်ပြုလိုက်သည့်အတွက် ညပိုင်းတွင် အဆိုပါဈေးကြီးရှေ့ရှိ ဘုရင့်နောင်လမ်းမကြီးပေါ်၌ ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပေါ်လေ့ရှိသောကြောင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က ယင်းကဲ့သို့ နေရာပြန်လည်ချထားပေးခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါဈေးကြီး၌ ပျံကျဈေးသည် ၁၄၄၀ ရှိသည့်အနက် ဈေး၏အရှေ့မျက်နှာစာဖြစ်သည့် ဘုရင့်နောင်လမ်းမကြီးဘေး၌ ဈေးရောင်းချခြင်းနှင့် ဈေး၏ကားပါကင်နေရာများ၌ ဝင်ရောက်ရောင်းချနေသည့် ပျံကျဈေးသည် ၉၈၀ တို့အား ဦးစားပေးအနေဖြင့် နေရာပြန်လည်ချထားပေးလျက်ရှိသည်။

"အခုနေရာပေးတာဆိုတာကလည်း အပြီးပေးတာ မဟုတ်ပါဘူး။ လောလောဆယ်ကတော့ ဈေးသည်တွေအကုန်လုံး နေရာရအောင် ယာယီနေရာချထားပေးတဲ့သဘောပဲရှိပါတယ်။ တကယ်ရောင်း ၊ မရောင်းဆိုတာကို နှစ်ပတ်လောက်ကြာအောင် စောင့်ကြည့်ပြီး ပြန်စိစစ်ပါမယ်။ ပြီးလို့ရှိရင်တော့ မဲနှိုက်ပြီး စနစ်တကျ နေရာချထားပေးမှာဖြစ်ပါတယ်။ ဒါကလည်း အမှန်တကယ်ရောင်းတဲ့သူတွေကို နေရာရစေချင်တဲ့သဘောပါ။ နေရာယူထားပြီး ဈေးလာမရောင်းတဲ့သူတွေကိုတော့ တကယ်မဲနှိုက်ပြီး နေရာပြန်ချပေးတဲ့အခါမှာတော့ နေရာပေးမှာ မဟုတ်ပါဘူး။ ရောင်းကုန်ပစ္စည်းအပေါ်မှာ မူတည်ပြီး စနစ်တကျနေရာစီစဉ်ပြီးတော့မှ မဲစနစ်နဲ့ နေရာပြန်လည်ချထားပေးသွားမှာဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

ယခု နေရာချထားပေးသည့်နေရာ၌ ဆိုင်နေရာအတွက် တစ်လတာ အခမဲ့ရောင်းချခွင့်ပြုသွားမည်ဖြစ်ပြီး တစ်လပြည့်ပါက ယင်းအဆောက်အအုံ(ဂိုဒေါင်)ကို သက်ဆိုင်ရာမှတစ်ဆင့် ငှားရမ်းထားသည့် အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီအား ညှိနှိုင်းဈေးနှုန်းများအရ ဆိုင်နေရာငှားရမ်းမှုအတွက် ကျသင့်ငွေကို ပေးဆောင်ရမည်ဖြစ်သည်။ လက်ရှိကာလတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် အဆိုပါ ကုမ္ပဏီတို့၏ ဆွေးနွေးညှိနှိုင်းမှုများအရ ခြောက်ပေပတ်လည် ဆိုင်နေရာတစ်ခုကို တစ်လလျှင် ငွေကျပ် ငါးသောင်းနှုန်းဖြင့် ငှားရမ်းခွင့်ပြုသွားရန် ဌာနအနေဖြင့် သဘောတူထားကြောင်း ဈေးများဌာန ဒုတိယဌာနမှူး ဦးသောင်းတင်က ဆိုသည်။

# မောင်တောမြို့ပေါ်၌ နံနက်ပိုင်း လူစည်ကားမှုရှိပြီး မကြာမီ နဂိုအတိုင်း ပြန်လည်အသက်ဝင်လာမည်ဟု မျှော်လင့်နေကြ

**မောင်တော နိုဝင်ဘာ ၁၇**

မောင်တောမြို့ မြို့မ အနောက်ရပ်ကွက်ရှိ ဆောက်လုပ်ရေးလမ်း လက်ဖက်ရည်ဆိုင်တန်း၌ မိမိတို့ သတင်းအဖွဲ့ရောက်ကတည်းက နေ့စဉ် နံနက် ၇ နာရီကျော်လောက်မှစတင်ပြီး နံနက် ၉ နာရီခန့်အထိ လာရောက်စားသောက်သူများနှင့် စုစုဝေးဝေးရှိနေသည်ကို မြင်တွေ့ရသည်။ မွန်းလွဲပိုင်း ၂ နာရီ ၃ နာရီဝန်းကျင်တွင် တစ်ကြိမ် ပြန်လည်စည်စည်ကားကား တွေ့ရသည်။

နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်း မြို့ထဲ လှည့်လည်စဉ် ဦးဥတ္တမလမ်းဘက်ရှိ လက်ဖက်ရည်ဆိုင်၊ ထမင်းဆိုင်တို့၌လည်း အလားတူ စည်စည်ကားကား တွေ့ရသည်။ ပိတ်ထားဆဲဆိုင်များ ရှိသေးကြောင်း၊ ယခင်ကတော့ ယခုထက် ပိုမိုစည်ကားကြောင်း နယ်မြေခံ ဦးကျော်ထူးမွန်က ပြောကြားသည်။ ညနေပိုင်းတွင်လည်း မွန်းလွဲပိုင်းကလောက် မဟုတ်သော်လည်း ဈေးရောင်းဈေးဝယ်များ အသင့်အတင့် တွေ့ရသည်။

မြို့မစည်ပင်သာယာဈေးမှာ နံနက် ၆ နာရီခွဲ ၇ နာရီခန့်ကတည်းက စဖွင့်သည်ဟုဆိုသော်လည်း နံနက် ၈ နာရီကျော်မှ ဆိုင်များ စုံလင်လာသည်ကို ယခုရက်များအတွင်း သတိထားမိသည်။ မောင်တောအနီးဝန်းကျင်ရှိ ကျေးရွာများမှ ဈေးဝယ်များ လာရောက်မှုနည်းပါးသေးသည့်အတွက် မွန်းလွဲပိုင်း ဆိုင်ပိတ်လိုက်ကြကြောင်း၊ ဈေးပိတ်ချိန်မှာ ညနေ ၆ နာရီခန့်ဖြစ်ကြောင်း သိရသည်။

"လူသုံးကုန်ပစ္စည်းတွေ ဖြစ်တဲ့ စောင်၊ ခြင်ထောင်၊ ခေါင်းအုံး၊ အိပ်ရာခင်း၊ ဖက်လုံး၊ ဖျာအသုံးအဆောင်ပစ္စည်းတွေကို ပြည်တွင်းဖြစ်ရော၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဝင်လာတာတွေပါ အကုန်တင်ပြီး ရောင်းပါတယ်။ ပြီးခဲ့တဲ့လက အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုမဖြစ်ပွားခင် နယ်တွေကလာဝယ်ကြတော့ တော်တော်လေး ရောင်းရပါတယ်။ အရင်နှစ်တွေကဆို အခုလို ဆောင်းရာသီအဝင်မှာ ရောင်းအားအတော်လေး ကောင်းခဲ့တယ်။ ဒီနှစ် အခုလိုဖြစ်လိုက်တာ ကျွန်တော်တို့အတွက် စီးပွားရေး အတော်ထိခိုက်ပါတယ်။ အခုဆိုရင် တစ်နေ့တစ်နေ့ကို ဝယ်လိုအားက အရင်ထက် ထက်ဝက်မက လျော့နည်းသွားတယ်။ ဈေးဝယ်သူမရှိတော့ ဆိုင်ဖွင့်ချိန်လည်း နောက်ကျမှဖွင့်ပြီး မွန်းလွဲဆို ၂ နာရီလောက် ဆိုင်ပိတ်ပါတယ်"ဟု မြို့မဈေး မှ ဦးအောင်လောင်က ပြောကြားသည်။

မြို့မစည်ပင်သာယာဈေးတာဝန်ခံ ဦးဘသန်းက "ဈေးမှာ ဆိုင်ခန်းပေါင်း ၄၅၃ ခန်းရှိပြီး ဆိုင်ခန်း ၃၀၀ ကျော် ဖွင့်ပါတယ်" ဟု ပြောကြားသည်။

ဈေးလမ်းတစ်လျှောက်ရှိ ရွှေဆိုင်များ၊ ကုန်မာဆိုင်များ၊ ရေထွက်ကုန်ပစ္စည်းအရောင်းဆိုင်များ၊ စားသောက်ကုန်ဆိုင်များအပါအဝင် ဆိုင်အားလုံး၌လည်း နံနက်ပိုင်းစည်ကားမှုရှိပြီး နဂိုအတိုင်း မကြာမီ ပြန်လည်အသက်ဝင် လာမည်ဟု မျှော်လင့်နေကြသည်။

"အခုနောက်ပိုင်း မြို့ပေါ်ရွှေဆိုင်တွေအနေနဲ့ ရောင်းအား သိသိသာသာကျသွားတယ်။ အရင်ကထက် လေးပုံတစ်ပုံလောက်ပဲ ရောင်းရတယ်။ အရင်ကဆိုရင် ညနေအထိ ဆိုင်ဖွင့်ပေမယ့် အခုတော့ နံနက် ၁၁ နာရီလောက်ဆိုရင် ဆိုင်ပိတ်ပါတယ်။ ဒီဈေးတန်းမှာ စုစုပေါင်းရွှေဆိုင် ၁၅ ဆိုင်လောက်ရှိပေမယ့် တချို့ဆိုင်တွေက အခုအချိန်ထိ မဖွင့်သေးပါဘူး။ မြို့ပေါ် ရွှေဆိုင်တွေအနေနဲ့ မောင်တောမြောက်ပိုင်းကို အားထားပြီး ရောင်းခဲ့ရတာပါ။ ဒီနေ့ ရွှေဈေးက ၁၅ ပဲရည်က ငွေကျပ် ရှစ်သိန်းသုံးသောင်း၊ ၁၆ ပဲရည်က ငွေကျပ် ရှစ်သိန်းခြောက်သောင်းရှစ်ထောင်ရှိပါတယ်" ဟု ရွှေနှင့် ရတနာရောင်းဝယ်ရေးဆိုင်ရှင် ဦးဒေါ်နန်နော်ဇော်က ပြောကြားသည်။



မောင်တောမြို့တွင်းလမ်း၌ ဖြတ်သန်းသွားလာသူများကို တွေ့ရစဉ်

အနော်ရထာလမ်း၌ ကားများ၊ သုံးဘီးဆိုင်ကယ်များ၊ ဆိုင်ကယ်၊ ဆိုက်ကားများ၊ ခြေကျင်ဖြတ်သန်းသွားလာနေသူများဖြင့် မပြတ်လှုပ်ရှားမှုရှိနေပြီး သာမန်နေထိုင်မှုပုံစံမျိုးသာရှိကာ ကြောက်ရွံ့ထိတ်လန့်မှု၊ စိုးရိမ်မှုတစ်စုံတစ်ရာမရှိသည်ကို တွေ့မြင်ရသည်။ အမှတ် (၄) အခြေခံပညာအလယ်တန်းကျောင်းခွဲရှေ့မှဖြတ်သန်းစဉ် ကျောင်းတက်ချိန် မရောက်သေးသဖြင့် ကျောင်းသား၊ ကျောင်းသူများ ပျော်ရွှင်စွာ ကစားနေကြသည်ကို တွေ့ရသည်။

မောင်တောမြို့အထွက် လယ်ကွင်းများ၊ သုံးမိုင် -သာစည်ရွာနှင့် လေးမိုင်သွား လမ်းဘေးရှိ လယ်ကွင်းများတွင်လည်း စပါးရိတ်သိမ်းသူများ၊ ကျွဲနွားများဖြင့် ရိတ်သိမ်းခြွေလှေ့သူများကို စုစုဝေးဝေး လှမ်းတွေ့ရသည်။

မောင်တောမြို့အထွက်ရှိ ဆောက်လုပ်ဆဲ ခရိုင်တရားရုံး၊ မြို့နယ်ပညာရေးမှူးရုံးနှင့် အခြားအဆောက်အအုံများတွင်လည်း လုပ်ငန်းများ ပြန်လည်လုပ်ကိုင်နေကြသည်ကို မြင်ရသည်။

သာစည်ကျေးရွာရှိ ဒေါ်မဦးက ပဲ၊ မုန်လာ၊ ငရုတ်၊ ဂေါ်ဖီ၊ ရုံးပတီ၊ ခရမ်း စသည့် အသီးအနှံများ စိုက်ပျိုးထားကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းမှုကို လိုလားကြောင်း ပြောကြားသည်။

ဘူးသီးတောင်ဘက်သို့ မောင်တောမှ ဆိုင်ကယ်ကယ်ရီများအပါအဝင် ခရီးသည်တင်ယာဉ်များလည်း တစ်နေ့ထက်တစ်နေ့ ပိုမိုပြေးဆွဲနေသည်ကို ယနေ့လှည့်လည်စဉ် တွေ့မြင်ခဲ့ရသည်။

ညနေပိုင်းတွင် မောင်တောမြို့ မြောက်ပိုင်းရှိ ရွှေဇားရွာကြီးနှင့် အောင်ဗလကျေးရွာတို့သို့ ရောက်သည်။ ရွှေဇားချောင်းကို ဖြတ်ကျော်ဖောက်လုပ်ထားသည့် ရွှေဇားတံတားကို ဖြတ်သန်းလျှင် ရွှေဇားကျေးရွာသို့ ရောက်သည်။ ရွှေဇားရွာမှာ ရွာကြီးဖြစ်ပြီး အစ္စလာမ်ဘာသာဝင်များ နေထိုင်ကြသည်။

အောင်ဗလ ကျေးရွာအဝင်၌ ကျေးရွာနေ ဦးအောင်လှတို့အဖွဲ့နှင့် တွေ့ရာ ၎င်းတို့က ကျေးရွာအခြေအနေ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအခြေအနေတို့ကို ပြောပြသည်။

အောင်ဗလကျေးရွာ၌ အိမ်ခြေ ၁၂၀ ခန့်ရှိပြီး တိုင်းရင်းသားများ နေထိုင်ကြသည်။ လူဦးရေ ၅၀၀ ကျော်ရှိပြီး ရေလုပ်ငန်း၊ ပန်းထိမ်လုပ်ငန်းတို့ဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ ကျေးရွာဘုန်းကြီးကျောင်း တစ်ကျောင်းရှိပြီး ရွာထိပ်တွင် စေတီတစ်ဆူ တည်ထားသည်။

ကျေးရွာအနေဖြင့် လတ်တလောတွင် ရေလုပ်ငန်းများ ခေတ္တရပ်ဆိုင်းထားရသဖြင့် စားဝတ်နေရေး အခက်အခဲရှိကြောင်း၊ ယခင်က ရေလုပ်ငန်းမှ တစ်နေ့လျှင် ငွေကျပ် တစ်သောင်းကျော် ဝင်ငွေရရှိကြောင်း၊ ပန်းထိမ်လုပ်ငန်းမှာလည်း ယခင်လက်ကျန်အလုပ်လေးကို လုပ်ကိုင်နေရသဖြင့် အလုပ်အကိုင်မကောင်းကြောင်း ရွာသားများက ပြောသည်။ ရွာထဲမှ ဖြတ်သန်းစဉ် ဈေးဆိုင်ငယ်များတွင် ဈေးဝယ်နေသူများ၊ မုန့်ဆိုင်တွင် ထိုင်၍ စားသောက်နေသူများကို တွေ့ရပြီး ပိုက်ကျော်ခြင်းခတ် ကစားနေသူ များဖြင့် ပုံမှန်တွေ့နေကျ ကျေးလက်မြင်ကွင်းအတိုင်း မြင်တွေ့ရသည်။

"ပြီးခဲ့တဲ့လက ဖြစ်စဉ်ဖြစ်ပွားခဲ့ပေမယ့် ကျွန်တော်တို့ရွာက ပုံမှန်အတိုင်းပါပဲ။ ရွာမှာ နယ်ခြားစောင့်လုံခြုံရေးကင်းအဖွဲ့တွေလည်း ရှိပါတယ်။ ၂၀၁၂ ခုနှစ်တုန်းကလည်း ဘာမှ သိပ်မထူးခြားပါဘူး။ အေးအေးချမ်းချမ်းပါပဲ" ဟု ဦးလှုဝက ပြောကြားသည်။

ရွှေဇားတံတားထိပ်ရှိ ရွှေဇားရွာ၌လည်း ပုံမှန်သွားလာလှုပ်ရှားနေသူများကို တွေ့မြင်ခဲ့ရသည်။

**သတင်း-ကိုသက်နှင့် အဖွဲ့**
**ဓာတ်ပုံ - မင်းထက် ၊ ဖိုးထောင်**

# မောင်တောအကြမ်းဖက်မှုနှင့်ပတ်သက်ပြီး မသင်္ကာ၍ ထိန်းသိမ်းထားသူများအနက် နှစ်ဦးကို ဆေးကုသပေးလျက်ရှိ



**နေပြည်တော် နိုဝင်ဘာ ၁၇**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် မြဇင်ကျေးရွာ၌ အမှတ် (၂)နယ်ခြားစောင့် ရဲကွပ်ကဲမှုအဖွဲ့မှူးရုံးမှ ဒုရဲအုပ်တစ်ဦး ဦးစီးသည့်ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၄ ရက် နံနက် ၇ နာရီ ၄၅ မိနစ်က နယ်မြေရှင်းလင်းစဉ် ယင်းကျေးရွာနေ အဒူဟာမီ၏ နေအိမ်အတွင်းမှ တုတ်၊ ဓားများကိုင်ဆောင်ထားသည့် မသင်္ကာသူ ၁၄ ဦးအား စစ်ဆေးဖမ်းဆီးရမိခဲ့သဖြင့် အမှတ်(၁) နယ်ခြားစောင့် ရဲကွပ်ကဲမှုအဖွဲ့ဌာနချုပ် (ကျီးကန်းပြင်)၌ ထိန်းသိမ်းထားစဉ် လောင်းဒုံကြက်ချောင်းကျေးရွာနေ အီဒီရက်စ် (၂၅ နှစ်)(ဘ) ရှောင်ရှူအာလောင်သည် သွေးအားနည်းရောဂါခံစားနေရသဖြင့် ဆေးတပ်စုက ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။

မသင်္ကာ၍ ထိန်းသိမ်းထားသူတစ်ဦးအား ကျန်းမာရေး စစ်ဆေးပေးစဉ်

အလားတူ ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း တပ်မတော်စစ်ကြောင်းများ နယ်မြေရှင်းလင်းစဉ် နိုဝင်ဘာ ၁၂ ရက်က ပွင့်ဖြူချောင်းကျေးရွာအတွင်းမှ ဖမ်းဆီးရမိသော မသင်္ကာဖွယ်ရာအကြမ်းဖက်စီးနင်း တိုက်ခိုက်သူ ၄၁ ဦးတွင်ပါဝင်သူ ဝက်ပြင်ကျေးရွာနေ မာမက်တာဟတ် (၂၈ နှစ်) (ဘ) ဂူရာမျာသည် မောင်တောမြို့မရဲစခန်း၌ ထိန်းသိမ်းထားစဉ် ကျန်းမာရေးချို့တဲ့သဖြင့် ယမန်နေ့ ညနေ ၄ နာရီက မောင်တောမြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်၍ ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# မောင်တောမြို့နယ်၌ အကြမ်းဖက် မသင်္ကာသူ ၅၉ ဦး ထပ်မံဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၇**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကျားခေါင်းတောင်ကျေးရွာ၊ ဂွဆုံကျေးရွာနှင့် ဒါးကြီးဇားကျေးရွာများသို့ အမှတ်(၁) နယ်ခြားစောင့် ရဲကွပ်ကဲမှုအဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးတစ်ဦး ဦးဆောင်သည့်အဖွဲ့သည် ယမန်နေ့ နံနက် ၁၀ နာရီက ဝင်ရောက်ရှင်းလင်းရာ အကြမ်းဖက်သမားဟုယူဆရသော မသင်္ကာသူ ၅၉ ဦးကို ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ မသင်္ကာသူ ၅၉ ဦးမှ ဂွဆုံကျေးရွာနေ ရှော်ရှီး တာမောက် ( ၅၂ နှစ်) (ဘ) အာဘီ အပါအဝင် ဂွဆုံကျေးရွာမှ ၂၁ ဦး၊ ကျားခေါင်းတောင်ကျေးရွာမှ ကိုးဦးတို့ကို ညနေ ၅ နာရီ ၃၅ မိနစ်တွင် အမှတ်(၃) နယ်ခြားစောင့်ကွပ်ကဲမှု အဖွဲ့မှူးရုံး၌ လည်းကောင်း၊ ဂွဆုံကျေးရွာနေ ကျပန်းလုပ်ငန်းလုပ်ကိုင်သည့် ဟာမတ်ဒူလာ (၁၅ နှစ်) (ဘ) နုလာရာလ်လောင် အပါအဝင် ဂွကျေးရွာမှ ၁၅ ဦး၊ ကျားခေါင်းတောင်ကျေးရွာမှ ၁၂ ဦး၊ ဒါးကြီးဇားကျေးရွာမှတစ်ဦး၊ ဦးဆိန်ကျကျေးရွာမှ တစ်ဦးတို့အား ညနေ ၅ နာရီ ၄၅ မိနစ်တွင် အမှတ်(၄) နယ်ခြားစောင့် ရဲကွပ်ကဲမှုအဖွဲ့မှူးရုံး၌ လည်းကောင်း ခေတ္တထိန်းသိမ်းပြီး လိုအပ်သည်များကို စိစစ်ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးသတင်းထုတ်ပြန်ရေးကော်မတီက သတင်းထုတ်ပြန်ထားရှိသည်။ **(သတင်းစဉ်)**



ဖမ်းဆီးရမိသည့် အကြမ်းဖက်သမားဟု ယူဆရသူအချို့ကို တွေ့ရစဉ်

# မောင်တော-ဘူးသီးတောင် ယာဉ်လိုင်းများ ခရီးသည်နည်းပါးသဖြင့် ဝင်ငွေနည်း၊ အမြန်တည်ငြိမ်အေးချမ်းစေရန် ဒေသခံများ ဆန္ဒရှိနေ

**မောင်တော နိုဝင်ဘာ ၁၇**

မောင်တောမြို့အထွက် စစ်ဆေးရေးဂိတ်ကို ယနေ့နံနက်ပိုင်းတွင် ခေတ္တဝင်ရောက်လေ့လာရာ မောင်တောနှင့် ဘူးသီးတောင်ပြေးဆွဲသည့် ခရီးသည်တင်ယာဉ်များ၊ ကုန်ကားများ၊ ကျေးရွာများမှ ဈေးရောင်းဈေးဝယ်လာကြသည့် သုံးဘီးယာဉ်များ မပြတ် ဖြတ်သန်းသွားလာနေသည်ကိုတွေ့ရပြီး ယခင်ကထက် သွားလာမှုနည်းပါးသေးကြောင်း၊ ဝင်ငွေလည်း နည်းပါးသွားကြောင်းနှင့် အမြန်တည်ငြိမ်အေးချမ်းစေရန် ဆန္ဒရှိကြောင်း ခရီးသွားများ၊ ယာဉ်မောင်းများက ပြောပြသည်။

ဟိုင်းလတ်ခရီးသည်တင်ယာဉ်မောင်း ကိုရဲထွန်းအောင်က "ဒီနေ့မှ ကျွန်တော်က ပြန်ပြေးဆွဲတာပါ။ ကျွန်တော် အခု မနက် ဘူးသီးတောင်ကနေ ထွက်လာတာပါ။ ဒီနေ့တစ်ခေါက်ပဲ ဆွဲဖြစ်မှာပါ။ ခရီးသည်က အရင်လောက်မများတော့ ဒီတစ်ခေါက်တောင် ဆန်နဲ့ မီးသွေးတင်လာရပါတယ်။ တစ်ခေါက်ကို ငွေကျပ်တစ်သောင်း၊ တစ်သောင်းခွဲလောက်ပဲ ရပါတယ်။ အရင်ကတော့ တစ်နေ့ကို ငွေကျပ် သုံးလေးငါးသောင်းအထိ ရပါတယ်။ ဘူးသီးတောင် - မောင်တော ပြေးဆွဲတာက စုစုပေါင်း ယာဉ်အစီး ၃၀ လောက် ရှိပါတယ်" ဟု ပြောသည်။

"ဒီနေ့ ကျွန်တော့်မှန်လုံကားမှာ ခရီးသည် ခြောက်ယောက်ပဲ ပါပါတယ်။ အသွားအလာနည်းကြသေးပါတယ်။ အခုပါလာတဲ့ ခရီးသည်တောင် အမျိုးသားတွေချည်းပါ။ တစ်ယောက်ကို ခရီးစဉ်အပေါ် မူတည်ပြီး ငွေကျပ် ၁၀၀၀- ၁၂၀၀ ယူပါတယ်။ ကျွန်တော်က အခု မောင်တောကနေ ဘူးသီးတောင်ကို ပြန်မှာပါ။ မနက်က ဘူးသီးတောင်ကနေ ထွက်လာတာပါ။ ကျွန်တော်က ငါးခူရ ဇာတိပါ။ မိဘတွေက ဝန်ထမ်းအငြိမ်းစားတွေဖြစ်ပြီး အစ်မတွေက ကျောင်းဆရာမပါ။ ငါးခူရကို နယ်မြေအခြေ အနေအပေါ် မူတည်ပြီး ပြန်သွားမှာပါ။ ဒါက ကျွန်တော့်ကိုယ်ပိုင်ကားပါ။ ဒီလို မှန်လုံယာဉ်ခရီးသည်တင် အမြန်ယာဉ် ၁၀ စီးလောက်ရှိပါတယ်" ဟု ကိုဇင်ကိုငြိမ်းက ပြောသည်။

လေးမိုင် မကျီးကုန်းကျေးရွာမှ သုံးဘီးယာဉ်မောင်း ကိုကျော်လှသိန်းက "ဒီနေ့ နံနက် စောစောကတည်းက ရွာက ဟင်းသီးဟင်းရွက် ရောင်းဝယ်မယ့်သူတွေနဲ့ မောင်တောကို တက်လာတာပါ။ ပဲ၊ ဖရုံ၊ ငရုတ်၊ ခရမ်းသီး စတဲ့ ဟင်းသီးဟင်းရွက်တွေကို ကျွန်တော်တို့ရွာကနေ ဒီမှာ လာရောင်းတာပါ။ အသွားအပြန် တစ်ယောက်ကို ငွေကျပ် ၆၀၀ ယူပါတယ်။ တစ်နေ့ ဆီဖိုးနုတ်ပြီး ကျွန်တော့်အတွက် ငွေကျပ် ၈၀၀၀၊ ၉၀၀၀ လောက်တော့ ကျန်ပါတယ်။ အရင်ကဆို မြို့ပေါ်အပြန် ကုန်လည်းပါတော့ ဒီထက် ပိုက်ဆံပိုရပါတယ်။ ကျွန်တော်တို့ဒေသက မြို့နဲ့လည်းနီးပြီး အထိုက်အလျောက် အေးချမ်းမှုရှိတာမို့ နေ့တိုင်း ပြေးဆွဲပေးပါတယ်" ဟု ပြောသည်။

"ကျွန်မက ရွာမှာ စိုက်ပျိုးတဲ့ အသီးအနှံတွေနဲ့ စပါးလေးနည်းနည်း မြို့ပေါ် သွားရောင်းတာပါ။ အရင်ကလို ရောင်းမကောင်းသေးပါဘူး။ စပါးဈေးကလည်း အရင်လို မဟုတ်ဘူး။ အပြန်မှာ မြို့ပေါ်က အိမ်မှာ လိုတဲ့ပစ္စည်းလေးနည်းနည်းပြန်ဝယ်လာပါတယ်။ ကျွန်မတို့ဒေသမှာ ဟိုမြောက်ပိုင်းဒေသတွေလို မဟုတ်ပါဘူး။ တည်တည်ငြိမ်ငြိမ်အေးအေးချမ်းချမ်းပါပဲ" ဟု သုံးမိုင်သာစည်ကျေးရွာမှ ဒေါ်မြနှစ်က ပြောသည်။



မောင်တောမြို့ ဝင်/ထွက်ဂိတ်တစ်ခု၌ ယာဉ်များ ဖြတ်သန်းသွားလာမှုအခြေအနေကို တွေ့ရစဉ်

**သတင်း-ကိုသက်နှင့် အဖွဲ့ ဓာတ်ပုံ - မင်းထက် ၊ ဖိုးထောင်**

# အကြမ်းဖက်သင်တန်းမတက်လျှင် လည်လှီးသတ်ဖြတ်မည်ဟု ခြိမ်းခြောက် ကျေးရွာများအား အကြမ်းဖက်သမားများကသာ မီးရှို့ခဲ့ခြင်းဖြစ်ကြောင်း ထုတ်ဖော်ပြောကြား

**နေပြည်တော် နိုဝင်ဘာ ၁၇**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်ခဲ့မှုဖြစ်စဉ်များကြောင့် တပ်မတော်နှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့တို့ ပူးပေါင်းပြီး နယ်မြေရှင်းလင်းရေး ဆောင်ရွက်စဉ် ဖမ်းဆီးရမိသော အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများနှင့် မသင်္ကာသူများအား ဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိရာ ဖမ်းဆီးထိန်းသိမ်းထားသူ လေးဦးက ခြိမ်းခြောက်စည်းရုံးခံရမှု၊ မွတ်စလင်ကျေးရွာများအား ၎င်းတို့ကိုယ်တိုင် မီးရှို့ခဲ့မှုနှင့် အကြမ်းဖက်တိုက်ခိုက်ရန် ပြင်ဆင်နေမှုများကို ထုတ်ဖော်ပြောကြားခဲ့ကြကြောင်း သိရသည်။

ပွင့်ဖြူချောင်းကျေးရွာမှ နိုဝင်ဘာ ၁၂ ရက်တွင် ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည့် ဂျာဘူရာမန်အား စစ်ဆေးမေးမြန်းရာ "သင်တန်းမတက်ရင် သေနတ်နဲ့ ပစ်မယ်၊ လည်လှီးမယ်လို့ပြောပြီး စည်းရုံးပါတယ်။ ကျွန်တော်တို့ရွာက အယောက် ၂၀ သင်တန်းတက်ရောက်ခဲ့ပါတယ်။ သင်တန်းကိုတော့ မယင်းတောင် အနောက်ဘက်မှာ တက်ခဲ့ပါတယ်။ တိုက်ပွဲဖြစ်တဲ့နေ့က ဘင်္ဂါလီရွာကို မီးတိုက်ပြီး ပြန်သွားခဲ့ပါတယ်။ အဲ့ဒီအဖွဲ့မှာ သေနတ် ၁၀ လက်နဲ့ ဓား ၁၀ ချောင်းပါပါတယ်"ဟု ဖြေကြားခဲ့သည်။

အလားတူ ပွင့်ဖြူချောင်းကျေးရွာမှ ဖမ်းဆီးထိန်းသိမ်းထားသူ မာမတ်အီစလာမ်ကိုမေးမြန်းရာ "ဗလီတက်တဲ့အချိန်မှာ ဗလီဆရာကြီးက ရွာကလူတွေကို စည်းရုံးပါတယ်။ ဘင်္ဂလားဒေ့ရှ်က လူတွေလာတယ်၊ ဘင်္ဂလားဒေ့ရှ်က လူတွေနဲ့ပေါင်းပြီး တိုက်ရမယ်လို့ ပြောပါတယ်။ ရိုဟင်ဂျာကို အစိုးရက ဘယ်တော့မှပေးမှာမဟုတ်ဘူး၊ ငါတို့ လူစုလူဝေးနဲ့ ရိုဟင်ဂျာကို တိုက်ယူရမယ်။ တစ်အိမ် တစ်ယောက်ထွက်ပြီး တိုက်ရမယ်။ တစ်အိမ်တစ်ယောက်ကျ မလိုက်တဲ့လူတွေကို လည်လှီးပြီး သတ်မယ်လို့ ပြောတယ်။ ထိတွေ့မှုဖြစ်တဲ့အခါမှာ အစ္စလာမ်၊ ရိုဟင်ဂျာ၊ နာကာတူရီ၊ ဝတ်စ်ဖိုစ်လို့ အော်ပြီး သွားပါတယ်။ တောင်ကြားမှာ သင်တန်းပေးပါတယ်။ ရိုဟင်ဂျာပေးမယ်ပြောပြီး မပေးဘူး၊ မပေးတဲ့အတွက် ငါတို့သိပ်ကြာသွားမယ်။ တိုက်ပွဲဝင်ရမယ်။ တိုက်ပွဲဖြစ်တဲ့အချိန်မှာ ကျွန်တော်က ဓားကိုင်ပြီးတော့ ရွာမှာရှိပါတယ်။ ရွာတွေကို မီးရှို့တာတွေရှိပါတယ်။ ဘင်္ဂလားဒေ့ရှ်က ဝင်လာတဲ့လူတွေနဲ့ ရွာကလူဆိုးတွေက ရှို့တာပါ။ တိုက်ပွဲဖြစ်တဲ့အချိန်မှာ ရွာသားတွေ တစ်အိမ်တစ်ယောက် ဓားကိုင်ပြီးတော့ ထွက်ပါတယ်။ ဓားကိုင်ပြီးတော့ အကုန်လုံး ရွာလမ်းပေါ် ထွက်ကြပါတယ်" ဟု ဖြေကြားခဲ့သည်။



နယ်မြေရှင်းလင်းစဉ် ဖမ်းဆီးရမိသော အကြမ်းဖက်သမားများနှင့် မသင်္ကာသူများအား စစ်ဆေးမေးမြန်းစဉ်

အလားတူ မောင်တောမြို့နယ် ရေတွင်းကျွန်းကျေးရွာမှ ဖမ်းဆီးထိန်းသိမ်းရမိသည့် အီအာဟာအား မေးမြန်းစစ်ဆေးရာ "နိုဝင်ဘာ ၁၃ ရက်မှာ အကြမ်းဖက်လာသူတွေက မီးတိုက်တာပါ။ ကျွန်တော်မြင်တာကတော့ အိမ် ၁၀၀ ကျော်လောက် မီးထဲပါသွားပါတယ်" ဟု ဖြေကြားခဲ့ကြောင်း သိရသည်။

ထို့အတူ ဖမ်းဆီးထိန်းသိမ်းထားသည့် ကြိမ်ချောင်း (မြောက်ရွာ) နေ ဆော်ဒူအာမိန်အား မေးမြန်းစစ်ဆေးရာ "ကျွန်တော်တို့ တုတ်၊ ဓားကိုင်ပြီး လူတွေစုနေတာဟာ စစ်တပ်တွေ၊ ရဲတွေလာရင် တိုက်ပြီးတော့ သေနတ်တွေလုဖို့ပါ။ ဓားရယ်၊ တုတ်ရယ်၊ လေးခွရယ် ပါပါတယ်။ စစ်တပ်ကို ဓားနဲ့ ခုတ်မယ်ဆိုပြီးတော့ လူအများကြီး စုနေတာပါ။ တိုက်ပွဲမဖြစ်ခင်ညက လူကြီးပိုင်းတချို့ကိုပါ ခေါ်ပြီး တောထဲဝင်သွားပါတယ်။ ရွာကို မီးရှို့တာ အကြမ်းဖက်သမားတွေ မီးရှို့တာပါ၊ ရှို့ပြီးတော့ အနောက်ဘက်ကို ထွက်သွားကြတာပါ" ဟု ဖြေကြားခဲ့သည်။

စစ်ဆေး မေးမြန်းချက်များအရ အကြမ်းဖက် စီးနင်းတိုက်ခိုက်သူများသည် ဒေသနေ မွတ်စလင်အသိုင်းအဝိုင်းအား တစ်အိမ်တစ်ယောက် မဖြစ်မနေ လိုက်ပါစေပြီး မလိုက်လျှင် လည်လှီးသတ်ဖြတ်မည်ဟု ခြိမ်းခြောက်ကာ တပ်မတော်နှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များအား ရွာတွင်းဝင်လာလျှင် ဓားဖြင့်ခုတ်ရန် စောင့်ဆိုင်းနေကြကြောင်း၊ ကျေးရွာများအား မီးရှို့သူများမှာလည်း အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများပင်ဖြစ်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားရှိသည်။ **(သတင်းစဉ်)**

# မောင်တောဒေသ၌ လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများနှင့် ဒေသခံပြည်သူများအတွက် စားသောက်ဖွယ်ရာနှင့် အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၁၇**

ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများနှင့် ဒေသခံပြည်သူများအတွက် စစ်တွေမြို့ ROYAL RESORT @ ROYAL BEACH စေတနာရှင်မိသားစုများက စားသောက်ဖွယ်ရာများနှင့် အလှူငွေများပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို နိုဝင်ဘာ ၁၆ ရက် မွန်းလွဲပိုင်းက စစ်တွေမြို့ရှိ အလိုတော်ပြည့်ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အလိုတော်ပြည့်ဆရာတော်ကြီးထံမှ သြဝါဒခံယူပြီး အလှူရှင်များက ဆန်အိတ် ၃၀၀၊ ငါးခြောက် ပိဿာ ၃၁၀ နှင့် အလှူငွေကျပ် သိန်း ၅၀ တို့ကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ အဆိုပါ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို မောင်တောဒေသရှိ လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများနှင့် ဒေသခံပြည်သူများထံသို့ ဆက်လက်ပို့ဆောင်လှူဒါန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်အဖွဲ့ စစ်တွေပြည်သူ့ဆေးရုံသို့ သွားရောက်လေ့လာ

**စစ်တွေ နိုဝင်ဘာ ၁၇**

ရခိုင်ပြည်နယ်စစ်တွေမြို့၌ရောက်ရှိနေသော ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် စစ်တွေပြည်သူ့ဆေးရုံကြီးသို့သွားရောက်ပြီး ဆေးရုံကြီး အရေးပေါ်ဌာန၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် ဒေသခံတိုင်းရင်းသားများနှင့် စစ်တွေမြို့နယ်ရှိ ကယ်ဆယ်ရေးစခန်းများမှ ကျန်းမာရေးစောင့်ရှောက်မှု ခံယူနေကြသူများအား တွေ့ဆုံ၍ သိရှိလိုသည်များကို မေးမြန်းကြသည်။

ဆက်လက်၍ ဆေးရုံတက်ရောက်နေကြသည့် စစ်တွေမြို့နယ် သက်ကယ်ပြင်၊ ဒါးပိုင်၊ ဘုမေကယ်ဆယ်ရေးစခန်းများမှ လူနာများအားလည်းကောင်း၊ မြေပုံမြို့နယ်၊ ပေါက်တောမြို့နယ် ကယ်ဆယ်ရေးစခန်းများမှ လူနာများအားလည်းကောင်း လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ဆေးရုံကြီးအတွင်းရှိ မျက်စိကုသဆောင်၊ အောက်ဆီဂျင်ဓာတ်ငွေ့ ထုတ်ယူသုံးစွဲခန်း၊ CT Scaner စက်များတပ်ဆင်ထားမှု၊ သားဖွားခန်းနှင့် ကလေးလူနာဆောင်တို့ကို လှည့်လည်ကြည့်ရှုရာ ပြည်နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာဦးရွှေသိန်းက လိုက်လံရှင်းလင်းပြသခဲ့သည်။

ကော်မရှင်အဖွဲ့သည် မွန်းလွဲပိုင်းတွင် စစ်တွေမြို့မှ လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ဘရာဇီးနိုင်ငံတွင် စစ်အုပ်ချုပ်ရေးကို တောင်းဆိုသည့် ဆန္ဒပြဆူပူမှုဖြစ်ပွား



**ရီယိုဒီဂျနေရိုး နိုဝင်ဘာ ၁၇**

ဘရာဇီးနိုင်ငံတွင် စစ်အုပ်ချုပ်ရေးကိုတောင်းဆိုလျက်ရှိသည့် ဆန္ဒပြသူများသည် ဘရာဇီးလီးယားရှိ အောက်လွှတ်တော်အဆောက်အအုံအတွင်းသို့ အတင်းအကျပ်တိုးဝှေ့လျက်ရှိသည်။

ဆန္ဒပြသူလေးဆယ်ကျော်ခန့်သည် ရဲများနှင့် ရန်းရင်းဆန်ခတ်ဖြစ်ပွားလျက်ရှိပြီး လွှတ်တော်အစည်းအဝေးကျင်းပမည့် စင်မြင့်ပေါ်၌ နေရာယူခဲ့ကြသည်။ ဆန္ဒပြသူများ သည် ဘရာဇီးအစိုးရ၏ အကျင့်ပျက်ခြစားမှုကို လူသိရှင်ကြားကဲ့ရဲ့ရှုတ်ချလျက် ၁၉၆၄ မှ ၁၉၈၅ အထိ ကျင့်သုံးလာသည့် စစ်အုပ်ချုပ်ရေးကို ပြန်လည်တောင်းဆိုလျက်ရှိသည်။

ဘရာဇီးနိုင်ငံမြို့တော် ရီယိုဒီဂျနေရိုး၌ လုပ်အားခဖြတ်တောက်လျှော့ချခံရမှုကြောင့် ဆန္ဒပြနေကြသည့် အစိုးရဝန်ထမ်း အလုပ်သမားများအား ရဲများက မျက်ရည်ယိုဗုံးများဖြင့် လူအုပ်ထဲသို့ ပစ်ခတ်ခဲ့ကြောင်း သိရသည်။

ဆန္ဒပြဆန့်ကျင်သူများသည် လွှတ်တော်ခန်းမအတွင်းသို့ ဝင်ရောက်နိုင်ရန် လုံခြုံရေးအစောင့်များကို အတင်းတိုးဝှေ့ဖြတ်ကျော်ခဲ့ကြပြီး မှန်တံခါးများကို ရိုက်ချိုးဖျက်ဆီးခဲ့ကြကြောင်း သိရသည်။ **(ဘီဘီစီ)**

# အရေးပေါ်အခြေအနေထုတ်ပြန်ထားမှုကို ထပ်မံအချိန်ဆွဲထားရန် ပြင်သစ်သမ္မတဖရန်ဆွာဟော်လန်းပြောကြား

**ပါရီ နိုဝင်ဘာ ၁၇**

မရာကက်ချ်၌ကျင်းပသည့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံတွင် ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်းသည် နိုင်ငံအတွင်းအရေးပေါ်အခြေအနေတစ်ရပ် ထုတ်ပြန်ကြေညာထားမှုကို



သမ္မတရွေးကောက်ပွဲကျင်းပမည့်အချိန်ဖြစ်သည့် ၂၀၁၇ မေလမှ ပြီလအထိ ထပ်မံအချိန်ဆွဲလိုကြောင်း ပြောကြားခဲ့သည်ဟု French Press သတင်းစာက ဖော်ပြသည်။

အကြမ်းဖက်တိုက်ခိုက်မှုအန္တရာယ်တွေနဲ့ ရင်ဆိုင်နေရတာဖြစ်တဲ့အတွက် အရေးယူဆောင်ရွက်မှုတွေကို မဖြစ်မနေပြုလုပ်ဖို့ လိုအပ်နေပါတယ်။

သမ္မတရွေးကောက်ပွဲပြုလုပ်တော့ မှာဖြစ်ပြီး လာမယ့် ရက်သတ္တပတ်အတွင်းမှာ မဲဆွယ်စည်းရုံးမှု တွေပြုလုပ်ကြတော့မယ်။

အစိုးရအဖွဲ့က အရေးပေါ်အခြေအနေကိုအချိန်ထပ်တိုးဖို့ တောင်းဆိုလိုက်ပြီး ဒါကို ပါလီမန်မှာ အဆိုပြုသွားမှာဖြစ်တယ်ဟု ဖရန်ဆွာဟော်လန်းက ပြောကြားခဲ့သည်။

အင်္ဂါနေ့နံနက်စောပိုင်းကတည်းက ပြင်သစ်ဝန်ကြီး ချုပ်မန်နျူရယ်ဘော့လ်က မူလကသတ်မှတ်ထားသည့် အချိန်ကာလဖြစ်သည့် ၂၀၁၇ ဇန်နဝါရီလကို ကျော်လွန် ၍ နောက်ထပ်အချိန်ဆွဲထားရန် လွှတ်တော်၌ တင်ပြ တောင်းဆိုသွားမည်ဖြစ်ကြောင်း ပါရီ၌အတည်ပြုပြောကြားခဲ့သည်။
**(ဆင်ဟွာ)**

# အီရတ်ရဲဝန်ထမ်းဟောင်း ၃၀၀ ကျော်ကို အိုင်အက်စ်တို့သတ်ဖြတ်

**မိုဆူးလ် နိုဝင်ဘာ ၁၇**

အိုင်အက်စ်အစွန်းရောက် စစ်သွေးကြွအဖွဲ့သည် လွန်ခဲ့သောသုံးပတ်အကြာက အီရတ်ရဲဝန်ထမ်းဟောင်း ၃၀၀ ကျော်ကို သတ်ဖြတ်ခဲ့ပြီး ၎င်းတို့၏အလောင်းများကို မိုဆူးလ်တောင်ပိုင်း ဟာမန်အယ်လ်အလီမြို့အနီးရှိ သင်္ချိုင်းမြေတွင် မြှုပ်နှံထားခဲ့ကြောင်း လူ့အခွင့်အရေးစောင့်ကြည့်လေ့လာမှုအဖွဲ့က ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။

သေနတ်ဖြင့် ပစ်သတ်ထားသော အလောင်းများနှင့် ခေါင်းဖြတ်သတ်ထားသောအလောင်းများကို စစ်သွေးကြွများက အဆိုပါ အုတ်ဂူတွင်မြှုပ်နှံထားခဲ့ကြောင်း အဆိုပါ နေရာအနီးရှိဒေသခံများကပြောကြားခဲ့သည်ဟု ဆိုသည်။

အိုင်အက်စ်အဖွဲ့သည် မြို့တွင်းမှ ဆုတ်ခွာမသွားမီ ရက်သတ္တပတ် အနည်းငယ်အတွင်း လူ ၂၀၀ကျော်ကိုသတ်ဖြတ်သွားသည်ဟု ယုံကြည်ရကြောင်း ဒေသခံများကပြောကြားခဲ့သည်။

လူ့အခွင့်အရေး စောင့်ကြည့်လေ့လာမှုအဖွဲ့၏ ပြောပြချက်အရ လွန်ခဲ့သည့်လက စစ်သွေးကြွများစုဝေးခဲ့ရာမြို့များ နှင့် အနီးအနားကျေးရွာများရှိ လူ ၂၀၀၀ ကျော်ရှိသည့် ရဲဝန်ထမ်းဟောင်းတစ်စုသည် လူစုကွဲသွားကြကြောင်း သိရသည်။

ရဲဝန်ထမ်းဟောင်းများဟု ယူဆရသည့် အမျိုးသား ၁၀၀ မှ ၁၂၅ ဦးအထိ တင်ဆောင်ထားသည့် ထရပ်ကားလေးစီးကို အိုင်အက်စ်တိုက်ခိုက်ရေးသမားများက စိုက်ပျိုးရေးကောလိပ်ကိုဖြတ်ကျော်ကာ သင်္ချိုင်းအနီးသို့ မောင်းနှင်သွားခဲ့သည်ကိုမြင်တွေ့ခဲ့ရကြောင်း နေ့စားအလုပ်ကြမ်းသမားတစ်ဦးက ပြောကြားခဲ့သည်။ မိနစ်ပိုင်းအတွင်း သေနတ်ပစ်သံများနှင့် ကြောက်မက်ဖွယ် အော်ဟစ်သံများကို ကြားလိုက်ရကြောင်း ၎င်းက ပြောသည်။ **( ရိုက်တာ)**

# တူရကီအစိုးရက ကာ့ဒ်များကိုထောက်ခံသည့် ပါတီခေါင်းဆောင်ကိုဖမ်းဆီး

**အန်ကာရာ နိုဝင်ဘာ ၁၇**

တူရကီအစိုးရသည် ကာ့ဒ်ထောက်ခံသည့် ပါတီမှခေါင်းဆောင်နှင့် အရှေ့တောင်ပိုင်းမြို့ဖြစ်သည့် ဗန်မြို့မှ မြို့တော်ဝန်တို့ကို ကြာသပတေးနေ့က ထိန်းသိမ်းထားခဲ့သည်။ ယင်းဒေသရှိ ဒေသန္တရအုပ်ချုပ်ရေးမြို့ငယ်သုံးခုကိုလည်း ထိန်းချုပ်ထားခဲ့သည်။ ကာ့ဒ်နိုင်ငံရေးသမားများကို ဦးတည်၍ နှိပ်ကွပ်ခြင်းဖြစ်ကြောင်း ယင်းပါတီကပြောသည်။

ဗန်မြို့မှမြို့တော်ဝန်ဘီကာကာရာဖမ်းဆီးခံရခြင်းကိုမကျေနပ်ကြသည့် လူပေါင်း ၁၀၀ နီးပါးသည် အုပ်ချုပ်ရေးရုံးအဆောက်အအုံရှေ့၌ စုဝေးဆန္ဒပြခဲ့ကြပြီး ရဲများက မီးသတ်ပိုက်များ၊ မျက်ရည်ယိုဗုံးများအသုံးပြု၍ လူစုခွဲခဲ့ကြသည်။ တူရကီအစိုးရသည် ကာ့ဒ်အလုပ်သမားပါတီမှသူပုန်များနှင့် တိုက်ပွဲများဖြစ်ပွားနေသော်လည်း ယခုဖမ်းဆီးထိန်းသိမ်းခံရသည့် ကာ့ဒ်နိုင်ငံရေးပါတီမှပါတီဝင်များနှင့် ဂျာနယ်လစ်များမှာမူ ဇူလိုင်လအတွင်းမအောင်မြင်ခဲ့သည့် အာဏာသိမ်းမှုနောက်ပိုင်းမှ ဖမ်းဆီးခဲ့ရခြင်းဖြစ်သည်။ တူရကီအစိုးရသည် ဗန်မြို့နှင့် အခြားသောမြို့ငယ်များတွင် ကောင်စီကိုထိန်းချုပ်ရန် အုပ်ချုပ်ရေးမှူးများခန့်အပ်ထားသည်။ယခုအခါရဲများသည် မြို့တော်ဝန် ဘီကာကာရာ၏ နေအိမ်နှင့် အုပ်ချုပ်ရေးရုံးတို့ကို ရှာဖွေမှုများပြုလုပ်နေပြီး တခြားကောင်စီဝင်အရာရှိလေးဦးကိုလည်း စုံစမ်းရှာဖွေမှုများပြုလုပ်လျက်ရှိသည်။ **(ရိုက်တာ)**

# ပျောက်ဆုံးကလေးငယ်များကို မိုဘိုင်းအပလီကေးရှင်းမှတစ်ဆင့် ပြန်တွေ့

**ပေကျင်း နိုဝင်ဘာ ၁၇**

တရုတ်နိုင်ငံတွင် လွန်ခဲ့သော ခြောက်လကပျောက်ဆုံးသွားသည့် ကလေးငယ်နှစ်ဦးကို မိုဘိုင်းအပလီကေးရှင်း၏ အကူအညီများဖြင့် ခြေရာခံကာ ပြန်လည်တွေ့ရှိခဲ့ကြောင်း တရုတ်နိုင်ငံရှိ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနသည် မေ ၁၅ ရက်က ထန်ရွှန်အမည်ရှိ မိုဘိုင်းအပလီကေးရှင်းတစ်ခုကို လွှင့်တင်ခဲ့ပြီး ရဲများက ပျောက်ဆုံးသွားသောကလေးငယ်များနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို အဆိုပါအပလီကေးရှင်းမှတစ်ဆင့် သတင်းထုတ်ပြန်ခဲ့သည်။ ခြောက်လကျော်အကြာတွင် ပျောက်ဆုံးကလေးငယ်များနှင့်ပတ်သက်သည့် သတင်းပို့စ် ၂၈၀ အဆိုပါအပလီကေးရှင်းတွင်တက်လာခဲ့သည်။ ထို့နောက်တွင် လူကုန်ကူးခံရသည့်ကလေးငယ်၁၈ဦး၊ ပျောက်ဆုံးကလေးငယ် ၂၇ ဦး၊ နေအိမ်မှ ထွက်ပြေးသွားသော ကလေးငယ် ၁၅၂ ဦးနှင့် ရေနစ်ခြင်းနှင့် အခြားသောအကြောင်းကြောင့် သေဆုံးသွားသည့် ကလေးငယ် ၅၂ ဦးကို ပြန်လည် တွေ့ရှိခဲ့ကြောင်းဝန်ကြီးဌာနက ပြောကြားခဲ့သည်။ အဆိုပါအပလီကေးရှင်းသည် ဒေသခံများနှင့် ရဲများအကြားထိရောက်သည့် ပူးပေါင်းဆောင်ရွက်မှုနှင့် သတင်းအချက်အလက်မျှဝေရာတွင် ခိုင်မာသေချာစေရန်အကူအညီပေးခဲ့ပြီး ကလေးငယ်များ ပျောက်ဆုံးခြင်းနှင့် သေဆုံးခြင်းတို့နှင့်ပတ်သက်၍ မျက်မြင်သက်သေများက သတင်းပေးပို့နိုင်ရန် အားဖြည့်ပေးခဲ့ကြောင်း ပြည်သူ့လုံခြုံ ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

# ဂျပန်ဝန်ကြီးချုပ် နယူးယောက်၌ ဒေါ်နယ်ထရန့်နှင့် တွေ့ဆုံမည်

**တိုကျို နိုဝင်ဘာ ၁၇**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် အမေရိကန် ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရန့်ကို နယူးယောက်မြို့၌ ကြာသပတေးနေ့တွင် တွေ့ဆုံမည်ဖြစ်သည်။

ရှင်ဇိုအာဘေးသည် ဒေါ်နယ်ထရန့်နှင့် ပထမဦးဆုံး လူချင်းတွေ့ဆုံသည့် ခေါင်းဆောင်ဖြစ်လာမည် ဖြစ်သည်။ ၎င်းခရီးစဉ်သည် ၇ ရက်တာကြာမြင့်မည်ဖြစ်ပြီး အမေရိကန်၊ ပီရူးနှင့် အာဂျင်တီးနားသို့ သွားရောက်မည်ဖြစ်သည်။

ဒေါ်နယ်ထရန့်သည် ၎င်းသမ္မတအဖြစ် ရွေးကောက်ခံရပြီးသည့် အချိန်မှစ၍ ကမ္ဘာ့ခေါင်းဆောင်များနှင့် ဆက်သွယ်ရာတွင် တယ်လီဖုန်းဖြင့်သာ ဆက်သွယ်ခဲ့သည်။

ထို့ကြောင့် ဂျပန်ဝန်ကြီးချုပ်မှာ လူချင်းတွေ့ဆုံသည့် ပထမဦးဆုံး ခေါင်းဆောင်ဖြစ်လာမည် ဖြစ်သည်။ မစ္စတာအာဘေးသည် ဒေါ်နယ်ထရန့်နှင့် တွေ့ဆုံစဉ် ဂျပန်-အမေရိကန် မဟာမိတ်ဆက်ဆံရေးကို ဗဟိုပြု၍ ဂျပန်နိုင်ငံ၏ သံတမန်ရေးကိစ္စနှင့် လုံခြုံရေးမူဝါဒများကို ရှင်းလင်းဆွေးနွေးသွားမည်ဟု မျှော်မှန်းရသည်။

နှစ်နိုင်ငံဆက်ဆံရေး ခိုင်မြဲစေရေး မစ္စတာအာဘေးသည် ဒေါ်နယ်ထရန့်နှင့် ပုဂ္ဂိုလ်ရေးယုံကြည်မှု တည်ဆောက်ရန် စီစဉ်ထားသည်။

ထရန့်၏ အကြီးတန်း အကြံပေး ပုဂ္ဂိုလ်တစ်ဦးဖြစ်သူ ဂျက်ကင်းစတန်က ဒေါ်နယ်ထရန့် အခြားကမ္ဘာ့ခေါင်းဆောင်များနှင့် မတွေ့ဆုံမီ ရှင်ဇိုအာဘေး နှင့် တွေ့ဆုံခြင်းသည် ဂျပန်-အမေရိကန် ဆက်ဆံရေးအား ပြသရန် ဖြစ်သည်ဟု အင်န်အိတ်ချ်ကေသို့ ပြောသည်။

နိုင်ငံခြားသတင်း မီဒီယာများကလည်း မစ္စတာထရန့်နှင့် မစ္စတာအာဘေးတို့ တွေ့ဆုံမည့်အရေးကို စိတ်ဝင်စားလျက်ရှိသည်။ **(အင်န်အိတ်ချ်ကေ)**



# အိန္ဒိယဝန်ကြီးချုပ်ရဲ့အစီအစဉ်သစ်ကနေ ငွေမည်းတွေပပျောက်အောင် ဆောင်ရွက်နိုင်မှာလား



ချူးစန္ဒီနွေး

**မကြာသေးမီကာလကပဲ အိန္ဒိယလူထုကို လှုပ်ခတ်သွားစေမယ့် ကြေညာချက်တစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။ အဲဒီကြေညာချက်ကတော့ ၅၀၀ တန်နဲ့ ၁၀၀၀ တန် ရူပီးတွေကို ဖျက်သိမ်းလိုက်တယ်ဆိုတာပါပဲ။ ဒါဟာ အိန္ဒိယသမိုင်းမှာ ရဲတင်းတဲ့ စမ်းသပ်မှုမျိုးဖြစ်ပြီး ဝန်ကြီးချုပ် နာရိန္ဒြာမိုဒီက ရဲရဲဝံ့ဝံ့ပဲ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။ ဒီလိုမျိုး ငွေကြေးအချို့ကို ဖျက်သိမ်းဖို့စီစဉ်လိုက်တဲ့ ငွေကြေးပမာဏဟာ တိုင်းပြည်ငွေကြေးရဲ့ ၈၆ ရာခိုင်နှုန်းရှိပါတယ်။**

ငွေကြေးအချို့ကို ဖျက်သိမ်းတယ်လို့ ကြေညာပြီးတဲ့နောက်မှာတော့ ပြည်သူလူထုဟာ အစားထိုးလိုက်တဲ့ ၅၀၀ တန်အသစ်နဲ့ ၂၀၀၀ တန် ရူပီးတို့ကို လဲလှယ်ဖို့ အသည်းအသန် ကြိုးစားကြပါတော့တယ်။ ဖျက်သိမ်းလိုက်တဲ့ ၅၀၀ တန်နဲ့ ၁၀၀၀ တန်ရူပီးတို့အစား အသစ်အစားထိုးလိုက်တဲ့ ၅၀၀ တန်နဲ့ ၂၀၀၀ တန်ရူပီးတို့ကို ပြည်သူတွေအနေနဲ့ ဘဏ်တွေ၊ အေတီအမ်စက်တွေမှာ လဲလှယ်ခွင့်ရှိပေမယ့် လာရောက်လဲလှယ်သူရဲ့ ငွေလဲနှုန်းကိုတော့ စောင့်ကြည့်မှုတွေ ပြုလုပ်သွားမှာပဲဖြစ်ပါတယ်။

တကယ်လို့ လူတစ်ယောက်ဟာ ပမာဏအများကြီး လဲလှယ်နေပြီဆိုရင်တော့ သူ့မှာဘာကြောင့် ပိုက်ဆံအများကြီး ရှိနေတာလဲဆိုတာကို ရှင်းပြရတော့မှာပါ။ အကျင့်ပျက်ခြစားမှုနဲ့ အခွန်တိမ်းရှောင်မှုတွေကို တိုက်ဖျက်ဖို့ ရည်ရွယ်ပြီး ဒီလိုပြောင်းလဲဖို့ ဆုံးဖြတ်ခဲ့တာပါ။ ပြောင်းလဲမှုကြောင့် လာဘ်စားမှုနဲ့ အခွန်ရှောင်မှုတွေကို ဘယ်လောက်ထိ နှိမ်နင်းအောင်မြင်ပြီလဲဆိုတာတော့ မသိရသေးပေမယ့် ပြည်သူတွေကြားမှာ ဖရိုဖရဲထိတ်လန့်သွားကြတာတော့ အမှန်ပါပဲ။ ငွေကြေးအချို့ကို ဖျက်သိမ်းဖို့ ဆုံးဖြတ်လိုက်တဲ့နောက်မှာတော့ မေးခွန်းတွေ ထွက်ပေါ်လာခဲ့ပါတယ်။

အစိုးရက ငွေကြေးလည်ပတ်မှုမှာ ဘာကြောင့် ၅၀၀ တန်နဲ့ ၁၀၀၀ တန် ရူပီးကို ပယ်ဖျက်ဖို့ လုပ်ခဲ့ရတာလဲ။ အဖြေကတော့ အခွန်ပေးဆောင်ခြင်းမပြုဘဲ ရှောင်တိမ်းနေသူတွေရဲ့ လက်ထဲမှာ ၅၀၀ တန်နဲ့ ၁၀၀၀ တန် ရူပီးပမာဏအများကြီး ရှိနေပါတယ်။ ဒီလူတွေ အထိနာစေဖို့ ပစ်မှတ်ထားလုပ်ဆောင်ခဲ့တာပါ။

ဒါကြောင့် ဘဏ်မှာ ၅၀၀ တန်နဲ့ ၁၀၀၀ တန် ရူပီး စုစုပေါင်း တန်ဖိုး ၂၅၀၀၀၀ ရူပီး(သို့မဟုတ်) ဒေါ်လာ ၃၇၀၀ ထက်ကျော်ပြီး လဲလှယ်ခဲ့ရင် လဲလှယ်တဲ့သူဟာ အဲဒီငွေတွေ ဘယ်ကရတာလဲဆိုတာကို သေချာပေါက် ရှင်းပြရတော့မှာပါ။ ရှင်းပြတဲ့အခါမှာ ဒီငွေတွေကို ဘယ်ကရတာလဲဆိုတာရယ်၊ အခွန်ဆောင်ထားတယ်ဆိုတာပြသနိုင်ရင် ငွေတွေကို ဆက်လက်ပိုင်ဆိုင်ခွင့်ရမှာပါ။ ဒီလိုမှမဟုတ်ဘူး ငွေကြေးပိုင်ဆိုင်မှုတွေအတွက် အဖြေကောင်းကောင်း မရှိဘူးဆိုရင်တော့ အခွန်ဝန်ထမ်းတွေရဲ့ စစ်မေးတာကို ခံရတော့မှာပါ။




> **ကြေညာချက် ထွက်ပေါ်ပြီးတဲ့နောက်မှာတော့ ပြည်သူတွေဟာ သူတို့လက်ထဲမှာရှိတဲ့ ၅၀၀ တန်နဲ့ ၁၀၀၀ တန် ရူပီးတွေကို အသစ်ထုတ်ဝေလိုက်တဲ့ ငွေကြေးနဲ့ လဲလှယ်ဖို့ရာ ဘဏ်တွေ၊ အေတီအမ်စက်တွေရဲ့ ရှေ့မှာ နာရီပေါင်းများစွာ တန်းစီစောင့်ဆိုင်းနေခဲ့ကြပါတယ်။ တန်းစီစောင့်ဆိုင်းတဲ့ လူတွေ တစ်စတစ်စနဲ့ များပြားလာခဲ့ပြီး စောင့်ရတဲ့အချိန်ဟာလည်း ပိုပိုပြီးကြာလာပါတော့တယ်**

### လူတွေကို အနှောင့်အယှက်ဖြစ်စေမှာလား

ငွေကြေးအချို့ဖျက်သိမ်းတယ်လို့ ကြေညာချက်ထွက်ပေါ်ပြီးတဲ့နောက် တစ်ညလုံးဟာတော့ ကသောင်းကနင်း ဖြစ်နေခဲ့ပါတယ်။ အစားအသောက်၊ လောင်စာနဲ့ အခြားအခြေခံပစ္စည်းတွေ ဝယ်ယူဖို့ လူတွေရဲ့လက်ထဲမှာ ပိုက်ဆံပြတ်သွားခဲ့ပါတယ်။ လက်လီရောင်းချတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေကတော့ လုပ်ငန်းရပ်ဆိုင်းသွားပါတော့တယ်။ ဘာလို့လဲဆိုတော့ အစားအသောက်နဲ့ အခြားလိုအပ်တာတွေဝယ်ဖို့ လူတွေရဲ့ လက်ထဲမှာ ငွေကြေးအနည်းငယ်ပဲ စုဆောင်းထားနိုင်လို့ပါ။ အစိုးရဟာလည်း ငွေကြေးအချို့ ဖျက်သိမ်းတော့မယ်ဆိုတာ အခွန်တိမ်းရှောင်သူတွေ သိသွားမှာစိုးရိမ်တဲ့အတွက် ငွေကြေးအသစ်တွေကို ကြိုတင်ရိုက်နှိပ်ထားတာမျိုးမလုပ်ခဲ့ပါဘူး။

ကြေညာချက်ထွက်ပေါ်ပြီးတဲ့နောက်မှာတော့ ပြည်သူတွေဟာ သူတို့လက်ထဲမှာရှိတဲ့ ၅၀၀ တန်နဲ့ ၁၀၀၀ တန် ရူပီးတွေကို အသစ်ထုတ်ဝေလိုက်တဲ့ ငွေကြေးနဲ့ လဲလှယ်ဖို့ရာ ဘဏ်တွေ၊ အေတီအမ်စက်တွေရဲ့ရှေ့မှာ နာရီပေါင်းများစွာ တန်းစီစောင့်ဆိုင်းနေခဲ့ကြပါတယ်။ တန်းစီစောင့်ဆိုင်းတဲ့ လူတွေ တစ်စတစ်စနဲ့ များပြားလာခဲ့ပြီး စောင့်ရတဲ့အချိန်ဟာလည်း ပိုပိုပြီးကြာလာပါတော့တယ်။

အချိန်ကြာလာတာနဲ့အမျှ လူတွေရဲ့ ဒေါသဟာလည်း ပိုပိုတိုးလာပါတယ်။ အေတီအမ်စက်တွေမှာလည်း ငွေကြေးပြတ်တောက်မှုတွေ ပေါ်ပေါက်လာတယ်။ ငွေကြေး ၄၀ ဘီလီယံကျော် ရိုက်နှိပ်ထားပေမယ့် အေတီအမ်စက်တွေမှာတော့ တစ်ခါထုတ်ရင် ၂၀၀၀ ရူပီးပဲထုတ်ပေးဖို့ အစိုးရက ကန့်သတ်ထားခဲ့ပါတယ်။

ယခုအခါမှာတော့ အေတီအမ်စက်တွေကနေ တစ်ခါထုတ်ရင် ၂၅၀၀ ရူပီးထိ ထုတ်လို့ရပြီး ဘဏ်မှာတော့ တစ်ပတ်အတွင်း ၂၄၀၀၀ ရူပီးထိ လဲလှယ်လို့ရပါတယ်။

### ငွေမည်းတွေက အဓိကပြဿနာလား

ငွေမည်းတွေဟာ တိုင်းပြည်အတွက်တော့ အဓိကပြဿနာပါပဲ။ ငွေမည်းတွေကို ဘဏ်မှာမထားပါဘူး။ ဘဏ်ထဲမှာရှိတဲ့ငွေအားနည်းတဲ့အခါ စီးပွားရေးလုပ်ငန်းတွေ လည်ပတ်ဖို့၊ ပိုက်ဆံချေးတဲ့အခါနဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့ ကြိုးပမ်းတဲ့အခါ တိုင်းပြည်အတွက် အထိနာစေပါတယ်။ အိန္ဒိယ နိုင်ငံမှာ စီးပွားရေးလုပ်ငန်းအချို့ကို ငွေမည်းတွေနဲ့လည်ပတ်နေပါတယ်။

စီးပွားရေးလုပ်တဲ့အခါ စည်းမျဉ်းစည်းကမ်းတွေများတဲ့အတွက် လုပ်ရတာလွယ်ကူအောင်၊ လိုင်စင်ရအောင်၊ အခြားသော ထောက်ခံချက်တွေရအောင်ဆိုပြီး စီးပွားရေး လုပ်ငန်းရှင်တွေဟာ အစိုးရအရာရှိတွေဆီမှာ လာဘ်ထိုးကြပါတယ်။ အစိုးရအရာရှိတွေဟာလည်း အဲဒီငွေတွေကို အိမ်ခြံမြေလုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံထားပါတယ်။ အဲဒီနောက်မှာတော့ သူတို့အမှန်တကယ်ရတဲ့ငွေကို လျှော့ပေါ့ပြီး ဖော်ပြကြတယ်။ အိမ်ခြံမြေတွေကို ငွေမည်းတွေနဲ့ ဝယ်ယူသလို၊ ဝယ်ယူတဲ့ ဈေးနှုန်းကိုလျှော့ပေါ့ပြီး ဖော်ပြခဲ့တဲ့အတွက် ရောင်းချတဲ့သူအခွန်ပေးဆောင်တဲ့အခါမှာလည်း အများကြီးဆောင်စရာမလိုတော့ပါဘူး။

### ငွေကြေးအသစ်တွေကို လူတွေစပြီးစုဆောင်းကြပြီလား

ဘောဂဗေဒပညာရှင်တွေကတော့ ခုလိုမျိုးငွေကြေးတွေကို ဖျက်သိမ်းပြီး အသစ်အစားထိုးဖို့လုပ်လိုက်ခြင်းကြောင့် အခွန်ရှောင်သူတွေကို အဓိကထိခိုက်စေမယ်လို့ ပြောပါတယ်။ တကယ်လို့လူတွေဟာဘဏ်မှာ ပိုက်ဆံအပ်ဖို့ ပိုပြီးစိတ်ဝင်စားလာကြမယ်ဆိုရင် ချေးငွေတွေလည်း ရလာနိုင်မယ်။ အခွန်ဆောင်တဲ့ အလေ့အထလည်းရှိလာမယ်လို့ စီးပွားရေးပညာရှင်တွေကပြောပါတယ်။ ဒါပေမယ့် ခက်တာက ဆင်းရဲသားတွေမှာ ဘဏ်အကောင့်မရှိသလို အကြွေးဝယ်ကတ်လည်းမရှိပါဘူး။ အစိုးရကလည်း လဲလှယ်တဲ့ငွေကြေးကိုတစ်ခါတည်းငွေသားချည်း ထုတ်ပေးဖို့ကျတော့လည်း အခက်တွေ့နေပါတယ်။ တကယ်လို့များ ပြည်သူတွေဟာ လဲလှယ်ထားတဲ့ငွေကြေးအသစ်တွေကို သူတို့လက်ထဲမှာပဲ ဆက်လက်စုဆောင်းထားမယ်ဆိုရင် အိန္ဒိယဟာအလားတူ ပြဿနာမျိုးထပ်ကြုံရဦးမှာပါပဲ။

ငွေကြေးအချို့ကို ပယ်ဖျက်ပြီး အသစ်အစားထိုး လဲလှယ်လိုက်တဲ့ အပေါ်မှာ အိန္ဒိယပြည်သူတွေဟာ ထင်မှတ်မထားလောက်အောင်ကိုပဲ စိတ်ရှုပ်မှုတွေနဲ့ ကျော်ဖြတ်ခဲ့ပါတယ်။ ဒါဟာလည်း ဝန်ကြီးချုပ်မိုဒီက ဖျက်သိမ်းလိုက်တဲ့ငွေကြေးတွေနေရာမှာ ငွေကြေးအသစ်တွေကို ချက်ချင်း အစားထိုးပေးမယ်ဆိုတဲ့ ကတိစကားကြောင့်လည်း ဖြစ်ပါတယ်။ အစိုးရကလည်း ငွေကြေးအဟောင်းနဲ့ အသစ်လဲလှယ်ပေးတဲ့နေရာမှာ အဆင်ပြေချောမွေ့အောင် အကောင်းဆုံးဆောင်ရွက်နေပါတယ်။ ဒါပေမယ့်လည်းငွေလဲလှယ်ခွင့်ရရေး စောင့်ဆိုင်းနေကြတဲ့ လူတန်းအရှည်ကြီးကတော့ တဖြည်းဖြည်း ပိုပိုပြီး ရှည်လာခဲ့ပါတယ်။

လူတွေရဲ့ စိတ်ညစ်ညူးမှုဟာလည်း ပိုပြီးတော့ တိုးလာခဲ့ပါတယ်။ စီးပွားရေးလုပ်ငန်းရှင်တွေဟာလည်း လတ်တလောကုန်ပစ္စည်းရောင်းဝယ်မှုတွေမှာ ပေးချေစရာ ငွေမရှိဖြစ်နေတယ်။ ဒီတော့စီးပွားရေးကိုလည်း နှေးကွေးလာစေပါတယ်။ တကယ်လို့ ရက်အနည်းငယ်အတွင်းမှာပဲ ဒီအဆင်မပြေမှုတွေကိုဖြေရှင်းမပေးနိုင်ဘူးဆိုရင် ဝန်ကြီးချုပ်မိုဒီကို ထောက်ခံနေတဲ့သူတွေဟာ တစ်မျိုးတစ်ဖုံပြောင်းလဲသွားနိုင်ပါတယ်။ ဝန်ကြီးချုပ် မိုဒီပေးထားခဲ့တဲ့ အလုပ်အကိုင်အခွင့်အလမ်းနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် လုပ်ပေးမယ်ဆိုတဲ့ကတိဟာ ဒီလိုမျိုး အဆင်မပြေမှုတွေကြောင့် ပျက်ပြားသွားနိုင်ပါတယ်။ ဒါပေမယ့် မိုဒီကတော့ သူဒီလိုလုပ်ဖို့ ဆုံးဖြတ်လိုက်တာဟာ အခွန်ရှောင်သူတွေနဲ့ လာဘ်စားမှုတွေပပျောက်အောင် လုပ်ဆောင်ခဲ့တာဖြစ်လို့ ပြည်သူတွေအားလုံး တည်တည်ငြိမ်ငြိမ်နဲ့ ပူးပေါင်းဆောင်ရွက်ကြဖို့ တောင်းဆိုခဲ့ပါတယ်။ အခွန်ရှောင်မှုတွေ၊ ငွေမည်းတွေနဲ့၊ လာဘ်စားမှုတွေ တကယ်ပဲ ပပျောက်သွားမှာလားဆိုတာကတော့ ဆက်လက်စောင့်ကြည့်ရဦးမှာပါ။

**ကိုးကား-သည်နယူးယောက်တိုင်းမ်စ်**
(၁၅-၁၁-၂၀၁၆)



# နိုင်ဂျီးရီးယားမှ ကလေးငယ် ၇၅၀၀၀ ငတ်မွတ်ခေါင်းပါးမှုဒဏ်ကို သေလုနီးပါးခံစားနေရ

**အဘူဂျာ နိုဝင်ဘာ ၁၇**

လွန်ခဲ့သော လအနည်းငယ်အတွင်း နိုင်ဂျီးရီးယား အရှေ့မြောက်ဘက်မှ ကလေးငယ် ၇၅၀၀၀ ကျော်မှာ အစာရေစာငတ်မွတ်ခေါင်းပါးမှုဒဏ်ကို သေလုမြောပါး ခံစားနေရသည်ဟု ကုလသမဂ္ဂက ပြောသည်။

ယခင်ဘိုကိုဟာရမ်စစ်သွေးကြွများ အုပ်ချုပ်ရာဒေသမှ လူပေါင်း ၁၄ သန်းမှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လိုအပ်နေသည်ဟု ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာဌာနမှ ပီတာလန်ဘာဂျ်က ပြောသည်။ ဤအကျပ်အတည်းမှ လွန်မြောက်ရန် ကုလသမဂ္ဂ၌ လုံလောက် သည့် ရန်ပုံငွေမရှိဟု ၎င်းကသတိပေးထားသည်။

ယင်းဒေသကို နိုင်ဂျီးရီးယားအစိုးရ တပ်မှ ပြန်လည်သိမ်းပိုက်ခြင်းမပြုမီ ဘိုကိုဟာရမ်စစ်သွေးကြွအုပ်စုက ဖျက်ဆီးခဲ့သည်။ အကယ်၍ အကူအညီအထောက်အပံ့များ လုံလုံလောက်လောက် မရရှိလျှင် ကလေးငယ် ၄၀၀၀၀၀ ထဲမှ ၇၅၀၀၀ မှာ အသက်ဆုံးရှုံးရတော့မည်ဖြစ်ကြောင်း ပီတာလန်ဘာဂျ်က သတိပေးပြောဆိုခဲ့သည်။

၂၀၀၉ ခုနှစ်က ဘော်နိုပြည်နယ်နှင့် အခြားဒေသများ၌ ဘိုကိုဟာရမ်စစ် သွေးကြွအုပ်စုများက စစ်ဆင်ရေးများ ဆင်နွှဲရာ လူထောင်ပေါင်းများစွာ အသက် ဆုံးရှုံးခဲ့ရပြီး လူနှစ်သန်းခန့် နေအိမ်များမှ စွန့်ခွာထွက်ပြေးခဲ့ရသည်။

ဇူလိုင်လအတွင်း၌လည်း ဘော်နိုရှိ အခြားသောနေရာများမှ လူဦးရေ လေးပုံ တစ်ပုံမှာ အစာရေစာပြတ်လပ်မှုခံစားနေရကြောင်း ကုလသမဂ္ဂက သတိပေးပြောဆိုခဲ့သည်။ **(ဘီဘီစီ)**

# စုံညီခုံရုံးက အယူခံမှုအမှတ် (၁၉)၊ (၂၀) နှင့် (၂၁) တို့အား အပြီးသတ်အမိန့်ချမှတ်

**နေပြည်တော် နိုဝင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူ ဦးကျော်မြင့် (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ) အပေါ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်လောင်း ဦးအောင်မျိုးဦး (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)က လျှောက်ထားသည့် ရွေးကောက်ပွဲကန့်ကွက်လွှာ အမှုအမှတ် (၁၁/၂၀၁၅) ကို ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် ရွေးကောက်ပွဲခုံအဖွဲ့(၄)က ချမှတ်ခဲ့သည့်စီရင်ချက်(အမိန့်)အား ဦးအောင်မျိုးဦးက ကျေနပ်မှုမရှိသဖြင့် အယူခံမှုတင်သွင်းလာရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အယူခံမှုအမှတ် (၁၉/၂၀၁၆) ဖြင့် လက်ခံခဲ့သည်။

ယင်းအယူခံမှုအား ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အဖွဲ့ဝင်များအဖြစ် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်တို့ ပါဝင်သည့် စုံညီခုံရုံးမှ ရွေးကောက်ပွဲ ကန့်ကွက်လွှာအယူခံမှုကို စရိတ်နှင့်တကွ ခွင့်ပြုပြီး မူလရွေးကောက်ပွဲခုံအဖွဲ့(၄)၏ ကန့်ကွက်လွှာအမှုအမှတ်(၁၁/၂၀၁၅)တွင် ၂-၉-၂၀၁၆ ရက်နေ့က ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်အမိန့်အား ပယ်ဖျက်၍ ၈-၁၁-၂၀၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ ဒုတိယခိုင်လုံမဲအများဆုံးရရှိသူ ရမည်းသင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးအောင်မျိုးဦး (အယူခံလျှောက်ထားသူ) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီအား ယင်းမဲဆန္ဒနယ်အမှတ်(၂)၏ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူဖြစ်ကြောင်း၊ တရားစရိတ်ငွေကျပ်တစ်သိန်းနှင့်တကွ အမိန့်ချမှတ်ခဲ့ကြောင်း သိရှိရသည်။

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူ ဦးကိုကိုနိုင်(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)အပေါ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း ဦးထွန်းထွန်းဝင်း(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ) က လျှောက်ထားသည့် ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ်(၁၀/၂၀၁၅)ကို ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် ရွေးကောက်ပွဲခုံအဖွဲ့(၄)က ချမှတ်ခဲ့သည့် စီရင်ချက်(အမိန့်)အား ဦးထွန်းထွန်းဝင်းက ကျေနပ်မှုမရှိသဖြင့် အယူခံမှုတင်သွင်းလာရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အယူခံမှုအမှတ် (၂၀/၂၀၁၆) ဖြင့် လက်ခံခဲ့သည်။

ယင်းအယူခံမှုအား ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ခုံအဖွဲ့ဝင်များအဖြစ် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်တို့ ပါဝင်သည့် စုံညီခုံရုံးမှ ရွေးကောက်ပွဲကန့်ကွက်လွှာအယူခံမှုကို စရိတ်နှင့်တကွ ခွင့်ပြုပြီး မူလရွေးကောက်ပွဲခုံအဖွဲ့(၄)၏ ကန့်ကွက်လွှာအမှုအမှတ်(၁၀/၂၀၁၅)တွင် ၂-၉-၂၀၁၆ ရက်နေ့က ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်အမိန့်ကို ပယ်ဖျက်၍ ၈-၁၁-၂၀၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ ဒုတိယခိုင်လုံမဲအများဆုံးရရှိသူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ အယူခံလျှောက်ထားသူ ဦးထွန်းထွန်းဝင်းအား ရမည်းသင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူဖြစ်ကြောင်း၊ တရားစရိတ်ငွေကျပ် တစ်သိန်းနှင့်တကွ အမိန့်ချမှတ်ခဲ့ကြောင်း သိရှိရသည်။

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူ ဦးလွင်စိုးမင်း (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)အပေါ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးမြင့်အောင်(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ) က လျှောက်ထားသည့် ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ် (၁၂/၂၀၁၅) ကို ၂၀၁၆ ခုနှစ် စက်တင်ဘာ ၅ ရက်တွင် ရွေးကောက်ပွဲခုံအဖွဲ့(၃)က ချမှတ်ခဲ့သည့် စီရင်ချက်(အမိန့်)အား ဦးလွင်စိုးမင်းက ကျေနပ်မှုမရှိသဖြင့် အယူခံမှုတင်သွင်းလာရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အယူခံမှုအမှတ်(၂၁/၂၀၁၆)ဖြင့် လက်ခံခဲ့သည်။

ယင်းအယူခံမှုအား ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ခုံအဖွဲ့ဝင်များအဖြစ် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်တို့ ပါဝင်သည့် စုံညီခုံရုံးမှ အယူခံမှုကို ခွင့်ပြုပြီး ရွေးကောက်ပွဲကန့်ကွက်လွှာ အမှုအမှတ် (၁၂/၂၀၁၅)တွင် ရွေးကောက်ပွဲခုံအဖွဲ့(၃)က ချမှတ်ခဲ့သည့် ၅-၉-၂၀၁၆ ရက်စွဲပါ ဆုံးဖြတ်ချက်ကို ပယ်ဖျက်၍ ဦးမြင့်အောင်၏ ကန့်ကွက်လွှာကို တရားစရိတ် ငွေကျပ် တစ်သိန်းနှင့်တကွ ပယ်သည့် အမိန့်ချမှတ်ခဲ့ကြောင်း သိရှိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ရွေးကောက်ပွဲခုံရုံးများမှ ဆုံးဖြတ်ချက်(အမိန့်) ချမှတ်ပြီးသော ရွေးကောက်ပွဲကန့်ကွက်လွှာအမှုပေါင်းမှာ နိုဝင်ဘာ ၁၇ ရက်အထိ ၃၉ မှုရှိပြီး အပြီးသတ်အမိန့်ချမှတ်ပြီး နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းကြေညာခဲ့သော အမှုပေါင်းမှာ ၃၃ မှုရှိပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

◆ ***ရှေ့ဖုံးမှ***

မြေဟက်တာ ၇၂၈၄ ပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းစီမံကိန်းအတွက် ပြီးခဲ့သည့် အစိုးရလက်ထက်က တင်ဒါခေါ်ယူခဲ့ရာ ရန်ကုန်အနောက်တောင် ဒေသဖွံ့ဖြိုးရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီ၊ ရွှေပုပ္ပား အပြည်ပြည်ဆိုင်ရာ ဆောက်လုပ်ရေးနှင့် Business Capital City Development Ltd တို့ကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့က ဒီကုမ္ပဏီတွေကို မြေတွေခွဲပေးဖို့ အစီအစဉ်မရှိပါဘူး။ သူတို့အနေနဲ့ အခြေခံအဆောက်အအုံ တည်ဆောက်တဲ့အပိုင်းမှာ ပါဝင်ခွင့်ရနိုင်တယ်။ သူတို့မလုပ်ချင်တော့ဘူးဆိုရင် အခြားကုမ္ပဏီတွေကို တင်ဒါခေါ်သွားမှာ ဖြစ်ပါတယ်။ မြေတွေကို အပိုင်းသုံးပိုင်းခွဲပြီး အပိုင်ယူပြီး ကိုယ့်ဘာသာ ရောင်းစားကြဆိုတဲ့ပုံစံမျိုးနဲ့ ဒီမြို့သစ်စီမံကိန်းကိုလုပ်မှာ မဟုတ်ပါဘူး"ဟု ၎င်းကဆက်လက်ပြောကြားသည်။

ရန်ကုန်မြို့သစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို နှစ်အလိုက် တစ်ဆင့်ချင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက နိုဝင်ဘာ ၄ ရက်က ပြုလုပ်သည့် ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် ပြောကြားထားသည်။

"လွန်ခဲ့တဲ့ ခြောက်နှစ်လောက်က လယ်မြေတစ်ကေကို ခြောက်သိန်းနဲ့ ငါးကေလောက် ကျွန်တော်ရောင်းခဲ့တယ်။ သိပ်မကြာလိုက်ဘူး ပြီးခဲ့တဲ့တစ်နှစ်ကျော်လောက်မှာ မြို့သစ်စီမံကိန်းတွေလုပ်တော့မယ်လို့ သတင်းတွေထွက်လာတဲ့အတွက် တစ်ကေကို သိန်း ၅၀ ကျော်အထိပေါက်သွားတယ်။ ဒါပေမယ့် လက်ရှိအချိန်မှာတော့ အရောင်း၊ အဝယ်လုပ်တာမျိုးတွေလည်း မရှိသလောက်ပါပဲ။ စီမံကိန်းမြေတွေကိုလည်း သက်ဆိုင်ရာကုမ္ပဏီတွေက ခြံဝင်းတွေတောင် ခတ်ထားပြီးသွားပါပြီ" ဟု ဆိပ်ကြီးခနောင်တိုမြို့နယ် ဦးထွန်းအို ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးလှထွေးက ပြောသည်။

အဆိုပါစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူလူထု၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အနာဂတ်ကာလတွင် တိုးပွားလာမည့် ရန်ကုန်မြို့တော်၏ လူဦးရေအတွက် အိမ်ရာများ၊ စက်ရုံ၊ အလုပ်ရုံများ/စီးပွားရေးလုပ်ငန်းများ တိုးချဲ့ရန် လိုအပ်သောကြောင့် အဆိုပါ စီမံကိန်းကို အကောင်အထည်ဖော်ရခြင်းဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေဖြင့် အဆိုပါ ရန်ကုန်မြို့သစ်စီမံကိန်းအပြင် ရန်ကုန်မြို့၏ တောင်ဘက်တွင် ဆိပ်ကမ်းတည်ဆောက်ရန် လျာထားပြီး ယင်းစီမံကိန်းပြီးပါက အဆိုပါ ရန်ကုန်မြို့သစ်သည် အချက်အချာကျသည့် နေရာဖြစ်လာနိုင်ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့က သုံးသပ်ထားကြောင်း သိရသည်။

---

## လောင်စာသုံးစနစ်ဖြင့် မွန်ပြည်နယ်တောင်ပိုင်းဒေသများကို ၂၄ နာရီ မီးပေးနိုင်တော့မည်

**မော်လမြိုင် နိုဝင်ဘာ ၁၇**



နိုင်ငံတော်က ဓာတ်အားဖြန့်ဖြူးပေးနိုင်မှုမရှိသေးသော မွန်ပြည်နယ်တောင်ပိုင်းဒေသများကို F.O လောင်စာသုံးစနစ်ဖြင့် ၂၄ နာရီ လျှပ်စစ်မီးပေးနိုင်ရေး SEGEP ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာနှင့်အဖွဲ့က နိုဝင်ဘာ ၁၆ ရက်တွင် ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များထံသို့ လာရောက်ဆွေးနွေးခဲ့ကြသည်။

"ရေး၊ သံဖြူဇရပ်နဲ့ ကျိုက်မရောသုံးမြို့နယ်မှာ သန်း ၇၀ နီးပါး ရင်းနှီးမြှုပ်နှံမှုနဲ့ 10 MW ထုတ် စက်ရုံသုံးရုံတည်ဆောက်ဖို့ လျာထားပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာလက ပြည်နယ်ဝန်ကြီးချုပ်နဲ့ အစိုးရအဖွဲ့ကို တွေ့ဆုံဆွေးနွေးမှုမှာ မူအားဖြင့် သဘောတူပြီးဖြစ်လို့ မြေပြင်ကွင်းဆင်းတိုင်းတာမှုတွေ လုပ်ပြီးတင်ပြထားပါတယ်။ သဘောတူညီမှုချုပ်ဆိုပြီးတာနဲ့ ၂၀၁၇ မတ်လမှာ ဓာတ်အားစတင်ဖြန့်ဝေပေးဖို့ လုပ်ဆောင်ပါမယ်" ဟု ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးမောင်မောင်မြင့်က ပြောသည်။

လက်ရှိအချိန်မှ မွန်ပြည်နယ်တောင်ပိုင်းနေ ဒေသခံများအနေဖြင့် ဓာတ်အားတစ်ယူနစ်လျှင် ငွေကျပ် ၄၅၀ နှင့် အထက် ပေးသုံးနေကြရပြီး F.O လောင်စာသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ပြီးပါက တစ်ယူနစ်လျှင် ၂၀၂ ကျပ်မှ ၂၅၆ ကျပ်အတွင်းသာ ကျသင့်မည်ဟု သိရသည်။

မြေယာပိုင်ဆိုင်မှုမှ အစပြုကာ သဘာဝပတ်ဝန်းကျင် ဆိုးကျိုးသက်ရောက်မှုမရှိရေးအတွက် ပြည်နယ်အစိုးရသဘောတူညီချက် ရရှိသော်လည်း ဒေသခံပြည်သူများ၏ သဘောတူညီမှုရရှိရန်လည်း လိုအပ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များက အကြံပြုခဲ့ကြပြီး လွှတ်တော်က လက်ခံစဉ်းစားပေးမည်ဖြစ်ကြောင်း ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်နိုင်ဦးက ပြောသည်။

လျှပ်စစ်ဓာတ်အား ထုတ်ရန်လိုအပ်မည့် F.O လောင်စာဆီကို ပြည်ပမှ ဝယ်ယူကာ သင်္ဘောများဖြင့်သယ်ယူမည်ဖြစ်ပြီး နေ့စဉ် 30 MW ဓာတ်အားထုတ် လုပ်မှုအတွက် လောင်စာဆီ ၁၅၂ တန်ခန့် ကုန်မည်ဖြစ်သည်ဟု သိရသည်။

**ခိုင်သက်အိမ်**

---

### အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

**နေပြည်တော် နိုဝင်ဘာ ၁၇** - မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနထုတ်ပြန်ချက်အရ နိုဝင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီ ၅၃ မိနစ် ၀၇ စက္ကန့်က မန္တလေးမြေလျင်စခန်း၏ အရှေ့မြောက်ဘက် ၃၃၃ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မြစ်ကြီးနားမြို့၏ အရှေ့မြောက်ဘက် မိုင် ၉၀ ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာ စကေး ၄ ဒသမ ၉ အဆင့်ရှိ အင်အား အနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်သွားကြောင်း တိုင်းထွာရရှိသည်။ **(မိုး/ဇလ)**

---

# ဒုတိယအကြိမ် Bagan Fight ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ (ILF)၏ အရှေ့အာရှဥက္ကဋ္ဌ တက်ရောက်အားပေး



အပြည်ပြည်ဆိုင်ရာလက်ဝှေ့အဖွဲ့ချုပ် ILF ၏ အရှေ့အာရှဥက္ကဋ္ဌ မစ္စတာ မစ်ဆူအီနှင့် မျိုးဆက်သစ်လက်ဝှေ့ကျော်များ

**ပုဂံ နိုဝင်ဘာ ၁၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူးပြီး မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်က အဓိကပံ့ပိုးကူညီကာ မြန်မာ မီဒီယာဂရု(ပ်)က စီစဉ်သော Bagan Fight မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို နိုဝင်ဘာ ၁၃ ရက်နှင့် ၁၄ ရက်တို့က ပုဂံရွှေစည်းခုံ ဘုရားပွဲတော်၌ ကျင်းပခဲ့ရာ ကမ္ဘာလှည့်ခရီးသွားများ၊ ဒေသခံဘုရားဖူးပြည်သူများ အားပေးကြည့်ရှုခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲပထမရက် နိုဝင်ဘာ ၁၃ ရက်တွင် မျိုးဆက်သစ် ပွဲစဉ်အမှတ်(၁၇)အဖြစ် အခမဲ့ကျင်းပခဲ့ရာ အပြည်ပြည်ဆိုင်ရာလက်ဝှေ့အဖွဲ့ချုပ် (ILF) ၏ အရှေ့အာရှဥက္ကဋ္ဌ မစ္စတာ မစ်ဆူအီက ဆုများချီးမြှင့်ပေးခဲ့သည်။

ပရိသတ်ကြီး အကြိုက်တွေ့ခဲ့သော ပွဲများမှာ ဆလိုင်းချမ်းမြေ့ကို (ထွန်းသွင် ကလပ်)နှင့် မျိုးနိုင်ဝင်း(ဝင်းထွန်းသာစည်ကလပ်)တို့၏ သရေပွဲ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ရွှေတံဆိပ်ရှင် စစ်ကိုင်းမှ အသက် ၁၅ နှစ်အရွယ်သာရှိသော ထွန်းလင်းခန့်က ချိုင်းထူး(နဂါးမာန်ကလပ်)ကို အလဲထိုး အနိုင်ယူသည့်ပွဲနှင့် တိုင်းဒေသကြီး နှင့် ပြည်နယ်ရွှေတံဆိပ်ဆုရှင် ရွှေရာမာဉ်(၁၈၈၆-မန္တလေးကလပ်)နှင့် ရွှေခါးပတ်ချန်ပီယံရှမ်းကို(လေးညီ့ရှင်)(ဝင်းထွန်း သာစည်ကလပ်)တို့ သရေပွဲကျခဲ့သည်။

ဒုတိယအကြိမ် Bagan Fight ပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အခြေစိုက်သော ရိုးရာလက်ဝှေ့ကလပ် ခုနစ်ခုမှ လက်ဝှေ့ကျော် ၂၆ ဦးအပြင် ပုဂံညောင်ဦးမှ ဒေသခံလက်ဝှေ့သမားများ ဖြစ်သော စိုးကြီး၊ ဘိုဘိုစိန်၊ နေလထွန်းနှင့် ရာဇာထွန်းတို့လည်း အထူးစိန်ခေါ်ပွဲများအဖြစ် ပါဝင်ထိုးသတ်ခဲ့ကြသည်။ အဆိုပါ လက်ဝှေ့ပွဲတွင် မော်ဒယ်များဖြစ်သော ဇွန်သဥ္ဇာ၊ ကျော့မှူးမင်းသိန်းနှင့် လမင်းစန္ဒာတို့ကလည်း ပုဂံခေတ်ဝတ်စုံများဖြင့် ပါဝင်ကူညီခဲ့ကြကြောင်း သိရသည်။

**မင်းခေတ်**

# ရန်ကုန်-မန္တလေးအမြန်လမ်း၌ ဟိုက်ဂျက်ယာဉ် လမ်းလယ်ကပ်တုံးတိုက်ပြီး တိမ်းမှောက်

နေပြည်တော် နိုဝင်ဘာ ၁၇

**ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ ဘောနက်ကြီး အမြန်လမ်းရဲစခန်းအပိုင် မိုင်တိုင်အမှတ် (၃၉/၃ နှင့် ၃၉/၄) ကြား နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း မျိုးဇော်ဟိန်း မောင်းနှင်လာသော ဟိုက်ဂျက်မော်တော်ယာဉ်မှာ ယနေ့နံနက် ၁ နာရီခန့်က ယာဉ်မောင်းအိပ်ငိုက်၍ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကပ်တုံးတိုက်မိပြီး တိမ်းမှောက်ခဲ့သည်။**

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်၌ ယာဉ်မောင်းပါ သုံးဦးအနက် ကျန်နှစ်ဦးမှာ ဦးခေါင်း၊ ရင်ဘတ်တို့တွင် ထိခိုက်ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့သည်။ သို့ဖြစ်၍ ယာဉ်မောင်း မျိုးဇော်ဟိန်းအား ဘောနက်ကြီး အမြန်လမ်းရဲတပ်ဖွဲ့က အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ထိုကဲ့သို့ ယာဉ်တိမ်းမှောက်မှုများ ဖြစ်ရခြင်းမှာ ယာဉ်မောင်းအိပ်ငိုက်ခြင်း၊ ယာဉ်မဆင်မခြင်မောင်းနှင်ခြင်း၊ အမြန်လမ်းပေါ်သို့ ဆိုင်ကယ်၊ သုံးဘီး မောင်းနှင်ခြင်း၊ ကျွဲ၊ နွား၊ ဆိတ်၊ တိရစ္ဆာန်များ တက်ရောက်ခြင်းများကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားလျက်ရှိကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှ သိရသည်။

သို့ဖြစ်၍ အမြန်လမ်းရဲတပ်ဖွဲ့စခန်းများမှ မိမိတို့ စခန်းနယ်မြေအတွင်းရှိ အမြန်လမ်းဘေးရှိ ကျေးရွာသူ၊ ကျေးရွာသားများကိုလည်း အခါအားလျော်စွာ ယာဉ်အန္တရာယ် ပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဝေ၍ အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က အမြန်လမ်း ဒုရဲတပ်ဖွဲ့မှူးနှင့် စကားအင်း အမြန်လမ်း ရဲစခန်းမှူးတို့အဖွဲ့က မိုင်တိုင်အမှတ်(၃၄၀/၄နှင့် ၃၄၀/၅) အနီး မြင်းစိုင်ကျေးရွာ ထွက်ပေါက်၌ ဆိုင်ကယ်စီးနင်းသူ ၃၅ ဦး၊ ထော်လာဂျီ မောင်းနှင်သူ ငါးဦးနှင့် ဖောကားမောင်းသူ တစ်ဦးတို့အား လည်းကောင်း၊ မိုင်တိုင်အမှတ် (၃၄၄/၄) အနီး ဥမင်ကျေးရွာ ထွက်ပေါက်၌ လည်းကောင်း၊ မိုင်တိုင်အမှတ်(၃၅၈/၁) အနီး ဘလဲဘကျေးရွာ ထွက်ပေါက်၌လည်းကောင်း၊ မိုင်တိုင်အမှတ် (၁၆၅/၀) အနီး သိုင်းဝကျေးရွာ ထွက်ပေါက်၌ လည်းကောင်း၊ မိုင်တိုင်အမှတ်(၁၈၄/၀)အနီး ယက္ကန်းစင်တောင်ဘုန်းကြီးကျောင်းအနီး ထွက်ပေါက်၌ လည်းကောင်း၊ မိုင်တိုင်အမှတ်(၁၄၆/၀) အနီး ဆင်ဆိပ်ကျေးရွာထွက်ပေါက်၌ လည်းကောင်း၊ မိုင်တိုင်အမှတ်(၁၅၂/၁ နှင့် ၁၅၂) ကြား၌ လည်းကောင်း၊ ဆိုင်ကယ်စီးသူများ၊ ထော်လာဂျီ မောင်းနှင်သူများ၊ ပြည်သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေး ဟောပြောပွဲများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သန်းဦး (လေးမျက်နှာ)**

# မုံရွာမြို့ သလ္လာရပ်နေအိမ်တစ်အိမ်ကို သတင်းအရဝင်ရောက်ရှာဖွေ မူးယစ်ဆေးသုံးပစ္စည်းများနှင့်အတူ လူငယ်ရှစ်ဦးအနက် ခြောက်ဦးဖမ်းမိ

**မုံရွာ နိုဝင်ဘာ ၁၇**

မုံရွာမြို့နယ်ရဲတပ်ဖွဲ့မှူး၏ မူးယစ်ဆေးဝါး ရှာဖွေခွင့်ဝရမ်းဖြင့် မူးယစ်သတင်းအရ နိုဝင်ဘာ ၁၅ရက်က မုံရွာမြို့သလ္လာရပ်ကွက်ရှိ နေအိမ်တစ်အိမ်ကို ဝင်ရောက်ရှာဖွေရာ မူးယစ်ဆေးဝါးသုံးစွဲရန် ပြုလုပ်ထားသောပစ္စည်းများနှင့်အတူ လူငယ်ခြောက်ဦးကို ဖမ်းဆီးရမိပြီး နှစ်ဦးမှာ ထွက်ပြေးသွားသောကြောင့် စုံစမ်းရှာဖွေလျက်ရှိကြောင်း မုံရွာမြို့နယ်ရဲစခန်းတာဝန်ရှိသူထံမှ သိရသည်။

မုံရွာနယ်မြေရဲစခန်းမှ ဒုရဲအုပ်ဇော်မျိုးထွန်းနှင့်အဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ မုံရွာမြို့နယ်ရဲတပ်ဖွဲ့မှူး၏မူးယစ်ဆေးဝါးရှာဖွေခွင့်ဝရမ်းဖြင့် မုံရွာမြို့သလ္လာရပ်ကွက်နေ အောင်ပြည့်စုံဟိန်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ အောင်ပြည့်စုံဟိန်းနှင့် အတူ လူငယ်ငါးဦး ပေါင်းခြောက်ဦးကို ဖမ်းဆီးရမိပြီး လူငယ်နှစ်ဦးမှာ ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

နေအိမ်အတွင်း အဆိုပါလူငယ်များထိုင်နေသည့် နေရာဝန်းကျင်မှ မူးယစ်ဆေးဝါးသုံးစွဲရန် ပြုလုပ်ထားသည့် အအေးစုပ်ပိုက်တပ်လျက် ရေသန့်ဘူးသုံးဘူး၊ စိတ်ကြွရူးသွပ်ဆေးပြားတစ်ပြား၊ ခဲပြားငါးပြား၊ ဂက်စ်မီးခြစ်သုံးလုံး၊ ငွေစက္ကူများ ရေလျက် ၂၅၉၀၀၊ လက်ကိုင်ဖုန်း ရှစ်လုံး၊ နေအိမ်ရှေ့တွင် နံပါတ် မပါ CZI 125 ဆိုင်ကယ်တစ်စီးတို့အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်တွင် အောင်ပြည့်စုံဟိန်းအပါအဝင် လူငယ်ရှစ်ဦးအား မုံရွာနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးပြီး ထွက်ပြေးသူ နှစ်ဦးကို ဖမ်းဆီးရမိရေး စုံစမ်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

**ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ**



# မြိတ်မြို့ ပုစွန်ဖွဲ့/ကြက်စာအိတ် သိုလှောင်ရုံ မီးလောင်

**မြိတ် နိုဝင်ဘာ ၁၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကန်ဖျားရပ် ဗိုလ်ဗထူးလမ်းသွယ်(၁) လမ်းတွင် နိုဝင်ဘာ ၁၆ ရက် ည ၇ နာရီခန့်က ဦးဟုတ်ရှိန်ပိုင်ဆိုင်သော အလျား ၁၅ ပေ၊ အနံ ၁၀ ပေရှိ ခနိမိုး၊ ဝါးထရံကာ သိုလှောင်ရုံ၌ အမြင့် ၁၃ ပေခန့်ပုံ၍သိုလှောင်ထားသော ပုစွန်ဖွဲ့/ကြက်စာအိတ်ပုံတွင် အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ မြို့နယ်မီးသတ်စခန်းနှင့်အရန်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်နှင့် ရေသယ်ယာဉ် ကိုးစီး၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းနှင့် သန္ဓေအရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများဖြင့် စုပေါင်းငြိမ်းသတ်ခဲ့ရာ ည ၇ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းသွားကြောင်း၊ မီးလောင်မှု စတင်ဖြစ်ပွားချိန်တွင် မီးသတ်ဆေးဘူးဖြင့် ကနဦး မီးငြိမ်းသတ်ထားခြင်း မရှိကြောင်း၊ မီးလောင်မှုကြောင့် ပုစွန်ဖွဲ့ ထည့်ထားသော ပီနံအိတ် ၁၅ လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း မီးသတ်ဦးစီးဌာန စစ်ဆေးချက်အရ သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် ဦးဟုတ်ရှိန်ကို မြိတ်မြို့မရဲတပ်ဖွဲ့စခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခိုင်ထူး(ပြန်/ဆက်)**

# လိုင်စင်မဲ့ယာဉ်များ ရောင်းချသူများအား ဖမ်းဆီးအရေးယူ

**နေပြည်တော် နိုဝင်ဘာ ၁၇**

ကချင်ပြည်နယ် ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ မြစ်ကြီးနားမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ အမှတ်(၉၈)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က သတင်းအရ ကျွန်းပင်သာရပ်ကွက်၊ ဇော်ဂျွန်းလမ်းနှင့် တောင်ဘုရားလမ်းဆုံ၌ သွားရောက်ရှာဖွေရာ မြစ်ကြီးနားမြို့ မြို့သစ် ရပ်ကွက်နေ ဦးမင်းမင်း (၃၆ နှစ်)သည် မော်တော်ယာဉ်ငါးစီး အား ရောင်းချနေသည်ကို တွေ့ရှိရသဖြင့်စစ်ဆေးရာ ယာဉ်များနှင့်ပတ်သက်၍ အထောက်အထားတစ်စုံတစ်ရာ ပြောဆိုပြသနိုင်ခြင်းမရှိသောကြောင့် ဦးမင်းမင်းအား ပို့ကုန်သွင်းကုန် ဥပဒေပုဒ်မ ၈ ဖြင့် အရေးယူထားကြောင်း သိရသည်။

အလားတူ မြစ်ကြီးနားမြို့ မြို့မရပ်ကွက် အောင်ဆန်းလမ်းဘေးတွင် အဆိုပါရပ်ကွက်နေ ကျော်ကျော် (၃၄ နှစ်)အား IPSUM အဖြူရောင် လိုင်စင်မဲ့ယာဉ်နှင့်လည်းကောင်း၊ အေးမြသာယာရပ်ကွက်နေ တင်ထွန်းလတ် (၄၀ နှစ်)အား MARK II လိုင်စင်မဲ့ယာဉ်နှင့်လည်းကောင်း၊ ယုဇနရပ်ကွက်နေ စိုးမိုး(ခ) ထွန်းထွန်း(၃၉ နှစ်)အား PAJERO လိုင်စင်မဲ့ယာဉ်နှင့်လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး လမ်းဘေးတွင်ရပ်ထားသည့် IPSUM ယာဉ်သုံးစီးနှင့် PAJERO ယာဉ်တစ်စီးတို့အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သဖြင့် ကျော်ကျော်ပါ သုံးဦးတို့အား မြစ်ကြီးနားမြို့မရဲစခန်း၌ ပို့ကုန်သွင်းကုန်ဥပဒေဖြင့် အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**


**(၂၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲ(အ.ထ.က ဘုရားကြီးမြို့ ပဲခူးမြို့နယ်)**

ဘုရားကြီးမြို့ အ.ထ.က တွင် ပညာသင်ကြားပေးခဲ့ကြသော ဆရာကြီး/ဆရာမကြီးများအား တပည့်ဟောင်းများမှ အာစရိယပူဇော်ပွဲကျင်းပပူဇော်မည်ဖြစ်ပါ၍ ဖိတ်စာရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ မပျက်မကွက်ကြွရောက်ပူဇော်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ပူဇော်ပွဲကျင်းပရေးကော်မတီ**

နေရက် – ၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၀)ရက်၊(**အမျိုးသားနေ့**)၊ ၂၄.၁၁.၂၀၁၆(ကြာသပတေးနေ့)
အချိန် – နံနက်(၈:၀၀)နာရီမှစ၍
နေရာ – ကျောင်းသားဟောင်းခန်းမ(မြတ်လေးဆောင်)၊ အ.ထ.က ဘုရားကြီးမြို့။

**ဆက်သွယ်ရန်**
၁။ ဦးစိန်လွင် ၀၉၅၀၁၃၈၈၃
၂။ ဦးအောင်မြတ် ၀၉၈၅၅၂၄၆၉
၃။ ဦးစိုးလွင် ၀၉၄၂၃၆၆၉၀၀၀
၄။ ဦးဇော်မင်း ၀၉၄၃၀၅၄၃၀၅
၅။ ဦးမင်းအောင် ၀၉၄၂၈၀၆၂၅၉
၆။ ဦးအောင်မျိုးမင်း ၀၉၇၉၆၅၈၂၀၅၀
၇။ ကိုကျော်သူရ ၀၉၂၆၀၃၉၀၉၈
၈။ ဦးသိန်းဝင်း ၀၉၉၆၀၃၄၆၃၂၄
၉။ ကိုသီဟအောင် ၀၉၄၂၃၆၆၃၇၈၈
၁၀။ ဦးကျော်နိုင်(ခ)ဦးကျော်မြ ၀၉၂၅၀၅၄၁၈၀၂

**လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)**
**တက္ကသိုလ်ပညာသင်ထောက်ပံ့ကြေး**
**လျှောက်လွှာခေါ်ယူခြင်း**

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးများဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ၊ ရာသက်ပန်အသင်းဝင်များ၏ သားသမီးများအနက်၊ သတ်မှတ်စည်းကမ်းချက်နှင့်ညီညွတ်သူ၊ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်(သို့မဟုတ်)ဝိဇ္ဇာချွန်ဆု၊ သိပ္ပံချွန်ဆုချီးမြှင့်မည့် တက္ကသိုလ်တစ်ခုခုသို့တက်ရောက်သင်ကြားခွင့်ရသူများအား ၂၀၁၆-၂၀၁၇ခုနှစ် တက္ကသိုလ်ပညာသင်ထောက်ပံ့ကြေးချီးမြှင့်မည်ဖြစ်ရာ ရန်ကုန်မြို့တွင် ဥက္ကဋ္ဌ ဦးရွှေလှိုင် ဖုန်း-၀၉-၄၉၂၂၉၃၈၅၊ ဒု-ဥက္ကဋ္ဌ ဦးဟန်စိန် ဖုန်း-၀၉-၅၁၃၃၆၈၈၊ အတွင်းရေးမှူး ဦးသန်းထွန်း ၀၉-၄၄၈၀၀၉၆၃၃၊ တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်လေး ဖုန်း-၀၉-၅၁၅၅၃၉၉၊ ဘဏ္ဍာရေးမှူး ဦးအမိုင် ဖုန်း-၀၉-၅၀၁၃၄၃၃၊ စာရင်းစစ်ဦးသက်လွင် ဖုန်း-၀၉-၇၈၄၃၁၃၇၅၀၊ အသင်းတိုက်ရုံး ဖုန်း-၀၁-၂၂၂၀၈၈နှင့် လပွတ္တာမြို့တွင် ဌာနေအမှုဆောင်ဦးအင်းကက်၊ ဦးမြတ်စိုးတို့ထံ ၃၀-၁၁-၂၀၁၆ ရက် နောက်ဆုံးထား၍ ဆက်သွယ်စုံစမ်းလျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည်။ **အမှုဆောင်အဖွဲ့ လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁N၊ မြေကွက်အမှတ် ပဉ္စမတန်းစား ၉၈၊ မြေကွက်တည်နေရာအမှတ် ၂၁၊ ၉၈ လမ်း၊ လွတ်လပ်ရေးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်(မောင်စိန်မောင်) အမည်ပေါက် နှစ် ၉၀ ဂရန်မြေအား အမည်ပေါက် မောင်စိန်မောင်(ဖခင်)နှင့် ဒေါ်မမကြီး(မိခင်)တို့ကွယ်လွန်သဖြင့် (၁) ဦးဇော်ဝင်း ၁၂/မဂတ(နိုင်)၀၅၅၇၂၀၊ (၂) ဒေါ်ခင်လှဝင်း(ခ)ဖြူဖြူဝင်း ၁၂/မဂတ(နိုင်)၀၅၅၈၃၈၊ (၃) ဦးသိန်းဝင်း ၁၂/မဂတ(နိုင်)၀၅၅၁၁၆၊ (၄) ဒေါ်ခင်သန်းဝင်း (ခ)သန်းဝင်းမော် ၁၂/မဂတ(နိုင်)၀၅၅၁၁၂၊ (၅) ဒေါ်ခင်နွယ်ဝင်း(ခ)နွယ်နွယ်ဝင်း ၁၂/မဂတ(နိုင်)၀၅၄၅၄၈ တို့မှ သားသမီးများတော်စပ်ကြောင်း ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ မှတ်ပုံတင်အမှတ် ၁၀၆၈၇/၁၆(၁၄-၇-၁၆)ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာနှင့် သေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း အသိပေးကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ FMI City၊ ယမင်းရွှေဝါသစ်ခွလမ်း၊ O-150နေ ဒေါ်တူးတူး(ဘ)ဦးဘိုးပိန် ၈/မဘန(နိုင်)၀၀၉၃၈၂သည် အောက်ပါအတိုင်းကြေညာအပ်ပါသည်။

အထက်ပါကိစ္စနှင့် ပတ်သက်၍ ဒေါ်တူးတူးသည် ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင် ရုံး၌ ၁၅-၂-၂၀၁၆ရက်စွဲပါ စာချုပ်အမှတ် ၁၆၂၇/၁၅-၂-၂၀၁၆ရက်ဖြင့် ဦးရဲအောင် ၈/မဘန(နိုင်)၀၇၀၀၄၅ ထံသို့ အထွေထွေကိုယ်စားလှယ်လွှဲစာလွှဲအပ်ထားပြီး ထိုကိုယ်စားလှယ်လွှဲစာအား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တူးတူး ၈/မဘန(နိုင်)၀၀၉၃၈၂**

**အမည်မှန်**

မိုးညှင်းမြို့နယ်၊ မိုင်းနောင် အထက(ခွဲ)၊ အဋ္ဌမတန်း(B)မှ မအိရွှေဇင်၏ အမည်မှန်မှာမဆန်းဒွဲလိန်ဖြစ်ပါသည်။

**မဆန်းဒွဲလိန်**

**အမည်ပြောင်း**

မြင်းခြံမြို့၊(၆)ရပ်ကွက်နေ ဦးအောင်ကျော်ဆန်း ၉/မခန(နိုင်)၂၈၉၁၄၇နှင့် ဒေါ်အဋ္ဌလီ၉/မခန(နိုင်)၂၄၃၄၁၀ တို့၏သား မောင်ရှင်းသန့်ဦးအား မောင်ကျော်ဇေယျလင်းဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ကျော်ဇေယျလင်း**

**အမည်ပြောင်း**

အင်းတော်မြို့နယ်၊ မဲဇာ(၅)ရပ်ကွက်နေ ဦးစိန်ဖေ ၁/ကမန(နိုင်)၀၁၀၇၇၀ ၏သမီး မသီတာဝင်း ၅/အတန(နိုင်)၀၆၀၅၈၁အား မသူသူမျိုးဟန်ဟု ပြောင်းလဲခေါ်ပါရန်။

**မသူသူမျိုးဟန်**

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၇ယ/၇၈၆၅၆ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (တာချီလိတ်)**

**အမည်ပြောင်း**

မိုင်းပျဉ်းမြို့နယ်၊ အလယ်ပိုင်းရပ်ကွက်၊ ဟီးနီးကွင်းနေ ဦးတာတာအား ဦးသူရကျော် မပတ(နိုင်)၀၃၀၃၁၂ဟု ပြောင်းလဲခေါ်ပါရန်နှင့် ၎င်း၏ မွေးသက္ကရာဇ်အမှန်မှာ ၄-၁ -၁၉၇၈ ဖြစ်ပါကြောင်း။

**ဦးသူရကျော်**

**မိခင်အမည်မှန်**

မိုးညှင်းမြို့နယ်၊ မိုင်းနောင်အထက(ခွဲ)၊ အဋ္ဌမတန်း(B)မှ မစန်းစန်းခိုင်၏ မိခင်အမည်မှန်မှာ ဒေါ်သင်းသင်းခိုင် ၁/မညန(နိုင်)၁၂၃၀၀၀ ဖြစ်ပါသည်။

**ဒေါ်သင်းသင်းခိုင်**

**ဖခင်အမည်မှန်**

တနိုင်းမြို့၊အထက နဝမတန်း(E)မှ မအားချီဆာ၊ ပဉ္စမတန်း(C)မှ မရဲလီမီ၊ တတိယတန်း(A)မှ မောင်ယော်ဒါဆာတို့၏ဖခင်အမည်မှန်မှာ ဦးနော်ဒါဒီး ၁/ပတန(နိုင်)၀၀၄၅၁၇ဖြစ်ပါကြောင်း။

**ဦးနော်ဒါဒီး**

**ပျောက်ဆုံးကြောင်း**

ကျွန်တော်မောင်ကြည်စိုး ၈/တကက(နိုင်) ၁၆၃၃၃၁ ၏ နိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၀၉၀၉၂၅**

**ပျောက်ဆုံးကြောင်း**

ကျွန်မ မခင်မေသင်း ၇/ပမန(နိုင်) ၀၀၁၁၃၀ ၏ နိုင်ငံကူးလက်မှတ်(နံပါတ်မမှတ် မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၁၇၈၇၈၄**

**မိဘအမည်မှန်**

မူဆယ်မြို့၊ အထက (၁) နဝမတန်းမှ မခိုင်ခိုင်စိုးနှင့် ပဉ္စမတန်းမှ မောင်နိုင်ထွန်းတို့၏ မိဘအမည်မှန်မှာ ဦးချိန်ဇီးဖျင်နှင့် ဒေါ်ကျန်းရှွင်ရီ ဖြစ်ပါကြောင်း။

**ဦးချိန်ဇီးဖျင် ၁၃/မဆတ(နိုင်) ၀၀၂၇၃၄**

# ကမ္ဘာ့ ဆီးချို၊သွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၇**

မြန်မာနိုင်ငံ ဆီးချို၊သွေးချိုရောဂါအသင်း (Myanmar Diabetes Association)က ကြီးမှူးကျင်းပသည့် ကမ္ဘာ့ဆီးချို၊ သွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲကို နိုဝင်ဘာ ၂၀ ရက်(တနင်္ဂနွေနေ့)နံနက် ၅ နာရီမှ စတင်ကာ ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏအမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ ကျင်းပမည်ဖြစ်သည်။

ယင်းနေ့တွင် စုပေါင်း ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း ဆောင်ရွက်ခြင်း၊ စုပေါင်းလမ်းလျှောက်ပွဲကျင်းပခြင်း၊ ဆီးချို၊သွေးချိုရောဂါ အထူးကုဆရာဝန်ကြီးများက ဆီးချို၊ သွေးချို ရောဂါနှင့်ကျန်းမာရေးနှင့်ညီညွတ်သော လူ့ဘဝနေထိုင်မှုအကြောင်း ဆွေးနွေးဟောပြောခြင်း၊ သွေးချိုရောဂါ အခမဲ့စမ်းသပ်ခြင်းနှင့်ကံစမ်းမဲအစီအစဉ်များပါဝင်မည်ဖြစ်သည်။ လက်မှတ်များကို City Mart Service ကောင်တာတွင် လက်ဆောင်ပစ္စည်းနှင့်အတူ ဝယ်ယူနိုင်ကြောင်း သိရသည်။

**ကိုချစ်**

# သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် အနွေးထည် ၃၀၀၀၀ လှူဒါန်း

**မြစ်ကြီးနား နိုဝင်ဘာ ၁၇**

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည် နိုဝင်ဘာ ၁၇ ရက်က ကချင်ပြည်နယ်အတွင်းရှိ (IDP Camp) များမှ မိသားစုဝင်များ၊ သဘာဝဘေးဒဏ်သင့် ပြည်သူများ အတွက် အအေးဒဏ်ကာကွယ်နိုင်ရန် ခေါင်းစွပ်ပါအနွေးထည် ၃၀၀၀၀ ကို ကချင်ပြည်နယ်အစိုးရအဖွဲ့သို့ ဖောင်ဒေးရှင်းအဖွဲ့ဝင်များက သွားရောက်လှူဒါန်းခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က အမှာစကားပြောကြားပြီး ဖောင်ဒေးရှင်းမှတာဝန်ရှိသူ ဒေါ်အေးသုနန္ဒာဝေက လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ ခေါင်းစွပ်ပါ အနွေးထည် ၃၀၀၀၀ ကို ပြည်နယ်ဝန်ကြီးချုပ်ထံ ပေးအပ်လှူဒါန်းခဲ့သည်။



ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းက လှူဒါန်းသည့် အနွေးထည်များအား ပြည်နယ်ဝန်ကြီးချုပ်က လက်ခံယူစဉ်

ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာ သင်းလွင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ဖောင်ဒေးရှင်းသည် ရှမ်းပြည်နယ်တောင်ပိုင်း ကျေးသီး၊ မိုင်းကိုင်ဒေသရှိ တိုက်ပွဲရှောင်စခန်းများမှ တိုင်းရင်းသားပြည်သူများ၊ ကရင်ပြည်နယ် မြိုင်ကြီးငူဒေသရှိ မဲသဝေါတိုက်ပွဲရှောင်ပြည်သူများ၊ မန္တလေးတိုင်းဒေသကြီးအတွင်း အအေးဓာတ်လွန်ကဲနိုင်သည့် ဒေသများမှ ရဟန်းသံဃာများ၊ သီလရှင်များနှင့် တိုင်းရင်းသားပြည်သူများ၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ရှိ နာဂတိုင်းရင်းသားများ၊ ရှမ်းပြည်နယ် မြောက်ပိုင်း နမ္မတူမြို့တွင် ရောက်ရှိနေသော တိုက်ပွဲရှောင်ပြည်သူများ၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်း သွားလာရခက်ခဲသော ကျေးရွာများရှိ ဒေသခံတိုင်းရင်းသားများအတွက် ခေါင်းစွပ်ပါအနွေးထည်များကိုလည်း သွားရောက်လှူဒါန်းခဲ့ပြီး စုစုပေါင်း အနွေးထည် ၂၀၀၀၀၀ ကို ပြည်ပမှဝယ်ယူကာ လှူဒါန်းနေခြင်းဖြစ်ကြောင်း သိရသည်။

**သဲနိုင်ဦး(မြန်မာစာ)**


မြန်မာကင်းထောက်ရာပြည့်အထိမ်းအမှတ်အကြိုအခမ်းအနား
၂၀၁၆ခုနှစ် နိုဝင်ဘာလ(၂၇)ရက်နေ့
ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ




| | |
|---|---|
| နံနက် ၈း၃၀ မှ ၁၁း၀၀ နာရီ | ရာပြည့်အထိမ်းအမှတ်အကြိုဖွင့်ပွဲနှင့် ကင်းထောက်ကြီးများတွေ့ဆုံပွဲ (ဝံပုလွေ၊ငှက်ပြာ၊ကင်းထောက်၊ ကင်းထောက်ဆရာနှင့်ကင်းထောက်ကြီးများအားလုံး) |
| မွန်းလွဲ ၁၂း၃၀ မှ ၂း၃၀ နာရီ | မြန်မာကင်းထောက်ရာပြည့်အထိမ်းအမှတ်အကြိုအခမ်းအနား |
| ညနေ ၃း၀၀ မှ ၅း၃၀ နာရီ | ရန်ကုန်တိုင်းပညာရေးမိသားစု ကင်းထောက်သရုပ်ပြနှင့်အနုပညာတင်ဆက်မှု |


# အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ နိုဝင်ဘာ ၁၉ ရက်တွင်စတင်မည်

**ရန်ကုန် နိုဝင်ဘာ ၁၇**

မြန်မာနှင့် ဖိလစ်ပိုင်နိုင်ငံတို့က ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၆ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်များကို နိုဝင်ဘာ ၁၉ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းပါဝင်သည့် အုပ်စု(ခ) ပွဲစဉ်များကို နိုဝင်ဘာ ၂၀ ရက်တွင် စတင်မည်ဖြစ်သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်က(၁၁)ကြိမ်မြောက် ကျင်းပမည့် ယခုပြိုင်ပွဲတွင် လေးသင်းနှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး ဖိလစ်ပိုင်၌ ကျင်းပမည့်အုပ်စု (က)တွင် ဖိလစ်ပိုင်၊ ထိုင်း၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ မြန်မာ၌ ကျင်းပမည့် အုပ်စု(ခ)တွင် မြန်မာ၊ မလေးရှား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားအသင်းတို့ ပါဝင်ကြသည်။ အုပ်စု(က) ပွဲစဉ်များကို နိုဝင်ဘာ ၁၉၊ ၂၂၊ ၂၅ ရက်၊ အုပ်စု(ခ) ပွဲစဉ်များကို နိုဝင်ဘာ ၂၀၊ ၂၃၊ ၂၆ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

အုပ်စု(က) အဖွင့်ပွဲအဖြစ် နိုဝင်ဘာ ၁၉ ရက် မြန်မာစံတော်ချိန် ညနေ ၃ နာရီတွင် ထိုင်းနှင့် အင်ဒိုနီးရှား၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ဖိလစ်ပိုင်နှင့်စင်ကာပူအသင်း၊ အုပ်စု(ခ) အဖွင့်ပွဲအဖြစ် နိုဝင်ဘာ ၂၀ ရက် ညနေ ၃ နာရီတွင် မလေးရှားနှင့်ကမ္ဘောဒီးယား၊ ညနေ ၆ နာရီတွင် အိမ်ရှင်မြန်မာနှင့်ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအသင်းသည် ဆီမီးဖိုင်နယ်သို့ တက်ရောက်ရန် ကြိုးပမ်းလျက်ရှိသော်လည်း ဗီယက်နမ်အသင်းနှင့်အဖွင့်ပွဲအပါအဝင် ပွဲစဉ်တိုင်းမှာ အရေးပါလျက်ရှိသည်။

ယခုလအတွင်း ယှဉ်ပြိုင်ကစားခဲ့သည့် မြန်မာ့လက်ရွေးစင်အသင်း၏ခြေစွမ်းအရ ဆီမီးဖိုင်နယ်တက်ရောက်ရန် ရှန်းကန်ရဖွယ်ရှိနေပြီး ပွဲစဉ်တိုင်းတွင် ရလဒ်ကောင်းရယူနိုင်ရန် လိုအပ်နေသည်။

အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို ၁၉၉၆ ခုနှစ်က စတင်ကျင်းပခဲ့ပြီး တိုက်ဂါးဖလားပြိုင်ပွဲ၊ အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲအမည်များဖြင့် ကျင်းပခဲ့ပြီး ကျင်းပပြီးစီးခဲ့သည့် (၁၀) ကြိမ်တွင် ထိုင်းနှင့် စင်ကာပူအသင်းတို့က လေးကြိမ်စီ၊ ဗီယက်နမ်နှင့် မလေးရှားအသင်းတို့က တစ်ကြိမ်စီ ဗိုလ်စွဲထားသည်။

မြန်မာအသင်းသည် ဆူဇူကီးပြိုင်ပွဲတွင် အောင်မြင်မှုကြီးကြီးမားမားမရှိဘဲ ၂၀၀၄ ပြိုင်ပွဲတစ်ကြိမ်သာ ဆီမီးဖိုင်နယ်သို့ တက်ရောက်ဖူးပြီး ကျန်အကြိမ်များတွင် အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ **ညီမြတ်သော်တာ**





BLUE DIAMOND CEMENT

BLUE DIAMOND CEMENT
ဘလူးဒိုင်းမွန်းဘိလပ်မြေ
STRENGTH FOREVER
OFFICE TEL : 01-507115, 09-777777688
ဘလူးဒိုင်းမွန်း ဘိလပ်မြေကို ကိုရီးယားမှ အဆင့်မြင့်နည်းပညာနှင့် ကျွမ်းကျင်ပညာရှင်များ၏ လမ်းညွှန်မှုဖြင့် မြန်မာပြည်တွင် ဂုဏ်ယူဝင့်ကြွားစွာ ထုတ်လုပ်ပါသည်။


## ဓမ္မကျောင်းတော် နှစ်ပတ်လည် အစည်းအဝေးဖိတ်ကြားလွှာ

မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ ပြန့်ပွားရေးဗဟိုအဖွဲ့ခွဲ(၁)၏ ဓမ္မကျောင်းတော်နှစ်ပတ်လည်အစည်းအဝေး ၂၀၁၆ ကို အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ချီးမြှင့်ပါဝင်ဆောင်ရွက်နိုင်ရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**တိုင်းဒေသကြီးနှင့် ပြည်နယ်များမှကိုယ်စားလှယ်များ** - နေပြည်တော် ယဉ်ကျေးလိမ္မာစင်တာ၊ လယ်ဝေးမြို့နယ်၊ သပြေပင် စံပြကျေးရွာသို့ ဒီဇင်ဘာ ၂ရက် (သောကြာနေ့) ညနေ ၄နာရီ နောက်ဆုံးထား၍ သတင်းပို့ရန်ဖြစ်ပါသည်။

**နေပြည်တော်ပြည်ထောင်စုနယ်မြေမှ ကိုယ်စားလှယ်များ** - နေပြည်တော် ယဉ်ကျေးလိမ္မာစင်တာ၊ လယ်ဝေးမြို့နယ်၊ သပြေပင် စံပြကျေးရွာသို့ ဒီဇင်ဘာ ၃ ရက် (စနေနေ့) နံနက် ၇နာရီ နောက်ဆုံးထား၍ သတင်းပို့ရန်ဖြစ်ပါသည်။

**နေပြည်တော်၊ ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ကိုယ်စားလှယ်များ** - နေပြည်တော်သာသနာ့ဗိမာန်တော်ကြီးသို့ ဒီဇင်ဘာ ၄ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီနောက်ဆုံးထား၍ သတင်းပို့ရန်ဖြစ်ပါသည်။

**အစည်းအဝေးကျင်းပရေးကော်မတီ**

## အမည်ပြောင်း

မိတ္ထီလာမြို့၊ အောင်ဇေယျာရပ်ကွက်၊ အထက(ခွဲ)ဆဋ္ဌမတန်း(B)မှ ဦးအေးလွင်နှင့် ဒေါ်ကြည်ဆန်းတို့၏သား မောင်နေမင်းထက်အား မောင်နေမျိုးအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်နေမျိုးအောင်**


အခမဲ့ကုပေးမည်
ဆေးမတိုး/ကုရခက်
ကင်ဆာနှင့်ရောဂါစုံဖြစ်နေလျှင်
သစ္စာရှင်ဆေးခန်း
ဖုန်း-09 261186511 သို့ဆက်သွယ်ပါ။


## ငွေကြေးစိုက်ထုတ်၍ အိမ်တိုင်ရာရောက်ဝန်ဆောင်ပေးမည်

နေ့စဉ်ထုတ်သတင်းစာများ၊ ဂျာနယ်များတွင် ပါရှိလိုသည့် လူကြီးမင်းတို့၏စီးပွားရေး၊ လူမှုရေး၊ သာရေး၊ နာရေးအစရှိသည့် ကြော်ငြာများအား ဒီဇိုင်းကိစ္စများအပါအဝင် ကြော်ငြာပါရှိပြီးသည်အထိ ငွေကြေးစိုက်ထုတ်၍ တာဝန်ယူဆောင်ရွက်ပေးပြီး၊ သတင်းစာ၊ ဂျာနယ်များတွင် ကြော်ငြာပါရှိပြီးမှ ကြော်ငြာခကျသင့်ငွေပေးချေသည့်စနစ်ဖြင့် အိမ်တိုင်ရာရောက်ဝန်ဆောင်ပေးပါမည်။

**ဖုန်း-၀၉-၇၉၅၆၁၆၉၇၅၊ ၀၉-၂၅၃၁၀၃၂၃၃**


နိုဝင်ဘာ(၂၄)ရက် ထွက်မည်
The SPEAKER news journal
သတင်းဂျာနယ်
အတွဲ(၁)၊ အမှတ်(၁)
အပတ်စဉ် ကြာသပတေးနေ့တိုင်း

- နီမင်းညိုရေးသားတဲ့ ဒေါ်အောင်ဆန်းစုကြည် သို့မဟုတ် နိုင်ငံတော်အကျဉ်းသား
- ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ဇင်ယော်ကိုယ်တိုင်ရေးသားခဲ့တဲ့ ဂျပန်သို့ပြေးသောနေ့
- ခင်ဇော်ဦးရဲ့ ကျွန်တော်နဲ့ငြိမ်းချမ်းရေး
- မောင်ဝင်းမိုးရေးသားတဲ့ ကျွန်တော်သိသော ဗိုလ်ဇင်ယော်
- စိန်မျိုးမြင့် 'ရခိုင်ရိုးမဖြတ်လမ်းဝန်းကျင် ခရီးသွားအမှတ်တရ'
- မျိုးသန့်ထွန်း(စစ်ကိုင်း)ရေးတဲ့ 'တိမ်မြုပ်ပျောက်ကွယ်နေတဲ့ ဦးနုရေးတဲ့ကဗျာ တစ်ပုဒ်' အကြောင်း
- တင်သိန်း(ကြို့ပင်ကောက်)၊ ဒေါက်တာအောင်ကြီး၊ ညိုလွှမ်းအောင်၊ မြသဲဖြူ(မြန်မာ့အသံ)၊ သီဟသွေး၊ ချစ်ဖူး၊ ကျော်ရင်မြင့်၊ သန်းနိုင်ဦး ကလောင်အင်အားစုံလင်စွာဖြင့် နိုဝင်ဘာ ၂၄ ရက် အပတ်စဉ်(ကြာသပတေးနေ့)တိုင်း ထွက်ပြီ။ သတင်း၊ ဆောင်းပါး၊ ကာတွန်း၊ ဖြန့်ချိရေး၊ ကြော်ငြာကိစ္စအဝဝအတွက် အမြန်ဆက်သွယ်ပါ။

အမှတ်(၅)၊ ပုညဝမှနလမ်း၊ မလွှကုန်းဒွေးကြွယ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
thespeakernewsjournal@gmail.com
ဖုန်း-၀၉-၂၅၄၂၀၅၀၅၇၊ ၀၉-၉၇၅၇၀၄၄၉၁၊ ၀၁ ၅၅၉၀၂၄

## မှုခင်းသတင်းအတိုအထွာများ

### အလှူမှပြန်လာသော ဘောက်လှေ ဒုံသမိချောင်းတွင် တိမ်းမှောက်၊ လေးဦးပျောက်ဆုံး

ဘားအံမြို့ ရေကျော်လေးရွာတစ်ဖက်ကမ်းရှိ အလှူပွဲမှ ပြန်လာသူများသည် ဘောက်လှေဖြင့် ဒုံသမိချောင်းအတိုင်း နိုဝင်ဘာ ၁၅ ရက် နံနက် ၂ နာရီခွဲက ပြန်လာစဉ် တိမ်းမှောက်ရာ လေးဦးပျောက်ဆုံးနေကြောင်း သိရသည်။

ရေကျော်လေးကျေးရွာနေ ဦးမြင့်ဦး (၅၀နှစ်) မောင်းနှင်သည့် ဘောက်လှေပေါ်တွင် လူ ၃၀ ခန့် လိုက်ပါလာပြီးလှေဦးမှရေဝင်၍ တိမ်းမှောက်ခဲ့ရာ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်နေ မချိုမာ(၃၁နှစ်)၊ မတင်တင်စန်း(၂၂နှစ်)၊ ဘားအံမြို့နယ် ရေကျော်ကြီးကျေးရွာနေ မနိုနို(၁၈နှစ်)၊ ခွန်ငွေလာ(၃၁နှစ်)တို့ လေးဦးမှာ ပျောက်ဆုံးနေကြောင်းနှင့်ဘောက်လှေမောင်းသူဦးမြင့်ဦးမှာ တိမ်းရှောင်နေကြောင်း သိရသည်။

**နေမျိုးလွင် (ပြန်/ဆက်)**

### ကောလင်းမြို့နယ်တွင် လူတစ်ဦးမြေပိသေဆုံး

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ကိုင်းဝန်းကျေးရွာအနီးတွင် လူတစ်ဦးမြေပိသေဆုံးခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၅ ရက် မွန်းလွဲပိုင်းက ကောလင်းမြို့နယ် ကိုင်းဝန်းရွာအနောက်ဘက် နလင်းတောင်ဘို့ကွင်းရှိ အနက်ခြောက်ပေ၊ အကျယ် ၁၂ ပေရှိ ချောက်ပေါ်တွင် မောင်မြင့်ဆိုသူသည် ဇနီးနှင့်အတူ လဲကျနေသည့် ပျဉ်းပင်ခြောက်ကိုလွှဖြင့်ဖြတ်နေစဉ် ပျဉ်းပင်အရင်းဘက်မှ မြေပြိုကျလာပြီးမောင်မြင့်၏ ဦးခေါင်းကို သစ်ကိုင်းရိုက်မိကာ ချောက်အတွင်းကျ၍ မြေပိသေဆုံးသွားခဲ့ကြောင်း သိရသည်။ ၎င်းသေဆုံးမှုနှင့်ပတ်သက်၍ ချောင်းနားရဲကင်းစခန်းက အမှုဖွင့်လှစ်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

## မြဝတီမြို့၌ ဆင်းသုခမျိုးသန့် မျိုးစေ့ထုတ်စိုက်ခင်း စံကွက်ရိတ်သိမ်း

**မြဝတီ နိုဝင်ဘာ ၁၇**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် ဖလူးကျေးရွာရှိ တောင်သူ ဦးတာကလို့၏ လယ်မြေငါးဧကတွင် ဆင်းသုခမျိုးသန့် RS to CS မျိုးစေ့ထုတ်စိုက်ခင်း ပညာပေးကွင်းပြပွဲ (Field Day)နှင့် စံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၁၅ ရက်က ကျင်းပခဲ့သည်။

အဆိုပါပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသန်းရွှေက တောင်သူလယ်သမားများအနေဖြင့် ယခုကဲ့သို့ မျိုးစေ့ထုတ်စိုက်ခင်းမှ ထွက်ရှိလာသော စပါးများအား စိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်များရရှိပြီး အထွက်နှုန်း ကောင်းမွန်စေရန်ရည်ရွယ်ကာ စိုက်ပျိုးထုတ်လုပ်ခြင်း ဖြစ်ကြောင်း၊ တောင်သူများ အချိန်နှင့်တစ်ပြေးညီ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရန်အတွက် မျိုးစေ့များ စနစ်တကျ သိုလှောင်ထားမည်ဖြစ်၍ လိုအပ်ပါက ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တစ်ဧကအထွက်နှုန်းများ တိကျစွာသိရှိနိုင်ရေးအတွက် ၀ ဒသမ ၁၀ ဧက စံကွက်ရိတ်သိမ်းခဲ့ပြီး ခြွေလှေ့စက်ကြီးဖြင့် ခြွေလှေ့ခဲ့ရာ တစ်ဧက အစို ၁၁၀ ဒသမ ၈၁ တင်း ထွက်ရှိပြီး အခြောက် ၉၉ ဒသမ ၇၃ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ခရိုင်စိုက်ပျိုးရေး ဦးစီးဌာနမှ ဦးစီးမှူး ဒေါ်သန်းရီ၊ မြို့နယ်ဦးစီးမှူး ဦးသန်းရွှေ၊ ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တောင်သူလယ်သမားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင် (ပြန်/ဆက်)**



မျိုးစေ့ထုတ်စံကွက်မှ မျိုးသန့်စပါးများရရှိရေး ခြွေလှေ့နေမှုကို တွေ့ရစဉ်

### မိုးစပါးစိုက်ပျိုးထုတ်လုပ်မှု စစ်တမ်းကောက်ယူ

**ကလော နိုဝင်ဘာ ၁၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မိုးစပါးစိုက်ပျိုးထုတ်လုပ်မှု စစ်တမ်းကောက်ယူခြင်း နှင့် ကွင်းသရုပ်ပြပွဲကို နိုဝင်ဘာ ၁၆ ရက်က ကလောမြို့နယ် ပုန်းအင်းကျေးရွာမှ တောင်သူဦးအောင်သန်းကျော်၏ လယ်မြေ၌ ကျင်းပသည်။ ဆက်လက်၍ ကောက်ကွက်ရိတ်သိမ်းသရုပ်ပြသခဲ့ပြီး ပြည်နယ်စိုက်ပျိုးရေး တာဝန်ခံများက မိုးစပါးစိုက်ပျိုးထုတ်လုပ် မှုစစ်တမ်းကောက်ယူခဲ့ရာ ဦးအောင်သန်းကျော်၏ လယ်လေးဧကမှ ရွှေရင်အေးစပါးအစို ၁၅၇ ဒသမ ၂၀ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ပြင်ဦးလွင်မီးပုံးပျံပွဲတော် အောင်မြင်စွာပြီးဆုံး၊ ဆုပေးပွဲနှင့်အတူ ပိတ်ပွဲကျင်းပ



**ပြင်ဦးလွင် နိုဝင်ဘာ ၁၇**

(၁၂)ကြိမ်မြောက် ပြင်ဦးလွင် တန်ဆောင်တိုင် မီးပုံးပျံပွဲတော်ကြီးကို နိုဝင်ဘာ ၁၅ ရက် တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်က ပဥ္စမနေ့အဖြစ် ဆက်လက်ယှဉ်ပြိုင် လွှတ်တင်ကြပြီး ပြိုင်ပွဲဝင်မီးပုံးပျံများ ယှဉ်ပြိုင်အပြီးတွင် ပွဲတော်ကျင်းပရေး ဦးစီးကော်မတီ၏ စိန်နားပန်မီးပုံးပျံကြီး လွှတ်တင်ကာ အောင်မြင်စွာပြီးဆုံးသွားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ နေ့အလှခြေနှစ်ချောင်း အရုပ်ပြိုင်ပွဲတွင် ရပ်ကွက်ကြီး(၇)၏ ရွှေလရောင်မီးက ပထမ၊ ရပ်ကွက်ကြီး(၂)၏ ရွှေချိုးဖြူမီးက ဒုတိယ၊ ရန်ကုန်မြို့မှ လာရောက်ယှဉ်ပြိုင်သော ဒေါ်မြင့်မြင့်ခိုင်၏ ခွာညိုမီးက တတိယဆုကို လည်းကောင်း၊ ခြေလေးချောင်းအရုပ်ပြိုင်ပွဲတွင် စွမ်းအင်ကိုယ်ပိုင် အထက်တန်းကျောင်းမှ စွမ်းအင်မီးက ပထမ၊ ရပ်ကွက်ကြီး(၆)၏ ရတနာမီးက ဒုတိယ၊ ရပ်ကွက်ကြီး (၁၀)မှ ဆင်ဖြူတော်မီးက တတိယဆုကို လည်းကောင်း၊ အုပ်စုလိုက် အရုပ်ပြိုင်ပွဲတွင် သုတစံဘော်ဒါဆောင်၏ သုတစံမီးက ပထမ၊ တရားဥပဒေရုံးမှ သမာဓိမီးက ဒုတိယ၊ ရပ်ကွက်ကြီး(၁)၏ ရွှေလိပ်အုပ်စုမီးက တတိယဆုကို လည်းကောင်း အသီးသီးဆွတ်ခူးသွားကြသည်။ ညအလှ စိန်နားပန်မီးပုံးပျံပြိုင်ပွဲတွင် ရပ်ကွက်ကြီး (၂၁)၏ မိုးကြိုးစံပြမီးက ပထမ၊ ဆောက်လုပ်ရေးဌာန၏ သန္တိသစ္စာမီးက ဒုတိယ၊ ဇူလီယန်ကုမ္ပဏီ၏ ဇူလီယန်မီးက တတိယဆုကို လည်းကောင်း၊ ညမီးကျည် မီးပုံးပျံပြိုင်ပွဲတွင် မက်မန်းနေကြာလုပ်ငန်းရှင်များ၏ မြန်မာပြည်သားမီးက ပထမ၊ ဟိုတယ်လုပ်ငန်းရှင်များ၏ သူငယ်တော်မီးက ဒုတိယ၊ ရပ်ကွက်ကြီး(၁၁)မှ ရှမ်းတောင်သူမီးက တတိယဆုကို လည်းကောင်း ဆွတ်ခူးရရှိသွားကြကြောင်းသိရပြီး ယခုနှစ် မီးပုံးပျံပြိုင်ပွဲတွင် ပြိုင်ပွဲအားလုံးကို ပထမ၊ ဒုတိယ၊ တတိယဆုများအပြင် ဒသမဆုအထိနှင့် နှစ်သိမ့်ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဆုပေးပွဲအပြီးတွင် ပွဲတော်ကျင်းပရာကွင်း၏ အရှေ့ဘက်လေကာကုန်းပေါ်မှ မီးရှူးမီးပန်းများ အောင်မြင်စွာ ပစ်ဖောက်၍ လည်းကောင်း၊ ပိတ်ပွဲသီချင်းကို သီဆို၍ လည်းကောင်း အခမ်းအနားပြီးဆုံးခဲ့ကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

## ရေလုပ်သားငှားရမ်းရာတွင် မတရားခိုင်းစေခံရမှု ရှိ မရှိစစ်ဆေး

**ကြံခင်း နိုဝင်ဘာ ၁၇**

မွန်ပြည်နယ် ရေးမြို့အစင်ကျေးရွာဘက်၌ ကျားပိုက်နှင့် ငါးဖမ်းလှေများတွင် လုပ်ကိုင်မည့် ပင်လယ်ရေလုပ်သားများ ရှားပါးမှုပြဿနာကြောင့် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်နှင့် ကြံခင်းမြို့နယ်ထိပါ ရေလုပ်သားရှာဖွေခေါ်ယူမှုများ ပြုလုပ်လာကြောင်း ကြံခင်းမြို့နယ် အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဝင်းလွင်ထံမှ သိရသည်။ ရေးမြို့နယ် အစင်ကျေးရွာမှ ပွဲစားတစ်ဦးက ပင်လယ်ငါးဖမ်းလှေများတွင် ရေလုပ်သားလုပ်ကိုင်ရန် တစ်ဦးလျှင် စရိတ်ငြိမ်းတစ်လလျှင် ငွေကျပ်ခြောက်သောင်းနှုန်းနှင့် ၁၀ လစာငွေကျပ်ခြောက်သိန်း ကြိုတင်ငွေများပေးချေ၍ အလုပ်သမားရှာဖွေခေါ်ယူခဲ့ရာ မြန်အောင်မြို့နယ် ညောင်ဝိုင်းကျေးရွာမှ အလုပ်သမား ၁၃ ဦး သွားရောက်လုပ်ကိုင်ခဲ့သည်။

ယခုအခါ အဆိုပါရေလုပ်သားများ ကငါးဖမ်းစက်လှေများတွင် မတရားခိုင်းစေခံရသည်ဟုဆိုကာ ILO အဖွဲ့မှတစ်ဆင့် လူကုန်ကူးမှုတိုက်ဖျက်ရေးအဖွဲ့သို့ တိုင်ကြားမှုများပြုလုပ်ခဲ့သောကြောင့် ယင်းတိုင်ကြားမှုကို မြို့နယ်အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနမှ စစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်နေကြောင်းနှင့် မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအနေဖြင့် ယင်းကဲ့သို့ ရေလုပ်သားများ ရှာဖွေစုဆောင်းမှုများ ရှိလာပါက သေချာစုံစမ်းမေးမြန်းပြီးမှသာ လုပ်ကိုင်သင့်ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်ကိုက အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ရော်ဘာဈေးကောင်းနေသော်လည်း အစေးခြစ်လုပ်သား ငှားရန်ခက်ခဲ

**ရေဖြူ နိုဝင်ဘာ ၁၇**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ်အတွင်းရှိ ရော်ဘာစိုက်ပျိုးသူအများစုမှာ ရော်ဘာဈေးတက်နေ၍ အစေးခြစ်လုပ်ငန်း လုပ်ကိုင်လိုသော်လည်း လုပ်သားငှားရမ်းရန် ခက်ခဲနေကြောင်း သိရသည်။

"ရော်ဘာဈေးက အရင်နှစ်ကထက် ဈေးပိုကောင်းလာတယ်။ အပင်တွေလည်း သက်တမ်းပြည့်လာပြီဆိုတော့ အစေးခြစ်ချင်တယ်။ ဒါပေမယ့် လုပ်သားငှားမရဘူး ဖြစ်နေတယ်"ဟု ရော်ဘာစိုက်ပျိုးသူ ကိုမင်းဇင်ဦးက ပြောသည်။

ရေဖြူမြို့နယ်တွင် ရော်ဘာစိုက်ပျိုးသူများပြားပြီး အစေးခြစ်ရန်အတွက် လုပ်သားငှားရမ်းမှု ခက်ခဲနေခြင်းမှာ ထိုင်းတွင် အလုပ်သွားရောက် လုပ်ကိုင်နေခြင်းနှင့် ယခင်နှစ်တွင် သုံးနှစ်ဆက်တိုက် ရော်ဘာဈေး ကျဆင်းခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## စပါးသီးနှံဌာနခွဲမှ စပါးတစ်ဧကကုန်ကျစရိတ် စစ်တမ်းကောက်ယူ

**နေပြည်တော် နိုဝင်ဘာ ၁၇**

စပါးသီးနှံဌာနခွဲ(ရုံးချုပ်)မှ တောင်သူလယ်သမားများအားတွေ့ဆုံ၍ စပါးတစ်ဧက ကုန်ကျစရိတ် စစ်တမ်းကောက်ယူခြင်းကို နေပြည်တော် ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် သပြေကုန်းကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ နိုဝင်ဘာ ၁၅ ရက်က တွေ့ဆုံ၍ စစ်တမ်းကောက်ယူခဲ့သည်။

ထိုသို့ စစ်တမ်းကောက်ယူရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန(ရုံးချုပ်)မှ စပါးသီးနှံဌာနခွဲ ညွှန်ကြားရေးမှူး ဒေါ်သူဇာမြင့် ဦးဆောင်၍ စပါးသီးနှံဌာနခွဲမှ ဝန်ထမ်းများ၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦး၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးဖိုးတိုး၊ စိုက်ပျိုးရေးဝန်ထမ်းများ၊ စပါးစိုက်တောင်သူများ တက်ရောက်ခဲ့ပြီး စပါးတစ်ဧက ကုန်ကျစရိတ်များ လိုက်လျောညီထွေမှု ဖြစ်ပေါ်စေရန် ညှိနှိုင်းဆောင်ရွက်ကာ တောင်သူများ၏ စပါးတစ်ဧက စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်နှင့် တစ်ဧကမှ ရရှိလာသော ဝင်ငွေအကျိုးအမြတ်များကို စစ်တမ်းကောက်ယူခဲ့သည်။



စပါးသီးနှံဌာနခွဲဝန်ထမ်းများက တောင်သူများအား တွေ့ဆုံစစ်တမ်းကောက်ယူစဉ်

အလားတူ ယင်းနေ့ မွန်းလွဲ ၁ နာရီက အဆိုပါအဖွဲ့သည် ဥတ္တရသီရိမြို့နယ် ဇလောင်း ကျေးရွာအုပ်စု၌ တောင်သူများနှင့်တွေ့ဆုံကာ စပါးတစ်ဧက ကုန်ကျစရိတ်စစ်တမ်းများ ကောက်ယူခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

**ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း(၄၃)**

# ဥပဒေသုတေသီ



**ဦးဟန်ညွန့်(ဥပဒေ)**

**ဥပဒေသုတေသန**

"ဥပဒေသုတေသန"အကြောင်း မိတ်ဆက်သဘော အဖြစ် ပြီးခဲ့သောအပတ်က ကျွန်တော်ရေးခဲ့၊ တွေးခဲ့သည်။ ဥပဒေသုတေသနပြုလုပ်ကြသော ဥပဒေသုတေသီများ အကြောင်း ဆက်လက်တင်ပြအပ်ပါသည်။

**သုတေသီနှင့်သုတေသန**

"သုတေသန"ဟူသည် ပညာရပ်တစ်ခုခုကို ခြေခြေမြစ်မြစ်သိရှိရန် စူးစမ်းလေ့လာခြင်းဟု အဓိပ္ပာယ်ဖွင့်ပါသည်။ **[မြန်မာအဘိဓာန်အကျဉ်းချုပ်၊ စာမျက်နှာ-၁၉၂]**

"သုတေသီ"ဟူသည် သုတေသနပြုသူဟူ၍ အဓိပ္ပာယ် ဖွင့်ဆိုပါသည်။ **[ယင်းကျမ်း၊ စာမျက်နှာ-၁၉၂]**

**သုတေသနအရည်အသွေးများ**

သုတေသနဟူသည် အကြားအမြင်ဗဟုသုတရှာမှီးခြင်းဟု ပါဠိမြန်မာစာပေပညာရှင်ကြီးများက ပြန်ဆိုခဲ့ကြပါသည်။ အင်္ဂလိပ်-မြန်မာအဘိဓာန်ဆရာတို့က Research လေ့လာစူးစမ်းခြင်း၊ စူးစမ်းလေ့လာဖော်ထုတ်ခြင်းဟု ဖွင့်ဆိုကြပါသည်။

**WEBSTER'S New World Dictionary ၏ ဖွင့်ဆိုချက်**

Research = careful, systematic, patient study and investigation in some field of knowledge,undertaken to discover or establish factors or principles; investigate thoroughly;

**မတူညီသော သုတေသနနည်းစနစ်များ**

"ဝိဇ္ဇာပညာကဏ္ဍက လူမှုသိပ္ပံပညာနယ်ရဲ့ ကျမ်းပြုသုတေသနပြုလုပ်ကြရာမှာ သုတေသနနည်းစနစ်များသည် ဘာသာရပ် သုတေသနပညာနယ်အလိုက် မတူညီကြပါ။ ချဉ်းကပ်လေ့လာစူးစမ်းပုံများအပေါ်လည်း ကွဲပြားခြားနားကြပါတယ်။ သို့သော်လည်း စမ်းသပ်စစ်ဆေးနည်း (Testing & Examining Method)၊ လူတွေ့မေးမြန်းနည်း (Interviewing Method)၊ ကွင်းဆင်းလေ့လာနည်း (Field Study Method)၊ နမူနာကောက်စစ်ဆေးနည်း(Sampling Method)၊ စာရင်းအင်းကိန်းဂဏန်းဖြင့်ပြဆိုလေ့လာနည်း (Statistical Method)၊ ဇယားပုံစံထုတ်လေ့လာနည်း (Tabular Method)၊ ပုံစံထုတ်လေ့လာနည်း (Modelling Method)၊ အနက်အဓိပ္ပာယ်ဖွင့်ဆိုနည်း (Interpretation Method)၊ နှိုင်းယှဉ်လေ့လာနည်း (Comparative Method)၊ သမိုင်းကြောင်းဆိုင်ရာ လေ့လာနည်း (Historical Method)၊ ခွဲခြားစိတ်ဖြာလေ့လာနည်း (Analytical Method) စသည်ဖြင့် သုတေသီတို့က မိမိတို့ သုတေသနနယ်ပယ်များနဲ့ ဆီလျော်ရာ ရယူသုံးစွဲကြပါတယ်။ ဘာသာရပ်နယ်ပယ်အသီးသီးမှာ အတည်တကျအခြေကျပြီးသော သုတေသနနည်းစနစ်အများအပြားလည်းရှိပါတယ်။ ရှိပြီးနည်းစနစ်နဲ့ လုပ်မရရင်နည်းသစ်ထွင်၍ကြိုးပမ်းကြရပါတယ်"ဟူ၍ ဥပဒေပါမောက္ခ ဒေါက်တာတင်အောင်အေးက ဖြေဆိုခဲ့သည်။

**[ရန်ကုန်တက္ကသိုလ်နှစ်လည်မဂ္ဂဇင်း၊ ၂၀၀၄၊ စာဖြေကျမ်းပြုလေ့လာမှုနည်းလမ်းများမှ ကောက်နုတ်ချက်]**

**ရာသက်ပန်ဥပဒေသုတေသီဒေါက်တာမောင်**

ဥပဒေသုတေသီများအကြောင်း သမိုင်းမှတ်တမ်းတင်ခဲ့သည်များရှိပါမည်။ သို့သော်လည်း ရှားရှားပါးပါးထဲမှ မှတ်မှတ်သားသားများကိုဖြင့် ရွေးထုတ်ဖော်ပြ၊ ရေးသားခွင့်ပြုပါ။ **ဥပမာဒေါက်တာမောင်** ဖြစ်ပါသည်။

**၁၉၅၄-၁၉၆၉**

၁၉၅၄-၁၉၆၉ ခုနှစ်အတွင်း The Guardian မဂ္ဂဇင်း၌ ဥပဒေပညာရှင်ဆရာကြီးဒေါက်တာမောင်မောင်ရေးသားခဲ့သော Profile (ရုပ်ဖော်ဆောင်းပါး)များရှိပါသည်။ အဆိုပါဆောင်းပါးများကိုစုစည်းပြီး **သက်ရှိရာဇဝင်** အမည်ဖြင့် **စိန်ဝင်းစိန်**က မြန်မာပြန်ပါသည်။ သက်ရှိရာဇဝင်(ဒုတိယအုပ်) စာမျက်နှာ၊ ၁၃၂ တွင်-

- ၁၈၉၈ ခုနှစ် ဇန်နဝါရီလတွင် မုံရွာမြို့၌ ဖွားမြင်သော **ဇမောင်**
- ငယ်စဉ်ကပင် ကျောင်းပညာထူးချွန်သူ
- အသက် ၂၀ တွင် ရန်ကုန်ကောလိပ်မှ သချင်္ချာပထမတန်း ဂုဏ်ထူးဖြင့် ဘွဲ့ရ
- ကင်းဘရစ်သို့ ဆက်တက်ရာ ၁၉၂၁ ခုနှစ်တွင် သင်္ချာနှင့် ဥပဒေဂုဏ်ထူး နှစ်ထပ်ကွမ်းဖြင့်အောင်မြင်
- ဥပဒေဂုဏ်ထူးတန်းတွင် တက္ကသိုလ်တစ်ခုလုံး၌ စတုတ္ထချိတ်
- လန်ဒန်ရှိ ဥပဒေကျောင်း(Middle Temple)မှ ၁၉၂၂ ခုနှစ်တွင် ဘွဲ့ရပြီး ရန်ကုန်သို့ပြန်လာ၊ ရှေ့နေလိုက်
- ဝတ်လုံတော်ရများ၏ ရွှေခေတ်တွင် သူသည် (ဒေါက်တာမောင်သည်) အလျင်အမြန်နာမည်ကြီးလာ
- ဦးမောင်က နိုင်ငံရေးလောကသို့မဝင်။ အစိုးရဝန်ထမ်းမလုပ်။ သူ၏လန်းဆန်းတက်ကြွမှုကို စာအုပ်များရေးသားခြင်း၊ ပညာဆည်းပူးခြင်းနှင့် ဥပဒေကိုသူရွေးချယ်ခဲ့။
- သူ၏ ပထမဆုံးကျမ်းဖြစ်သည့် မြန်မာဗုဒ္ဓဘာသာဓမ္မသတ်(Burmese Buddhist Law) ကို ရေးသားခဲ့သည်။
- ဥပဒေကထိက၊ သုတေသနစိတ်ဝင်စားသူ
- မူရင်းဓမ္မသတ်၊ မူရင်းပေစာ လေ့လာရမှ ကျေနပ်သူ
- ၁၉၄၀၊ အစိုးရရှေ့နေ
- ၁၉၄၅၊ ရှေ့နေချုပ်၊ ထို့နောက်
- တရားရုံးချုပ်တရားသူကြီးအဖြစ် ဆောင်ရွက်ခဲ့သူ

အကြောင်း၊ **ရာသက်ပန်ဥပဒေသုတေသီ ဒေါက်တာမောင်**ဟု ဂုဏ်ထူးဂုဏ်ပုဒ် ရွေးထုတ်ခံရသူအဖြစ် လေ့လာဖတ်ရှုရပါသည်။ စာရေးသူနှင့်အတူ ယနေ့လူငယ်အပေါင်းနှစ်ထောင်းအာရ ဥပဒေသုတေသနကို အားကျစေချင်သည့် ဆန္ဒအမှန်ဖြစ်ပါပေသည်။

**မြန်မာ့ဓလေ့ထုံးတမ်းဥပဒေကျမ်းပြု**

**မန္တလေးက တရားရုံးချုပ်ရှေ့နေဆရာကြီးဦးမြစိန်**

ယနေ့ခေတ်တွင် ဆရာကြီးဦးမြစိန်၏အကြောင်း သမိုင်းမှတ်တမ်းတင်ပါရစေ။ ဥပဒေသုတေသနပီပြင်လှသော၊ ဥပဒေသုတေသီဆရာကြီး ဦးမြစိန်အကြောင်း မသိသူရှားလှပေသည်။ မန္တလေးက တရားရုံးချုပ်ရှေ့နေကြီး ဆရာကြီးဦးမြစိန်ပြုစုရေးသားသော **"မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ"** ကျမ်းစာအုပ်ကြီးမှာ ဥပဒေလောကတွင် မသိသူမရှိ၊ မကိုးကားသူမရှိ၊ တိတိကျကျ၊ ပီပီပြင်ပြင်ထင်ရှားသော သုတေသနဥပဒေကျမ်းကြီးတစ်ဆူဖြစ်ပေသည်။ အကြိမ်ကြိမ်ပုံနှိပ်ရသော ဥပဒေစာအုပ်ကြီးလည်းဖြစ်ပါသည်။

## "မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ" ဟူသောစကားရပ်သည် "ဇာတိသဘောအတွေးအခေါ် စုံညီမှန်ကန်၍ တိကျသော အခေါ်အဝေါ်ဖြစ်၏။ ဇာတိအားဖြင့် ယင်းဥပဒေသည် မြန်မာဖြစ်ပြီးလျက် အဓွန့်ရှည်စွာ မြန်မာတို့ လက်ခံကျင့်သုံးလာခဲ့သော ဓလေ့ထုံးတမ်းများကို အခြေပြု၏။ ကျမ်းအမည်လည်း မှန်ကန်၊ ဦးတည်ချက်စေတနာလည်း သင့်မြတ်ပါသည်"ဟူ၍ ရေးသားခဲ့

**အမှာစာရေးခဲ့သူများ**

၁၉၅၅ ခုနှစ် ပထမအကြိမ်ထုတ်ဝေသည့် "မြန်မာဗုဒ္ဓဘာသာတရားဥပဒေ"၏ အမှာစာကို တရားလွှတ်တော်တရားဝန်ကြီးချုပ် ဆရာကြီးဦးချန်ထွန်းအောင်က ရေးသားပေးခဲ့ပါသည်။ ၁၉၆၂ ခုနှစ် ဒုတိယအကြိမ် ထုတ်ဝေသည့်အခါ ဝတ်လုံတော်ရဥပဒေပါမောက္ခဆရာကြီး ဦးကျော်မြင့်က အမှာစာ ရေးသားပေးခဲ့ပါသည်။ ၁၉၆၈ ခုနှစ် စတုတ္ထအကြိမ် ထုတ်ဝေရာတွင် "မြန်မာဗုဒ္ဓဘာသာတရားဥပဒေ" ကို "မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ" ဟု ပြင်ဆင်သုံးစွဲခဲ့ပါသည်။ နိုင်ငံတော်တရားရုံးချုပ်၊ တရားသူကြီးချုပ် ဒေါက်တာမောင်မောင်က အမှာစာရေးပေးရာတွင် "မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ" ဟူသောစကားရပ်သည် "ဇာတိသဘောအတွေးအခေါ် စုံညီမှန်ကန်၍ တိကျသော အခေါ်အဝေါ်ဖြစ်၏။ ဇာတိအားဖြင့်ယင်းဥပဒေသည် မြန်မာဖြစ်ပြီးလျက် အဓွန့်ရှည်စွာ မြန်မာတို့လက်ခံကျင့်သုံးလာခဲ့သော ဓလေ့ထုံးတမ်းများကို အခြေပြု၏။ ကျမ်းအမည်လည်း မှန်ကန်၊ ဦးတည်ချက်စေတနာလည်း သင့်မြတ်ပါသည်"ဟူ၍ ရေးသားခဲ့ပါသည်။

**"မြန်မာ့ဓလေ့တုံးတမ်းဥပဒေ"** ဟူသည့် ဝေါဟာရကို တရားရုံးချုပ်(တရားသူကြီး)စုံညီအဖွဲ့မှ ၁၉၆၉ ခုနှစ် "မတင်လှနှင့်ဒေါ်ဂေါက်ပါ ၃၊ ၁၉၆၉ မတစ(စုံညီ) ၁၀၇"တွင် စတင်အတည်ပြုသုံးစွဲခဲ့ကြောင်း တွေ့ရပါသည်။

(၁) ၁၉၅၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာနတွင် "မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ" ကို စတင်သင်ကြားပေးခဲ့သည့် ဝတ်လုံတော်ရ ဆရာကြီးဦးမြင့်၊ (၂) တရားလွှတ်တော်တရားဝန်ကြီးချုပ် ဆရာကြီး ဦးချန်ထွန်းအောင်၊ (၃)ဝတ်လုံတော်ရ ဥပဒေပါမောက္ခ ဆရာကြီးဦးကျော်မြင့်၊ (၄) ၁၉၅၂ ခုနှစ်မှစ၍ ၁၉၆၆ ပြည့်နှစ်အထိ လက်တွေ့ရှေ့နေဘဝတွင် သွန်သင်ပြသဆုံးမခဲ့သည့် တရားရုံးချုပ်ရှေ့နေ ဆရာကြီး မစ္စတာပီကေဘိုစ်၊ (၅) နိုင်ငံတော်တရားသူကြီးချုပ် ဒေါက်တာဦးမောင်မောင်တို့အားလုံး ကွယ်လွန်အနိစ္စရောက် သွားကြပါပြီ။ အနန္တောအနန္တငါးပါးဝင် ဆရာကြီးများအား ရိုသေစွာ ရှိခိုးကန်တော့ကြောင်း၊ ၁၉၅၃ ခုနှစ် ဓမ္မသတ်ဆောင်းပါးများ စတင်ရေးသားချိန်မှစ၍ စာပေနှင့်ပတ်သက်ပြီး အစဉ်အမြဲကူညီပံ့ပိုးပေးခဲ့သော (၃-၁၀-၂၀၀၇) နေ့က ကွယ်လွန်သွားခဲ့သူဇနီးဒေါ်မိမိလေး(မြန်မာစာပါမောက္ခ-ငြိမ်း)၊ အမျိုးသားစာပေဆုရှင်)အား သတိရစွာမှတ်တမ်းတင်အပ်ကြောင်း စသည်ဖြင့် ဆရာကြီးဦးမြစိန်၏ရှေ့နေလုပ်သက် (၅၆) နှစ်ပြည့်အထိမ်းအမှတ်ထုတ်ဝေခဲ့သော (၁၁) ကြိမ်မြောက် အမှတ်တရနိဒါန်းကို (၂၉ - ၁၀ - ၂၀၀၉)နေ့စွဲဖြင့် ဆရာကြီးက မော်ကွန်းတင်ခဲ့ပါသည်။

**ကိုးကားသည့်ကျမ်းများ**

ဆရာကြီးဦးမြစိန်သည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေကျမ်းကိုပြုစုရာတွင် မနုကျယ်ဓမ္မသတ်အပါအဝင် မြန်မာ့ရာဇဝင်ကျမ်းကြီးများ၊ အဘိဓာန်များ၊ ဥပဒေသုတေသီကြီးများ၏ စာအုပ်များကို ကိုးကားရည်ညွှန်းရေးသားခဲ့ပါသည်။ ကိုးကားသည့်ကျမ်းများအနက် အချို့မှာ-

- Treatise on Buddhist Law, U Tha Gywe, Bar-at-law,Vol.1(1909)andVol-11 (1910)
- Burmese Buddhist Law, Dr. U E Maung, Ex-Judge of the Supreme court of the union of Burma and Exjudicial Minister of the Government of the union of Burma (1937)
- Principles of Modern Burmese Buddhist Law, S.C.Lariri, Advocate (1957)
- My Burma, Dr.Ba U (1959)
- Law and Custom in Burma and the Burmese Family Dr.Maung Maung, chief Justice of the union of Burma (1963)

တို့ဖြစ်ပေသည်။ ကောက်နုတ်တင်ပြချက်ဖြစ်ပါသည်။

**နိဂုံးတင်ပြချက်**

(၁) မြန်မာ့တရားဥပဒေသမိုင်းတွင် ထင်ရှားသော ဥပဒေသုတေသီများ များစွာပေါ်ပေါက်ခဲ့သည့် အနက် အချို့ကိုရွေ့ထုတ်၍ တင်ပြခြင်းမျှသာ ဖြစ်ပါသည်။

(၂) အခြား အခြားသောဥပဒေသုတေသီကြီးများ အကြောင်း ဆက်လက်လေ့လာ၊ အားကျ၊ ဂါရဝဖြင့် သင်ယူနိုင်ကြပါစေ။

(၃) ခြေခြေမြစ်မြစ်၊ နှစ်နှစ်ကာကာ၊ စူးစမ်းလေ့လာကြသော မျိုးဆက်သစ်လူငယ်ဥပဒေသုတေသီများပေါ်ပေါက်လာပါစေကြောင်း တွေးမိသည့် ကျွန်တော့်ဥပဒေအတွေးမျှသာပါ....။

# ပုလဲ-ဂန့်ဂေါလမ်း မိုးများ၍ပိတ်ဆို့မှုဖြစ်ပေါ်ခဲ့သော နေရာများအား လမ်းအဆင့်မြှင့်တင်မည်

**ပုလဲ နိုဝင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ပုလဲ - ဂန့်ဂေါ ကားလမ်းတွင် မိုးရွာသွန်းမှုများသောကြောင့် နိုဝင်ဘာ ၉ ရက်မှ ၁၁ ရက်အထိ ကားလမ်းပိတ်ဆို့မှုဖြစ်ပေါ်ခဲ့သည့် မိုင်တိုင် (၅၅/၄) နှင့် (၅၉/၀) ကြားရှိ ကတ္တရာလမ်းအား လမ်းဦးစီးဌာနက ငွေကျပ် ၅၀၄ သန်းဖြင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ပုလဲမြို့နယ်လမ်းဦးစီးဌာန ဦးစီးအရာရှိ ဦးချစ်ဆွေက "ကျွန်တော်တို့ လမ်းဦးစီးဌာနအနေနဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ပုလဲ - ဂန့်ဂေါကားလမ်း လမ်းအဆင့် မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ဖို့အတွက် ရန်ပုံငွေကျပ် ၅၀၄ သန်းကို ခွင့်ပြုခဲ့ပါတယ်။ ကျောက်ခင်းပြီးတော့ ကတ္တရာလမ်းချဲ့တာနဲ့ တစ်ဖက်ကို ၀ ဒသမ ၉၁ မီတာ အကျယ် ၇၅ မီလီမီတာ ထု ဂျင်းမြေလမ်း ပခုံးခင်းပေးမှာဖြစ်လို့ နောက်နှစ်မိုးရာသီမှာတော့ ခရီးသည်တင်မော်တော်ကားများနှင့် ကုန်တင်မော်တော်ယာဉ်တွေ အနေနဲ့ သွားလမ်းသာလို့ လာလမ်းဖြောင့်ဖြူးတော့မှာ ဖြစ်ပါတယ်" ဟု ပြောသည်။

မိုးရွာသွန်းမှု များသောကြောင့် နိုဝင်ဘာ ၉ ရက်မှ ၁၁ ရက်အထိ မော်တော်ယာဉ် ၃၀၀ ကျော် ကားလမ်းပိတ်ဆို့မှုဖြစ်ပေါ်ခဲ့သည့် ပုလဲ-ဂန့်ဂေါ ကားလမ်းမိုင်တိုင်(၅၅/ ၄)နှင့်(၅၉/၀) သို့ နိုဝင်ဘာ ၁၄ ရက်က တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**မင်းခန့်စိုး( ဧယျာမြေ )**

# သရက်မြို့ ဆင်ဖြူတော်ဘုရားလမ်းကတ္တရာခင်းကျင်း

**သရက် နိုဝင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့ စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ပြည်တော်အေးရပ်ကွက် ဆင်ဖြူတော်ဘုရားလမ်းအရှည်ပေ ၄၁၀၊ အကျယ် ၁၂ ပေရှိ ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို နိုဝင် ဘာ ၁၆ ရက် နံနက်ပိုင်းက မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်စိုး၊ အဖွဲ့ဝင်ဦးမြင့်ဖေ၊ ဦးရန်အောင်၊ စည်ပင်အမှုဆောင်အရာရှိ ဦးသိန်းနိုင်၊ AE ဦးသန်းဦးတို့က ကွင်းဆင်းကြည့်ရှုခဲ့ပြီး ကျောက်ခင်းခြင်း၊ လမ်းကြိတ်စက်အသုံးပြုခြင်း၊ကတ္တရာခင်းခြင်းတို့တွင် ခွင့်ပြုရန်ပုံငွေဖြင့်စံချိန်စံညွှန်း ပြည့်မီစွာအရည်အသွေးကောင်းမွန်ရေး၊ စစ်ဆေးခံနိုင်မှုရှိစေရေးအတွက် အကောင်းဆုံးစေတနာထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**

အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ

# စုပေါင်း အလှူတော်မင်္ဂလာပွဲကျင်းပ

**လောက်ကိုင်**
ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးတို့မှ လောက်ကိုင်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ လူငယ်သင်တန်းကျောင်း၊ စက်မှုကျောင်းနှင့် အိမ်တွင်းမှုသင်တန်းကျောင်းတို့မှ ဦးစီးဦးဆောင်ကျင်းပသော စုပေါင်းအလှူတော် အခမ်းအနားကို နိုဝင်ဘာ ၁၃ ရက် နံနက်က ကျင်းပသည်။

အခမ်းအနားတွင် သံဃာတော်အရှင်သူမြတ်နှင့် ဘုံကထိန်တွင် ပါဝင်လှူဒါန်းကြသော အလှူရှင်များက “နမောတဿ” သုံးကြိမ်ရွတ်ဆိုပူဇော်ကန်တော့ဖွင့်လှစ်ပြီး ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် သံဃာတော်များထံသို့ ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။ အခမ်းအနားသို့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌဦးကျောက်တယ်ချန်နှင့် ဒေသခံ အလှူရှင်များ တက်ရောက်ကြကြောင်း သိရသည်။ **(ဘဦး-လောက်ကိုင်)**

**သံတွဲ**
သံတွဲမြို့နယ်လုံးဆိုင်ရာ ခရိုင်/မြို့နယ် ဝန်ထမ်းများ၊ စေတနာရှင်များ၏ စုပေါင်းအလှူပွဲကို နိုဝင်ဘာ ၁၃ ရက် နံနက်က သံတွဲမြို့ဒွါရာဝတီမြို့နယ်ခန်းမ၌ ကျင်းပခဲ့ရာ မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တရေဝတထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီထွေးက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။ ဆက်လက်၍ ဝန်ထမ်းများ၊ စေတနာရှင် အလှူရှင်များ စုပေါင်းလှူဒါန်းသည့် ကထိန်သင်္ကန်းကို ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဇနီးတို့က သံဃာတော်များကို ရည်မှန်း၍ ဆရာတော်ဘဒ္ဒန္တရေဝတထံသို့ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစု တို့ကို ရေစက်သွန်းချ အမျှပေးဝေကြသည်။ အဆိုပါ စုပေါင်းလှူဒါန်းပွဲတွင် သင်္ကန်း ၄၃ စုံ၊ ပဒေသာပင် ၃၄ ပင်၊ လှူဖွယ်ဝတ္ထုခြင်း ခုနစ်ခြင်း၊ အလှူငွေနှင့် ဆွမ်း လှူဒါန်းမှု စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၁၄၂၄၅၂၀၀ ကို စုပေါင်းလှူဒါန်းနိုင်ခဲ့ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**




# ထိခိုက်ကင်းဝေးဖွံ့ဖြိုးရေးသင်တန်း ဘောလခဲ၌ဖွင့်

**ဘောလခဲ နိုဝင်ဘာ ၁၇**
ကယားပြည်နယ် ဘောလခဲမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရွှေသဟာ လူမှုဖူလုံရေးအဖွဲ့တို့ ပူးပေါင်း၍ ထိခိုက်ကင်းဝေးဖွံ့ဖြိုးရေး သင်တန်းကို ဘော်လခဲခရိုင် ပြန်/ဆက်ရုံး၌ နိုဝင်ဘာ ၁၅ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲသို့ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး သင်တန်းဖွင့်ပွဲတွင် ရွှေသဟာလူမှုဖူလုံရေးအဖွဲ့မှ စီမံကိန်းဒါရိုက်တာ ဒေါ်ဇင်မာထွန်းက သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်နှင့် ယခု ဖွင့်လှစ်သည့်သင်တန်းကို တက်ရောက်ခြင်းဖြင့် ဒေသအတွင်း ထိခိုက်ဒဏ်ရာရမှုများ လျော့နည်းကျဆင်း၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း အမှာစကားပြောကြားခဲ့သည်။ သင်တန်းကို နိုဝင်ဘာ ၁၈ ရက်အထိ လေးရက်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **ကိုစိုင်း(လွိုင်ကော်)**

# ရေးမြို့နယ်အတွင်း လူတစ်ဦးချင်း တစ်နှစ်ဝင်ငွေ ကျပ်သိန်း ၂၀ နီးပါးရှိ

**ရေး နိုဝင်ဘာ ၁၇**
မွန်ပြည်နယ် ရေးမြို့နယ်အတွင်း ရေး၊ လမိုင်းနှင့် ခေါဇာ မြို့များရှိ မြို့ပေါ်ရပ်ကွက် ၁၄ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၀၊ ကျေးရွာပေါင်း ၁၃၉ ရွာတွင် နေထိုင်ကြသည့် လူဦးရေ ၂၆၀၀၀၀ ကျော် အနေဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ် တစ်နှစ်တာအတွင်း လူတစ်ဦးချင်းဝင်ငွေမှာ ကျပ် ၁၈၅၀၀၀၀ ကျော်ရှိကြောင်း မြို့နယ်စီမံကိန်း ဦးစီးဌာန ရုံး မှတ်တမ်းများအရ သိရသည်။

ရေးမြို့နယ်သည် အကျယ်အဝန်း စတုရန်းမိုင် ၁၀၈၅ ဒသမ ၂၄ မိုင် (၆၉၄၅၅၀ ဧက)ရှိကြောင်း၊ မွန်ပြည်နယ် ၁၀ မြို့နယ်အနက် အကျယ်ဝန်းဆုံးမြို့နယ်လည်းဖြစ်ပြီး ရော်ဘာ၊ ကွမ်းသီး၊ ဥယျာဉ်ခြံလုပ်ငန်းများ လုပ်ကိုင်ကြကြောင်း၊ အဓိကအားဖြင့် ရော်ဘာကုန်ကြမ်းများကို တန်ဖိုးမြင့်ကုန်ချော ထုတ်လုပ်နိုင်ခြင်းဖြင့် ပြည်တွင်းဈေးကွက်၌ ဈေးကောင်းရရှိမည့်အပြင် စက်ရုံအလုပ်ရုံများကို ရင်းနှီးမြှုပ်နှံ လုပ်ကိုင်လာပါက ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်ကြောင်း မြို့နယ်စီမံကိန်းဦးစီးဌာနမှူး ဦးဖြိုးမြတ်အောင်က ပြောသည်။


ရေးမြို့နယ်အတွင်း ကမ်းခြေတစ်ခုတွင် လာရောက်အပန်းဖြေသူများ

ရေးမြို့နယ်သည် ဒေသတွင်း၌ ပင်လယ်ကမ်းရိုးတန်း အရှည်လျားဆုံးမြို့နယ်ဖြစ်၍ ပင်လယ်ကမ်းခြေကိုလည်း အများဆုံးပိုင်ဆိုင်ထားကာ ခရီးသွားလုပ်ငန်းများအနေဖြင့် ရေးပင်လယ်ဝ၊ ကဗျာဝပင်လယ်ကမ်းခြေ၊ ကော့ဒွတ်ဘုရား ပင်လယ်ဝကမ်းခြေများရှိပြီး ထိုသို့ အပန်းဖြေရန်နေရာများ အများအပြားရှိနေခြင်းကြောင့် ဟိုတယ်နှင့် ခရီးသွားလာရေးဆိုင်ရာ စီးပွားရေးလုပ်ငန်းကိုလည်း အများဆုံးလုပ်ကိုင်နိုင်သည့်အပြင် ပင်လယ်ငါးဖမ်းလုပ်ငန်းလည်း လုပ်ကိုင်နိုင်ကြောင်း၊ နယ်စပ်ထွက်ပေါက်လည်းရှိနေ၍ နိုင်ငံတကာ ပင်လယ်ရေနက်ဆိပ်ကမ်းကို ရင်းနှီးမြှုပ်နှံလာပါက စီးပွားရေးဖွံ့ဖြိုးမှု ပိုမိုအားကောင်းလာဦးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ရေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်ထောင်စု လွှတ်တော်ရန်ပုံငွေ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ရန်ပုံငွေနှင့် ပြည်နယ်ရန်ပုံငွေများ စုစုပေါင်း ကျပ် ၇၄၁၈ ဒသမ ၉၉ သန်းဖြင့် ဆောင်ရွက်သွားရန် လျာထားပြီး လမ်းတံတား၊ ပညာရေး၊ ကျန်းမာရေး၊ ရေရရှိရေး စသည့်လုပ်ငန်းများကို ပြည်သူများ၏လိုအပ်ချက်များနှင့်အညီ စတင်အကောင်အထည်ဖော်လျက်ရှိကာ နိုင်ငံတကာ ကူညီထောက်ပံ့မှုများဖြင့်လည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ထားမှုများရှိကြောင်း သိရသည်။ **နေမျိုးထွန်း(ရေး)**

# မိုးမြေပဲများပေါ်ချိန်ဖြစ်၍ မြေပဲဆွတ်အလုပ်သမားများ နေ့စဉ်အလုပ်ရရှိပြီး အဆင်ပြေနေ

**ကနီ နိုဝင်ဘာ ၁၇**
စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်အတွင်းမှ မြေပဲစိုက်တောင်သူများ စိုက်ပျိုးခဲ့သော ပင်ထောင်မြေပဲမျိုး၊ အထွက်တိုး ဆင်းပဒေသာ(၁၁) မြေပဲမျိုးများနှင့် အခြားအထွက်တိုး မိုးမြေပဲများ ထွက်ပေါ်ချိန်ဖြစ်၍ မြေပဲဆွတ်အလုပ်သမားများအနေဖြင့် အလုပ်အကိုင်များ နေ့စဉ်ရရှိနေပြီး အဆင်ပြေလျက်ရှိကြောင်း သိရသည်။



“မြေပဲနုတ်အလုပ်သမားတွေက တစ်ရက်ကို ကျပ် ၅၀၀၀ ရပြီး ကျွန်မတို့ မြေပဲဆွတ်သူတွေကတော့ မြေပဲအတောင့် ယူမယ်ဆိုရင် ငါးစုတစ်စု ရပါတယ်။ တစ်ရက်ကို မြေပဲဆွတ်ခ ငွေနဲ့ဆို ကျပ် ၄၅၀၀ လောက်အထိရလို့ ကျွန်မတို့လို မြေပဲဆွတ် လက်လုပ်လက်စား အလုပ်သမားတွေအတွက် အဆင်ပြေပါတယ်” ဟု ပဲဆွတ်အလုပ်သမားတစ်ဦးက ပြောသည်။

ယခုနှစ်တွင် ကနီမြို့နယ်အတွင်း စိုက်ပျိုးသော မိုးမြေပဲများမှာ အောင်မြင်ဖြစ်ထွန်းခြင်းကြောင့် မြေပဲဆွတ်သည့် လက်လုပ်လက်စား အလုပ်သမားများမှာ နေ့စဉ် အလုပ်ရရှိနေပြီး ဝင်ငွေ အဆင်ပြေလျက်ရှိသော်လည်း မြေပဲပေါ်ချိန်တွင် မြေပဲပေါက်ဈေးမှာ လျော့ကျနေသဖြင့် မြေပဲစိုက် တောင်သူများအနေဖြင့် အခက်အခဲကြုံနေရကြောင်း သိရသည်။
**သန်းဌေးအောင်(ကနီ)**

# လူကုန်ကူးမှုတားဆီးရေးနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်း လိုက်နာရေးအတွက် ပြည်နယ်ရဲတပ်ဖွဲ့၏ ရွေ့လျားယာဉ်ဖြင့် လှည့်လည်အသိပညာပေး

**လွိုင်ကော် နိုဝင်ဘာ ၁၇**
ကယားပြည်နယ် လွိုင်ကော်မြို့၌ လူကုန်ကူးမှုတားဆီးရေးအတွက် ရွေ့လျားယာဉ်ဖြင့် လှည့်လည်အသိပညာပေးခြင်းလုပ်ငန်းများကို သီရိမင်္ဂလာတောင်တော် (တောင်ကွဲစေတီ)နှင့် မိုးကောင်းဘုရားကြီးရှေ့တွင် တန်ဆောင်တိုင်ပွဲတော်ကာလ လူစည်ကားသည့်ရက်များအတွင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကယားပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မိုးမောင်သန်း၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးရဲတပ်ဖွဲ့ လွိုင်ကော်တပ်စု(၄)နှင့် Save The Children အဖွဲ့တို့ ပူးပေါင်း၍ လူကုန်ကူးမှုအသိပညာပေးအစီအစဉ်များကို ကယားပြည်နယ်ရဲတပ်ဖွဲ့၏ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် လှည့်လည်ဟောပြော ပြသခဲ့ခြင်းဖြစ်သည်။




ပြခန်းယာဉ်ပေါ်တွင် လူကုန်ကူးမှု တိုက်ဖျက်ရေး အသိပညာပေးဗီနိုင်းများ၊ ကာတွန်းများကို ပြသပြီး လူကုန်ကူးမှု တားဆီးကာကွယ်ရေးရဲတပ်ဖွဲ့ လွိုင်ကော်တပ်စု(၄)မှ အဖွဲ့ဝင်များက လူကုန်ကူးမှုနှင့်ပတ်သက်သော ဉာဏ်စမ်းမေးခွန်းများ မေးမြန်းပြီး အဖြေမှန်သူများကို ဆုလက်ဆောင်များချီးမြှင့်ခြင်း၊ လူကုန်ကူးမှုအသိပညာပေးသီချင်းများ ဖျော်ဖြေတင်ဆက်ခြင်း၊ Save The Children အဖွဲ့လူငယ်များက လူကုန်ကူးမှု အသိပညာပေး သရုပ်ဖော်တင်ဆက်ခြင်း အစီအစဉ်များဖြင့် အသိပညာပေးခဲ့သည်။

ထို့အတူ ယာဉ်ထိန်းရဲတပ်ဖွဲ့ ဒုတပ်ဖွဲ့ခွဲ(၂) လွိုင်ကော်မှလည်း ယာဉ်စည်းကမ်းလမ်း စည်းကမ်းဆိုင်ရာ ဉာဏ်စမ်းမေးခွန်းများမေးမြန်းပြီး အဖြေမှန်သူများကို ဆိုင်ကယ်စီးဦးထုပ်များ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ကိုစိုင်း(လွိုင်ကော်)**

## သတင်းတိုများ

### မျိုးစပါးစံကွက်ရိတ်သိမ်း

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ်တွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် စပါးတစ်ဧကအထွက်နှုန်းကို သိရှိနိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ မျိုးစပါးစံကွက်တွင် ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခြင်းကို နိုဝင်ဘာ ၁၆ ရက်က မြို့မကျေးရွာအုပ်စု ကွင်းအမှတ်(၁)၌ ပြုလုပ်ခဲ့ရာ တစ်ဧက စပါးအစို ၁၃၁ ဒသမ ၄၈ တင်းနှုန်း ထွက်ရှိခဲ့ကြောင်း သိရသည်။ မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဆိုင်းထွန်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်နှင့် ဌာနဆိုင်ရာများ၊ ဒေသတွင်း ကျေးရွာများမှ တောင်သူများ လာရောက်ကြည့်ရှုခဲ့ကြသည်။
**လဲချား(ပြန်/ဆက်)**

### ကျောင်းသားကျောင်းသူများစာပေဖတ်ရှုမှု ယခင်လထက် ပိုများလာ

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ကလိန်အောင်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျောင်းသားကျောင်းသူများ စာအုပ်လာရောက်ဖတ်ရှုမှု ယခင်လထက် ပိုများလာကြောင်း သိရသည်။ “အခုဆိုရင် ထမင်းစားချိန် ကျောင်းဆင်းပြီဆိုတာနဲ့ ကျောင်းသားကလေးတွေ စာဖတ်တာနဲ့ စာအုပ်လာငှားတာ အရင်လတွေကထက် တော်တော်လေးများတယ်”ဟု ပြန်/ဆက်ရုံးမှ ဝန်ထမ်းတစ်ဦးက ပြောသည်။ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူများ အသိပညာ ဗဟုသုတပေါကြွယ်ဝလာစေရန်၊ စာပေဖတ်ရှုသည့် အလေ့အထများ တိုးတက်လာစေရန်၊ ကျောင်းသား ကျောင်းသူများအနေဖြင့် စာကြည့်တိုက်ကို ပိုမိုရင်းနှီးမှုရစေရန်အတွက် စာကြည့်တိုက်လုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

# မြန်မာနိုင်ငံ၏ ဆောက်လုပ်ရေးကဏ္ဍ နှစ်အလိုက် ဖွံ့ဖြိုးတိုးတက်

**ရန်ကုန် နိုဝင်ဘာ ၁၇**

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် အဓိကကျသည့် စီးပွားရေးအဆောက်အအုံများ အရှိန်အဟုန်မြှင့်တင် တည်ဆောက်လျက်ရှိရာ ဆောက်လုပ်ရေးကဏ္ဍသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်လျက်ရှိကြောင်း မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသာဌေးက ပြောသည်။

"ဆောက်လုပ်ရေးကဏ္ဍရဲ့ အရှိန်အဟုန်ဖြင့် တိုးတက်လာတဲ့ အခြေအနေများကို စာရင်းဇယားများအပေါ် အခြေခံပြီး စိစစ်ကြည့်မည်ဆိုပါက တစ်နိုင်ငံလုံးရဲ့ ဆောက်လုပ်ရေးကဏ္ဍတစ်ခုလုံးဟာ ဆောက်လုပ်ရေးတန်ဖိုးမှာ ၂၀၁၀/၁၁ ခုနှစ်က အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၀ ဘီလီယံခန့်ရှိခဲ့ရာမှ ၂၀၁၄/၁၅ ခုနှစ်မှာ အမေရိကန်ဒေါ်လာ၈ ဒသမ ၄ ဘီလီယံအထိ နှစ်ဆနီးပါး တိုးတက်လာတာတွေ့ရပါတယ်။ လက်ရှိ ၂၀၁၅-၁၆ ဘဏ္ဍာရေးနှစ်မှာလည်း ချမှတ်ထားသော စီမံကိန်းများအရ ဆောက်လုပ်ရေးကဏ္ဍတစ်ခုလုံး အမေရိကန်ဒေါ်လာ ၉ ဒသမ ၈ ဘီလီယံကျော် တိုးတက်ဖို့ရှိပါတယ်" ဟု ဦးသာဌေးက ပြောသည်။

အဆိုပါ တိုးတက်မှုများအနက် ၃ ဒသမ ၁ ဘီလီယံခန့်မှာ စက်မှုကဏ္ဍအတွက် အဆောက်အအုံများဖြစ်ပြီး ကျန်ဒေါ်လာ ၆ ဒသမ ၇ ဘီလီယံခန့်မှာ လူနေအိမ်အဆောက်အအုံများနှင့် အခြား လူနေအိမ်မဟုတ်သော



အဆောက်အအုံများအတွက် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုနှင့်အညီ မြို့ပေါ်နေလူဦးရေ တဖြည်းဖြည်း တိုးတက်လာလျက်ရှိရာ တိုးပွားလာသော မြို့ပေါ်နေပြည်သူများအတွက် အထပ်မြင့်အဆောက်အအုံများ တိုးချဲ့တည်ဆောက်လျက်ရှိကြောင်း သိရသည်။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း နှစ်ခု ခွင့်ပြုပေးခဲ့ပြီး သယ်ယူပို့ဆောင်ရေးလုပ်ငန်းတစ်ခုနှင့် အခြားဝန်ဆောင်မှုလုပ်ငန်း တစ်ခုဖြစ်ကြောင်း၊ အလုပ်အကိုင်အားဖြင့် အလုပ်အကိုင်နေရာပေါင်း ၁၃၀၀ ကျော်ကို ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို ခွင့်ပြုလာရာတွင် လုပ်ငန်း၏ စီးပွားရေးတွက်ခြေကိုက်မှု၊ အလုပ်အကိုင်သစ်များ ဖန်တီးပေးနိုင်မှု၊ အမျိုးသားဝင်ငွေနှင့် အခွန်တိုးတက်ရရှိမှု၊ ပြည်တွင်းပြည်ပ ဈေးကွက်အခြေအနေ၊ ပြည်တွင်းစားသုံးရန် လိုအပ်ချက်၊ နည်းပညာဆီလျော်မှု၊ တီထွင်ဆန်းသစ်မှု၊ နည်းပညာလွှဲပြောင်းရရှိမှု၊ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု၊ ထိန်းသိမ်းကာကွယ်ရေး ဆောင်ရွက်မှုအစီအမံများ၊ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုဖြစ်ခြင်းနှင့် တည်ဆဲဥပဒေများကို လိုက်နာခြင်းစသည့်အချက်များကို အခြေခံ၍ စိစစ်ခွင့်ပြုပေးလျက်ရှိကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ပြောင်းဈေးကျဆင်းမှုကြောင့် တောင်သူများ အခက်ကြုံနေ

**လွိုင်ကော် နိုဝင်ဘာ ၁၇**

ကယားပြည်နယ်အတွင်း ယခုနှစ်တွင် စိုက်ပျိုးခဲ့သော ပြောင်းများပေါ်ချိန်တွင် ပြောင်းဈေးများ ကျဆင်းနေမှုကြောင့် ပြည်နယ်အတွင်းမှ ပြောင်းစိုက်တောင်သူများအနေဖြင့် အခက်ကြုံနေကြရကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

ကယားပြည်နယ်အတွင်းရှိ တောင်သူများသည် တောင်ယာများတွင် စပါး၊ ပဲ၊ ပြောင်း စသည့်သီးနှံများကို စီးပွားဖြစ်စိုက်ပျိုးကြရာ အဓိက စိုက်ပျိုးသီးနှံဖြစ်သည့် ပြောင်းဈေးနှုန်းများ ကျဆင်းမှုကြောင့် တောင်သူများအနေဖြင့် အရှုံးပေါ်နေပြီး လူမှုရေး စီးပွားရေး အခက်အခဲများရှိနေကြောင်း သိရသည်။ ပြီးခဲ့သည့် စိုက်ပျိုးရာသီတွင် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးခဲ့ပြီး မိမိတို့ လုပ်ကိုင်နေသည့် ယာခင်းများတွင် အရင်းထည့်စိုက်ပျိုးခဲ့ရာ ယခုအခါ ပြောင်းဈေးကွက်အတွင်း ဈေးများကျဆင်းမှုကြောင့် တောင်သူများ ရင်းနှီးလုပ်ကိုင်ခဲ့သည့်ငွေကြေးမှာ အရှုံးပေါ်နေကာ ချေးငွေပြန်ဆပ်နိုင်ရန်ပင် အခက်ကြုံနေကြောင်း သိရသည်။



ပြီးခဲ့သည့်နှစ်က ပြောင်းတစ်ပိဿာလျှင် ကျပ် ၃၅၀ မှ ၄၀၀ အထိဈေးရခဲ့၍ တောင်သူများ တွက်ခြေကိုက်ခဲ့ရာမှ ယခုနှစ်တွင် ကမ္ဘာ့ပြောင်းဈေးကွက်၌ ဈေးများကျနေမှုကြောင့် ပြည်တွင်း၌ လက်ရှိပြောင်းဈေးမှာ အမြင့်ဆုံး တစ်ပိဿာလျှင် ကျပ် ၂၈၀ သာ ရရှိကာ ဈေးအနိမ့်အမျိုးအစားမှာ တစ်ပိဿာလျှင် ကျပ် ၂၆၀ ခန့်သာ ရရှိကြောင်း သိရသည်။

ပြောင်းဈေးနှုန်းများ ကျဆင်းနေမှုကြောင့် တောင်သူများအနေဖြင့် ရောင်းချလျှင်လည်း အရှုံးပေါ်မည်ဖြစ်၍ အခက်ကြုံနေသလို အချိန်အခါမဲ့ မိုးရွာသွန်းမှုဖြစ်ပါက သိုလှောင်ရန်နေရာအခက်အခဲရှိခြင်းများကြောင့်လည်း သီးနှံများပျက်စီးမည်ကို စိုးရိမ်ပူပန်မှုများရှိနေကြကြောင်း မြေနီကုန်းကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

ကယားပြည်နယ်အတွင်းမှ ပြောင်းစိုက်တောင်သူများ ကြုံတွေ့နေရသော အခက်အခဲများ အဆင်ပြေစေရန်အတွက် ပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် စီစဉ်ဆောင်ရွက် ဖြေရှင်းလျက်ရှိကြောင်း သိရသည်။

**ရဲနောင်(လွိုင်ကော်)**

# တာချီလိတ် ရွှေတိဂုံစေတီတော်၌ ဆွမ်းဆန်စိမ်းလောင်းလှူ

**တာချီလိတ် နိုဝင်ဘာ ၁၇**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ကျက်သရေဆောင် တာချီလိတ်ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ထီးတော်တင်လှူခြင်း (၁၈)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဘုရားအနေကဇာတင်ခြင်းနှင့် မြို့ပေါ်ရှိ ဘုန်းကြီးကျောင်းများမှ ဆရာတော်၊ သံဃာတော်၊ ကိုရင်နှင့် သီလရှင် အပါး ၄၀၀ အား ဆွမ်းဆန်စိမ်းစုပေါင်းလောင်းလှူပွဲကို နိုဝင်ဘာ ၁၂ ရက်က ကျင်းပခဲ့သည်။

စေတီတော်ကြီး အနေကဇာတင်ပွဲတွင် နဂါးနှစ်ကောင် ဆရာတော်ကြီး အမှူးပြုသော ဆရာတော်၊ သံဃာတော်များက အနေကဇာတင်ပေးကြပြီး ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဆက်လက်ကျင်းပရာ တာချီလိတ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးကျော်ကိုထိုက်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်နှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများ၊ နိုင်ငံရေးပါတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများက ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြသည်။

**ဝေယံလင်း(ပြန်/ဆက်)**



# ငွေချည်(၉)ချည်မျှင်ရှည်ဝါစိုက်ခင်း တောင်သူပညာပေးကွင်းသရုပ်ပြ

**ပေါက် နိုဝင်ဘာ ၁၇**

ငွေချည်(၉)ချည်မျှင်ရှည်ဝါ စိုက်ပျိုးမှုနှင့်ပတ်သက်၍ တောင်သူပညာပေး ကွင်းသရုပ်ပြရှင်းလင်းပွဲကို မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နိုဝင်ဘာ ၁၅ ရက်တွင် သံပုရာအိုင့်ကျေးရွာအုပ်စု ယာကြီးပြင်ကျေးရွာရှိ သုံးကေစံပြစိုက်ခင်း၌ ပြုလုပ်ခဲ့သည်။

သရုပ်ပြပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအုန်းနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်မြင့်စန်းတို့က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးခင်မောင်ဆွေက ငွေချည်(၉) ချည်မျှင်ရှည်ဝါသည် ပိုးမွှားရောဂါဒဏ်ခံနိုင်ခြင်း၊ ဂွမ်းအရည်အသွေးကောင်းမွန်ခြင်းကြောင့် တစ်ဧက ဝါပိဿာ ၁၀၀၀ အထက် ထွက်ရှိရေး၊ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များအတိုင်း လိုက်နာစိုက်ပျိုးရေးတို့ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက ဝါစိုက်တောင်သူ ၁၅၀ ကျော်အား စိုက်ခင်းအတွင်း လှည့်လည်ပြသပြီး တောင်သူများ သိရှိလိုသည့် အချက်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးက ရှင်းလင်းဖြေကြားခဲ့သည်။

**ဉာဏ်တိုး(ပေါက်)**



**ဝက်လက်မြို့နယ် ရွှေပန်းကုံးကျေးရွာ အထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများ အသိပညာဗဟုသုတ တိုးတက်စေရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲ၊ မူးယစ်ဆေးအန္တရာယ် ဟောပြောပွဲ၊ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲများကို ဝက်လက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နိုဝင်ဘာ ၁၅ ရက်က အဆိုပါကျောင်း၌ ကျင်းပစဉ်။**
နန်းမြင့်(ဝက်လက်)

# Global Entrepreneurship Week
# အထိမ်းအမှတ် အလုပ်ရုံဆွေးနွေးပွဲပြုလုပ်

**မကွေး နိုဝင်ဘာ ၁၇**

INGO အဖွဲ့အစည်းတစ်ခုဖြစ်သည့် Building Markets နှင့် မကွေးမြို့ HYW Business & IT School တို့ ပူးပေါင်း၍ Global Entrepreneurship Week(GEW)အထိမ်းအမှတ် ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲကို မကွေးမြို့ရှိ Soft Guide သင်တန်းခန်းမ၌ နိုဝင်ဘာ ၁၅ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်းက အမှာစကားပြောကြားပြီး HYW သင်တန်းကျောင်းမှ ဒေါ်ဌေးယဉ်ဝင်းက ပွဲကျင်းပသည့်ရည်ရွယ်ချက်များကို ပြောကြားကာ ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများကို ဆက်လက်ပြုလုပ်ခဲ့သည်။

"မကွေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ SME လုပ်ငန်းရှင်များနဲ့ လူငယ် Potentials တွေအတွက် အခုလိုပွဲတွေ ကျင်းပပေးဖို့ HYW အနေနဲ့ စိတ်ဆန္ဒများစွာရှိပါတယ်၊ တိုင်းဒေသကြီးအတွင်း SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်းကောင်း၊ နိုင်ငံတကာအဆင့်မီ စီးပွားရေးဘွဲ့များကို ရယူနိုင်သောသူများ ပေါ်ထွန်းလာစေရန်အတွက်လည်းကောင်း HYW သင်တန်းကျောင်းအနေနဲ့ private school အနေနဲ့ရော အစိုးရဌာနများနဲ့ ပူးပေါင်းဆောင်ရွက်လို့ရမယ့် လုပ်ငန်းတွေမှာလည်း ဇော်လန်တီယာကျောင်းအနေနဲ့ပါ ဆက်လက်ဆောင်ရွက်သွားပါမယ်" ဟု ဒေါ်ဌေးယဉ်ဝင်းက ပြောသည်။

Global Entrepreneurship Week သည် မိမိတို့၏ ကိုယ်ပိုင်စိတ်ကူးများကို သုံးကာ စီးပွားရေးလုပ်ငန်းငယ်များအဖြစ် စတင်လုပ်ကိုင်လာခဲ့ကြသူများက စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက်သော်လည်းကောင်း၊ လူသားများ၏ ကောင်းကျိုးများအတွက်လည်းကောင်း တစ်တပ်တစ်အား ပါဝင်လှုပ်ရှားပေးကြသော အစီအစဉ်ကောင်းတစ်ခုဖြစ်ပြီး နိုဝင်ဘာလအတွင်း ကျင်းပလေ့ရှိကာ ကိုယ်ပိုင်လုပ်ငန်းစတင်လိုသူများအတွက် လှုပ်ရှားမှုများ ပြုလုပ်ပေးခြင်းဖြစ်သည်။

**သန်းနိုင်ဦး(ငဖဲ)**



## သဘာဝဘေးကြောင့်ပျက်စီးခဲ့သည့် လမ်း၊ တံတားများ ပြန်လည်ပြုပြင်သွားမည်

**နေပြည်တော် နိုဝင်ဘာ ၁၇**

နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်အတွင်းမှ သဘာဝဘေးကြောင့် ပျက်စီးသွားသည့် လမ်း၊ တံတားများကို ပြန်လည်ပြုပြင်ရန်အတွက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နိုဝင်ဘာ ၁၄ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ကောင်စီဝင်များဖြစ်သော ဦးအေးမောင်စိန်၊ ဦးတင်ထွဋ်၊ အတွင်းရေးမှူး ဦးမြင့်အောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးသောင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ခရမ်းစပ်ကုန်းကျေးရွာအုပ်စုရှိ ရေလွှမ်းမိုးခံရသည့် စပါးစိုက်ခင်းအခြေအနေများကို ကွင်းဆင်းကြည့်ရှုခဲ့ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဧည့်ခန်းမ၌ မြို့နယ်အုပ်ချုပ်ရေးမှူးက မြို့နယ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် လမ်း/တံတား၊ သီးနှံစိုက်ခင်းများကို နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား မြေပုံနှင့်တကွ ရှင်းလင်းတင်ပြသည်။

ထို့နောက် တာဝန်ရှိသူများသည် ရွာတောကျေးရွာအုပ်စု ရွှေဥဒေါင်းကျေးရွာအနီး တပ်ကုန်း-ပုဗ္ဗသီရိ ကွန်ကရစ်လမ်းပျက်စီးမှု အခြေအနေ၊ နွယ်ရစ်ကျေးရွာအုပ်စု နွယ်ရစ်ကျေးရွာအနီး ဆင်သေချောင်းကူးတံတား ချဉ်းကပ်ကတ္တရာလမ်း ပျက်စီးဆုံးရှုံးမှုအခြေအနေနှင့် သပြေချောင်းကျေးရွာအုပ်စုနှင့် ရွှေမြို့ကျေးရွာအုပ်စု ဆက်သွယ်ထားသည့် ဆင်သေချောင်းကူး စိန်နှင့်ရွှေတံတား မြေထိန်းနံရံ ပြိုကျပျက်စီးမှုနှင့် လမ်းပျက်စီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

## မြိတ်မြို့၌ ပထမဆုံးအကြိမ် ရဲတပ်သားသစ်သင်တန်းဖွင့်

**မြိတ် နိုဝင်ဘာ ၁၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကျောက်ဖျာကျေးရွာအုပ်စု အဒွင်းကျေးရွာရှိ တိုင်းရဲတပ်ဖွဲ့မှူးရုံးဟောင်း၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်နှင့် တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့တို့က ကြီးမှူး၍ ရဲတပ်သားသစ်သင်တန်း အမှတ်(၂၉၅/၂၀၁၆-တနရ)ကို နိုဝင်ဘာ ၁၅ ရက်က ဖွင့်လှစ်ခဲ့သည်။



သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးနေမျိုးက ယခုသင်တန်းကို ပြည်ထောင်စုအစိုးရနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့၏မူဝါဒအရ အချိန်တိုအတွင်းဖွင့်လှစ်နိုင်ရန် ဆောင်ရွက်ခဲ့ရကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဒီမိုကရေစီလမ်းစဉ် လျှောက်လှမ်းရသည့်အချိန်တွင် ရဲတပ်ဖွဲ့၏အခန်းကဏ္ဍဖြစ်သည့် ပြည်တွင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရဲတပ်ဖွဲ့ဝင်များစွာ လိုအပ်လျက်ရှိကြောင်း၊ ရဲတပ်ဖွဲ့အနေဖြင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသော်လည်း တရားဥပဒေစိုးမိုးမှုပျက်ပြားအောင် လုပ်နေသူများရှိသည့်အတွက် ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်း၊ မူးယစ်ဆေးဝါး တားဆီးရေးလုပ်ငန်းများ၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက်လည်း ရဲတပ်ဖွဲ့ဝင်များစွာ လိုအပ်လျက်ရှိကြောင်း အမှာစကား ပြောကြားခဲ့သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်လုပ်ငန်းများ အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ရန်အတွက် အင်အားဖြည့်တင်းသည့်အနေဖြင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ယခုသင်တန်းကို ပထမဆုံးအကြိမ် စတင်ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းသားများအနေဖြင့် ရဲတပ်ဖွဲ့ဝင်များတွင် ရှိသင့်ရှိထိုက်သည့်အရည်အချင်းများ ပြည့်မီရန်နှင့် စွမ်းရည်လေးရပ်၊ ဥပဒေ၊ နည်းဥပဒေ၊ ကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေ၊ ရဲလက်စွဲဥပဒေနှင့် စစ်ပညာဘာသာရပ်များကို စိတ်ရောကိုယ်ပါ လိုက်နာသင်ကြားကြရန်၊ ယခုလိုရဲတပ်ဖွဲ့သို့ ဝင်ရောက်လာသည့်အတွက် ဂုဏ်ယူဝမ်းမြောက်စွာကြိုဆိုပါကြောင်းနှင့် နိုင်ငံတော်၏ သားကောင်းရတနာများ ဖြစ်ပါစေကြောင်းလည်း တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက တိုက်တွန်းပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက ရဲတပ်သားသစ်သင်တန်းသား ၉၉ ဦးအား သီးခြားတွေ့ဆုံ၍ ဆုံးမစကားများ ပြောကြားခဲ့ပြီး သင်တန်းကျောင်းရှိ စစ်ရေးပြကွင်းနေရာ မြေညှိဆောင်ရွက်နေမှုအခြေအနေ၊ ထမင်းစားဆောင်များနှင့် သင်တန်းကျောင်းပတ်ဝန်းကျင်တို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

**မြင့်ဦး(မြိတ်)**

## ဆိုင်ကယ်လိုင်စင်နှင့် ယာဉ်မောင်းလိုင်စင်များ ကွင်းဆင်းဆောင်ရွက်ပေး

**တွန်းဇံ နိုဝင်ဘာ ၁၇**

ချင်းပြည်နယ် တွန်းဇံမြို့နယ်အတွင်းရှိ မှတ်ပုံတင်မဲ့ မော်တော်ဆိုင်ကယ်များအတွက် လိုင်စင်များနှင့် ယာဉ်မောင်းလိုင်စင် (က)များကို ချင်းပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနက နိုဝင်ဘာ ၁၆ ရက်တွင် တွန်းဇံမြို့ အားကစားခန်းမ၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ဆိုင်ကယ်လိုင်စင်နှင့် ဆိုင်ကယ်မောင်းလိုင်စင်ပြုလုပ်ရန် စောင့်ဆိုင်းနေသူများ

ချင်းပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှူး ဦးဇော်မျိုးဝင်း ဦးဆောင်သောအဖွဲ့နှင့် တွန်းဇံမြို့နယ် မှတ်ပုံတင်မဲ့မော်တော်ဆိုင်ကယ် စိစစ်ရေးအဖွဲ့တို့ ပူးပေါင်း၍ မြို့နယ်အတွင်းရှိ မှတ်ပုံတင်မဲ့ မော်တော်ဆိုင်ကယ်များကို မှတ်ပုံတင်ပေးခြင်းနှင့် ဆိုင်ကယ်မောင်းလိုင်စင်မရှိသော ပြည်သူများအတွက် ယာဉ်မောင်းလိုင်စင်(က)တို့ကို ဆောင်ရွက်ပေးခြင်းဖြစ်ကာ ယခုကဲ့သို့ ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနက လာရောက်ကွင်းဆင်းဆောင်ရွက်ပေးခြင်းကြောင့် တွန်းဇံမြို့နယ်အတွင်းရှိ ပြည်သူများအနေဖြင့် ယာဉ်လိုင်စင်နှင့် ယာဉ်မောင်းလိုင်စင်များကို အချိန်ကုန်၊ ငွေကုန်သက်သာပြီး လွယ်ကူစွာ ဆောင်ရွက်နိုင်သည့် အကျိုးကျေးဇူးများရရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## စာသင်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

**နတ်မောက် နိုဝင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ အောင်ဆန်းရပ်ကွက်ရှိ ဗိုလ်ချုပ်အောင်ဆန်း အထိမ်းအမှတ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ မြန်မာ့သြဘာ ကုမ္ပဏီလီမိတက်က ဆောက်လုပ်လှူဒါန်းသော စာသင်ကျောင်းဆောင်ပေးအပ်ပွဲကို နိုဝင်ဘာ ၁၆ ရက်က ကျင်းပခဲ့သည်။

ကျောင်းဆောင်သစ်ပေးအပ်ပွဲတွင် မကွေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ဒုတိယမြို့နယ်ပညာရေးမှူးနှင့် မြန်မာ့သြဘာလုပ်ငန်းစု ကုမ္ပဏီလီမိတက်မှ ဒုတိယတိုင်းမန်နေဂျာ ဦးဘုန်းကျော်လင်းတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က အမှာစကားပြောကြားကာ ဒုတိယမြို့နယ်ပညာရေးမှူးက ပညာရေးဆိုင်ရာလမ်းညွှန်ချက်များကို ပြောကြားသည်။ ထို့နောက်မြန်မာ့သြဘာလုပ်ငန်းစု ကုမ္ပဏီလီမိတက် ဒုတိယတိုင်းမန်နေဂျာက စာသင်ကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို ကျောင်းအုပ်ဆရာမကြီးထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ အဆိုပါကျောင်းဆောင်သစ်သည် အလျား ၈၁ ပေ၊ အနံ ၃၀ ပေနှင့် အမြင့် ၁၂ ပေရှိပြီး သံဖရိမ်၊ အုတ်ကာ၊ သွပ်မိုး အဆောက်အအုံ ဖြစ်ကာ ကျပ်သိန်း ၂၀၀ ကျော် အကုန်အကျခံဆောက်လုပ်ခဲ့ကြောင်း သိရသည်။

**လှဝင်း(နတ်မောက်)**

## ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်နှင့် မွေးဖွားပြီးအချိန်များတွင် အရေးပေါ်ပြုစုစောင့်ရှောက်ခြင်း မြို့နယ်အဆင့် ဆင့်ပွားသင်တန်း ဗန်းမော်မြို့ပြည်သူ့ဆေးရုံကြီး၌ ဖွင့်လှစ်

**ဗန်းမော် နိုဝင်ဘာ ၁၇**

ကချင်ပြည်နယ် ဗန်းမော်မြို့၌ အမျိုးသမီးများ ကိုယ်ဝန်ဆောင်စဉ် ကျန်းမာရေးနှင့် မီးဖွားပြီးနောက်ပိုင်းတွင် မိခင်နှင့်ကလေးများ ကျန်းမာရေးကောင်းမွန်စေရေးအတွက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကြီးမှူးပြီး ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်နှင့် မွေးဖွားပြီး အရေးပေါ်အခြေအနေ အခြေခံ ပြုစုစောင့်ရှောက်ခြင်းဆိုင်ရာ မြို့နယ်အဆင့်သင်တန်းကို ပြည်သူ့ဆေးရုံကြီး သင်တန်းခန်းမ၌ နိုဝင်ဘာ ၁၈ ရက်က ဖွင့်လှစ်ခဲ့သည်။



မွေးဖွားပြီးခါစကလေးအား ပြုစုပေးပုံကို လက်တွေ့သင်ကြားစဉ်

အဆိုပါသင်တန်း၏ သင်တန်းကာလမှာ ခြောက်ရက်ဖြစ်သော်လည်း ပထမအကြိမ်နှင့် ဒုတိယအကြိမ် သုံးရက်စီခွဲ၍ သင်တန်းနှစ်ကြိမ် ဖွင့်လှစ်သင်ကြားပေးကြောင်း၊ ပထမအကြိမ်သင်တန်းကို အောက်တိုဘာ ၁၉ ရက်မှ ၂၁ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး ယခု ဒုတိယအကြိမ် သင်တန်းကို နိုဝင်ဘာ ၁၆ ရက်မှ ၁၈ ရက်အထိ ဆက်လက်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ သင်တန်းသို့ မြို့နယ်အတွင်းရှိ သားဖွားဆရာမ ၁၈ ဦး တက်ရောက်ခဲ့ကြပြီး ဒေါက်တာသန်းနှင်းအေးနှင့် တာဝန်ရှိသူများက စာတွေ့လက်တွေ့ သင်ကြားပို့ချကြောင်း သိရသည်။

**ဆီမီးခုံ-နန်းရီ**

## ရပ်ကွက်ချင်းဆက်ချောင်းကူးတံတား ပြီးစီး၍ ပြည်သူများ သွားလာရေးအဆင်ပြေ

**ဝါးခယ်မ နိုဝင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့ရှိ ရွာသစ်ရပ်ကွက်နှင့် သော်ကရပ်ကွက်ကြား ချောင်းကူးတံတားကို ဆောက်လုပ်ပြီးစီးသွားပြီဖြစ်၍ ဒေသခံပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ တံတားသစ်သည် အရှည်ပေ ၅၀၊ အကျယ် ၁၁ ပေရှိပြီး ဦးအောင်ခင်(ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) မိသားစု၏ မတည်လှူဒါန်းငွေ ကျပ် ၁၂ သိန်းနှင့် စေတနာရှင်များ၏ လှူဒါန်းမှုများစုပေါင်းပြီး ကျပ် ၂၆ သိန်း အကုန်အကျခံ၍ ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ တံတားသစ်ကို နိုဝင်ဘာ ၁၆ ရက်တွင် အလှူရှင်များက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့သည်။

ယခင်က သစ်သားတံတားဟောင်းသည် ယိုယွင်းပျက်စီးနေသောကြောင့် သော်ကရပ်ကွက်၊ ထီးပနန်း၊ တလိုင်းစု၊ အထက်သက္ကယ်၊ အောက်သက္ကယ်၊ တံတားကြီး၊ စံပြရွာသစ် ကျေးရွာများမှ အထက ( ခွဲ) ရွာသစ်ကျောင်းသို့ ကျောင်းတက်ရသော ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ ဆက်သွယ်သွားလာရေး အဆင်ပြေချောမွေ့စေရန် ကွန်ကရစ်တံတားသစ်ကို ဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**လှမ်းသီဟ (ဝါးခယ်မ)**

# ဖရူဆိုမြို့၌ သဘာဝဘေး ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်



**ဖရူဆို နိုဝင်ဘာ ၁၇**
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ကယားပြည်နယ် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာနက ကြီးမှူးပြီး ဖရူဆိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းရုံးတို့ ပူးပေါင်း၍ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို ဖရူဆိုမြို့ မြို့မဈေးအတွင်း၌ နိုဝင်ဘာ ၁၆ ရက်က ပြုလုပ်သည်။

သရုပ်ပြလေ့ကျင့်မှုကို ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဒေါ်လေးရွှေဇင်ဦး၊ ဖရူဆိုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူးနှင့် သန္နမီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် မြို့ပေါ်ရပ်ကွက်များမှ အုပ်ချုပ်ရေးမှူးများ ပူးပေါင်းပြီး မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးငြိမ်းသတ်ယာဉ် နှစ်စီးနှင့်အတူ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ ပူးပေါင်းလုပ်ဆောင်သရုပ်ပြခဲ့ခြင်းဖြစ်သည်။

ဒေသခံပြည်သူများအနေဖြင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက မည်သို့ဆောင်ရွက်ရမည်ကို သိရှိနားလည်သဘောပေါက်စေရန်နှင့် အထူးသဖြင့် မီးဘေးအန္တရာယ်အတွက် လုပ်ဆောင်ရမည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာများ၊ အရေးပေါ်လူနာကယ်ဆယ်ရေးလုပ်ငန်းများကို လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်မှုများ လုပ်ဆောင်ခဲ့ကြခြင်းဖြစ်ကြောင်းနှင့် သဘာဝဘေးကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်သရုပ်ပြမှုကို ဖရူဆိုမြို့နယ်၌ ဒုတိယအကြိမ်မြောက် ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။
**ကိုစိုင်း(လွိုင်ကော်)**

# စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးဟောပြော

**ဂန့်ဂေါ နိုဝင်ဘာ ၁၇**
ဂန့်ဂေါခရိုင်နှင့် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနတို့က ကြီးမှူး၍ ဒေသခံတောင်သူများအား စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၃ ရက်က သာစည်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ဂန့်ဂေါမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးထွန်းမင်းလတ်က အမှာစကားပြောကြားပြီး ဂန့်ဂေါခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင်မာဖြိုး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်မာအေး၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်ဘဏ်ခွဲမန်နေဂျာ ဦးညီညီလွင်၊ မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဇင်ဘိုတို့က ဒေသခံတောင်သူများအား သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ စားသုံးသူ အန္တရာယ်ကင်းရှင်းရေး၊ ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာများ စနစ်တကျအသုံးပြုရေး၊ သီးနှံများအထွက်တိုးရေးအတွက် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး စသည့်အကြောင်းအရာများကို ကဏ္ဍများအလိုက် ရှင်းလင်းဟောပြောခဲ့ကြသည်။ ဟောပြောပွဲသို့ သာစည်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်ခဲ့ကြသည်။
(၁၀၁)



# မိုင်းဆတ်မြို့၌ လျှပ်စစ်မီးပုံမှန်ရရှိရေးအတွက် တွေ့ဆုံဆွေးနွေး

**မိုင်းဆတ် နိုဝင်ဘာ ၁၇**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့၌ လျှပ်စစ်ဓာတ်အား ပုံမှန်ရရှိရေးအတွက် ဓာတ်အားဝန်ဆောင်မှုပေးမည့် ကုမ္ပဏီ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ နိုဝင်ဘာ ၁၅ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သီရိရတနာခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

မိုင်းဆတ်မြို့၌ ဓာတ်အားထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရေးအတွက် လွယ်ဆမ်ဆုံကုမ္ပဏီလီမိတက်က ၂၀၁၃ ခုနှစ် မတ် ၃၁ ရက်တွင် အစိုးရနှင့် စာချုပ်ချုပ်ဆို၍ စက်ရုံ တည်ဆောက်ခြင်းနှင့် လျှပ်စစ်မီးအပြည့်အဝရရှိရေးကို တစ်နှစ်အတွင်း ဆောင်ရွက်မည်ဟုဆိုကာ စတင် လုပ်ဆောင်ခဲ့သော်လည်း ယနေ့အချိန်အထိ ဆောင်ရွက်နိုင်ခြင်းမရှိသေးသဖြင့် တွေ့ဆုံဆွေးနွေးကြခြင်းဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေမျိုးအောင်က မိုင်းဆတ်မြို့တွင် လျှပ်စစ်မီးပုံမှန်ရရှိရေးအတွက် ကုမ္ပဏီက ဆောင်ရွက်ပေးနိုင်မည့်အပိုင်းနှင့် ဒေသခံများ၏ လိုလားချက်များ ညှိနှိုင်းနိုင်စေရေးအတွက် ဆွေးနွေးပွဲကို ပြုလုပ်ခြင်းဖြစ်ကြောင်း အမှာစကားပြောကြားပြီး မြို့မိမြို့ဖ ဦးစိုင်းလုံက လျှပ်စစ်မီးပုံမှန်ရရှိရေးအတွက် အားလုံးဝိုင်းဝန်း၍ အပြုသဘောဖြင့် ဆွေးနွေးစေလိုကြောင်း ပြောကြားသည်။

လွယ်ဆမ်ဆုံကုမ္ပဏီမှ လျှပ်စစ်အင်ဂျင်နီယာမှူး ဦးသိန်းဇော်ထွန်းက မိုင်းဆတ်မြို့ရှိ မီတာသုံးစွဲသူ ၂၆၉၆ အိမ်ကို အိမ်သုံးတစ်ယူနစ် ၃၅ ကျပ်နှင့် လုပ်ငန်းသုံး ၇၅ ကျပ်နှုန်းဖြင့် မယ်ပန်ရေအားလျှပ်စစ်မှ ၆၀၀ ကီလိုဝပ် စက်နှစ်လုံးဖြင့် ထုတ်လုပ်ဖြန့်ဖြူးပေးနေကြောင်း၊ မီးသုံးစွဲသည့် ပမာဏမှာ ၁၄၀၀ ကီလိုဝပ်ရှိသဖြင့် လက်ရှိရေအားလျှပ်စစ်နှင့် မနိုင်သောကြောင့် မီးသုံးစွဲမှု အများဆုံးအချိန်ဖြစ်သည့် နံနက် ၅ နာရီမှ ၈ နာရီအတွင်းနှင့် ညနေ ၅ နာရီမှ ၈ နာရီအတွင်း လေးရက်ခြားတစ်ခါ အလှည့်ကျမီးပေးစနစ် ဆောင်ရွက်နေရကြောင်း ပြောသည်။

"ဒါကလည်း ခြောက်လပိုင်းကနေ ၁၁ လပိုင်းအထိပဲ အဆင်ပြေပါတယ်။ ဒါကြောင့် ဇန်နဝါရီလက စပြီး လက်ရှိရေအားလျှပ်စစ်အပြင် ၅၀၀ ကီလိုဝပ် မီးစက်နှစ်လုံးနဲ့ နေ့စဉ် နံနက် ၅ နာရီမှ ၁၀ နာရီအထိနဲ့ ညနေ ၅ နာရီမှ ၁၀ နာရီအထိ တစ်နေ့ ၁၀ နာရီ ပုံမှန်လျှပ်စစ်မီးပေးနိုင်ရေးအတွက် မီတာခကို အိမ်သုံးတစ်ယူနစ် ၁၀၀ ကျပ်နဲ့ လုပ်ငန်းသုံး ၁၅၀ ကျပ်နှုန်းဖြင့် တိုးကောက်လိုပါတယ်"ဟု ၎င်းက ဆက်ပြောသည်။

မြို့မိမြို့ဖတစ်ဦးဖြစ်သူ ဦးစိုင်းချစ်သောင်းက လက်ရှိရေအားလျှပ်စစ်သည် မြို့လူထုနှင့် နိုင်ငံတော်အစိုးရတို့ ပူးပေါင်းပြီး တည်ဆောက်ထားသည့် ရေအားလျှပ်စစ်ဖြစ်၍ ကုမ္ပဏီအနေဖြင့် ငါးကြင်းဆီနှင့်ငါးကြင်းကြော်သည့်ပုံစံ မဖြစ်စေဘဲ ၂၄ နာရီ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးစေလိုကြောင်း၊ ကုမ္ပဏီအနေဖြင့် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါက အများပိုင်ကုမ္ပဏီပြုလုပ်၍ ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

လျှပ်စစ်အင်ဂျင်နီယာမှူးက ဓာတ်အားဖြန့်ဖြူးမှု ပိုမိုကောင်းမွန်စေရန်အတွက် ရေစုကန်အသစ် တည်ဆောက်နေမှုအခြေအနေ၊ မယ်ကော်ချောင်းမှ ရေသွယ်ယူရန် ကွင်းဆင်းတိုင်းတာ ဆောင်ရွက်နေမှုများနှင့် ပြီးစီးမှုအခြေအနေများ၊ ကုမ္ပဏီအနေဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို နှစ် ၃၀ လုပ်ကိုင်ခွင့်ရရှိထားသော်လည်း ဓာတ်အားဖြန့်ဖြူးခြင်းလုပ်ငန်းကို တစ်နှစ်တစ်ကြိမ် သက်တမ်းတိုးဆောင်ရွက်နေရပုံများကို ပြန်လည်ရှင်းလင်းပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်ဒေသခံပြည်သူများက ဘုရားစေတီနှင့်သာသနိကအဆောက်အအုံများအတွက် မီတာခကို ကုမ္ပဏီက သီးခြားဈေးနှုန်း သတ်မှတ်ပေးရန်၊ အိမ်သုံးဓာတ်အားခ တစ်ယူနစ်လျှင် ၇၀ ကျပ်အထိသာ သတ်မှတ်ရန် စသည့်အချက်များကို ဆွေးနွေးခဲ့ကြသည်။ မိုင်းဆတ်မြို့တွင် ယခင်နှစ် နွေရာသီက လျှပ်စစ်ဓာတ်အားကို တစ်နေ့လျှင် သုံးနာရီခန့်သာ အလှည့်ကျစနစ်ဖြင့် ရရှိခဲ့သောကြောင့် ဒေသခံများက မကျေနပ်ကြ၍ ဆန္ဒပြရန်စီစဉ်ခဲ့ဖူးကြောင်း သိရသည်။
**(ခရိုင် ပြန်/ဆက်)**

# စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာဖတ်ဝိုင်းများ ပြုလုပ်ပေး

**အိမ်မဲ နိုဝင်ဘာ ၁၇**
ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ရေသိုးညောင်ဝိုင်းကျေးရွာအုပ်စု ညောင်ဝိုင်းကျေးရွာ အလက(ခွဲ)ကျောင်း၌ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် နယ်လှည့်စာဖတ်ဝိုင်းများကို မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ဌေးဌေးလှိုင်နှင့် ဝန်ထမ်းများက နိုဝင်ဘာ ၁၅ ရက်က ကွင်းဆင်းပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးလုပ်ငန်းများအဖြစ် စာဖတ်ဝိုင်းများဖွင့်လှစ်၍ စာအုပ်များဖတ်စေခြင်း၊ အသိပညာပေးနံရံကပ်စာစောင်နှင့် ဓာတ်ပုံပြခန်းများ ပြသပေးခြင်း၊ စာပေဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများကို ဟောပြောခြင်း၊ လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်၊ ကွမ်းစားသုံးခြင်း၏ အန္တရာယ်နှင့်ဆိုးကျိုးများ၊ လူကုန်ကူးမှု အန္တရာယ်အကြောင်း ဟောပြောခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ ကျောင်းသား ကျောင်းသူ ၂၅၀ ကျော်ကို အသိပညာပေးနိုင်ခဲ့ကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**



# မုတ်သုံမိုးကြောင့် စပါးစိုက်တောင်သူများအခက်တွေ့နေ

**ပင်လည်ဘူး နိုဝင်ဘာ ၁၇**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ်တွင် မိုးနှောင်းမုတ်သုံမိုးကြောင့် စပါးရိတ်သိမ်းချိန် စပါးခင်းများအတွင်း ရေများဝင်ရောက်၍ ရိတ်သိမ်းပြီးသောကောက်လှိုင်းများ ရေစိုပျက်စီးဆုံးရှုံးမှုများ ရှိနေကြောင်း ဒေသခံတောင်သူများထံမှ သိရှိရသည်။



ရေနစ်မြုပ်နေသော စပါးစိုက်ခင်း

"မိုးရပ်တုန်း အချိန်မီရိတ်သိမ်းပြီးစီးအောင် တစ်နေ့ ၂၀၀၀ ကျပ်ပေးပြီး လူတွေငှားရမ်းပြီး လူအင်အားနဲ့ ရိတ်သိမ်းနေကြရသလို တစ်ဧက ၄၅၀၀၀ ကျပ်မှ ၅၀၀၀၀ ကျပ်အထိပေးပြီး စပါးခြွေလှေ့စက်တွေနဲ့လည်း ရိတ်သိမ်းနေကြရတယ်"ဟု ပိန်းနဲကုန်းကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

အောက်တိုဘာ နောက်ဆုံးပတ်နှင့် နိုဝင်ဘာ ပထမပတ်အတွင်း အဆက်မပြတ်ရွာသွန်းခဲ့သောမိုးကြောင့် စပါးခင်းများနစ်မြုပ်၍ ရိတ်သိမ်းပြီးသော စပါးကောက်လှိုင်းများ ရေထဲမျောပါကာ လယ် ၂ ဒသမ ၆၇ ဧကခန့် ပျက်စီးဆုံးရှုံးမှုရှိခဲ့ကြောင်းလည်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

မိုးနှောင်းမုတ်သုံမိုး သည်းထန်စွာရွာသွန်းနေခြင်းကြောင့် ပင်လည်ဘူးမြို့နယ်တွင် စိုက်ပျိုးပြီးသော လယ်စိုက်ခင်းများအတွင်း ရေများဝင်ရောက်သဖြင့် ရိတ်သိမ်းပြီးကောက်လှိုင်းများ ရေစိုနစ်မြုပ်ခြင်း၊ စပါးများအောက်ခြင်း၊ အညှောက်ပေါက်ပျက်စီးဆုံးရှုံးခြင်းများ ဖြစ်ပေါ်ကာ ဒေသခံ စပါးစိုက်တောင်သူများမှာ အခက်အခဲများ ကြုံတွေ့နေကြရကြောင်း သိရသည်။
**မျိုးလွင်(ပြန်/ဆက်)**

# ကောက်စိုက်စက်ဖြင့် စိုက်ပျိုးအောင်မြင်မှု ကွင်းပြပွဲပြုလုပ်

**မြဝတီ နိုဝင်ဘာ ၁၇**
ကရင်ပြည်နယ် မြဝတီမြို့နယ် မင်းလက်ပံကျေးရွာ၌ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခဲ့သော လယ်မြေ ငါးဧကအတွင်း အောင်မြင်ဖြစ်ထွန်းမှု တောင်သူပညာပေးကွင်းပြပွဲနှင့် စံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၁၅ ရက်က ပြုလုပ်ခဲ့သည်။

ကွင်းပြပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်သန်းရီက ကောက်စက်စိုက်ဖြင့် စိုက်ပျိုးခြင်းကြောင့် တောင်သူလယ်သမားများ ကြုံတွေ့နေရသည့် အလုပ်သမားရှားပါးမှု အခက်အခဲကို ဖြေရှင်းနိုင်ခြင်း၊ အချိန်ကုန်သက်သာ၍ လုပ်ငန်းတွင်ကျယ်ခြင်း၊ မျိုးစေ့ကုန်ကျမှုသက်သာခြင်း၊ ပျိုးသက်နုနုဖြင့် စိုက်ပျိုးသည့်အတွက် အပင်ပွားစည်းမှုကောင်းပြီး အထွက်နှုန်းတိုးတက်စေခြင်းစသည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခဲ့သော စံကွက်ကို ရိတ်သိမ်းခဲ့ရာ တစ်ဧက စပါးအစို ၁၅၀ ဒသမ ၇ တင်း ထွက်ရှိကြောင်း သိရသည်။ ကွင်းပြပွဲသို့ ခရိုင်နှင့် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနများမှ ဝန်ထမ်းများ၊ စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များနှင့် ဖလူးကြီး၊ မင်းလက်ပံ၊ အင်ကြင်းမြိုင်၊ ဖလူးလေးကျေးရွာများမှ တောင်သူလယ်သမားများ လာရောက်လေ့လာခဲ့ကြသည်။
**ထိန်လင်းအောင်(ပြန်/ဆက်)**

# ရပ်ကွက်ပေါင်းစုံ အားကစားပြိုင်ပွဲ ဆုများချီးမြှင့်

**ရန်ကုန် နိုဝင်ဘာ ၁၇**
ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်ပေါင်းစုံ အားကစားပြိုင်ပွဲ၏ ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၁၃ ရက်က မြို့နယ်အားကစားပြိုင်ပွဲရုံ၌ ကျင်းပခဲ့သည်။ ဆုချီးမြှင့်ပွဲတွင် ဖူဆယ်ပြိုင်ပွဲ၊ ရိုးရာခြင်းလုံးပြိုင်ပွဲနှင့် မာရသွန်ပြိုင်ပွဲများမှ ဆုရအားကစားသမားများနှင့် ဆုရအသင်းများအား မြို့နယ် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ကျော်၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ဦးအောင်ကျော်ကျော်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။
**ဝင်းမြင့်ထွန်း(တောင်ဥက္ကလာ)**

# သုံးခွမြို့နယ်တွင် လမ်းကူးကွန်ကရစ်တံတားသုံးစင်း တည်ဆောက်မည်

**သုံးခွ နိုဝင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မွမ်းမံခွင့်ပြုရန်ပုံငွေဖြင့် (Box Culvert) လမ်းကူးကွန်ကရစ်တံတားသုံးစင်း တည်ဆောက်မည်ဟု သိရသည်။

မြို့နယ်အတွင်းရှိ ကျေးရွာများ၏ အချို့နေရာများတွင် ရေထွက်ပေါက်မရှိသဖြင့် လမ်းပေါ်ရေကျော်ခြင်းဖြစ်ပေါ်ပြီး မိုးတွင်းကာလတွင် အခက်အခဲများနှင့် ကြုံတွေ့နေရသဖြင့် လမ်းပန်းဆက်သွယ်ရေး လွယ်ကူစေရန်၊ ရေစီးရေလာကောင်းမွန်စေရန်ရည်ရွယ်၍ ကျေးရွာချင်းဆက်လမ်းများပေါ်တွင် တစ်စင်းလျှင် အရှည် ငါးပေ သုံးလက်မ၊ မျက်နှာဝအကျယ် ၂၂ ပေ၊ အမြင့် ငါးပေ ကိုးလက်မရှိ Box Culvert သုံးစင်းကို ကံမြင့်-ဉယျာဉ်တော၊ တာရွာလမ်းပေါ်တွင် တစ်စင်း၊ မိချောင်းကန်လမ်းပေါ်တွင် တစ်စင်း၊ ဒေါင်းကြီးကျေးရွာလမ်းပေါ်တွင် တစ်စင်း တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။



ကံမြင့်-ဉယျာဉ်တောကျေးရွာ တာလမ်းပေါ်တွင် လမ်းကူးတံတားတစ်ခု တည်ဆောက်နေမှုကို တွေ့ရစဉ်

ယခုအခါ ကံမြင့်-ဉယျာဉ်တောကျေးရွာ တာလမ်းပေါ်တွင် လမ်းကူးတံတားတစ်ခု တည်ဆောက်လျက်ရှိကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

# စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်

**မန္တလေး နိုဝင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းတွင် သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျွဲတပ်အုပ်စု အရေးပိုင်ကျေးရွာတွင် လေးလက်မစက်ရေတွင်းကို ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ်၌ SILVETR MARK ကုမ္ပဏီမှ တာဝန်ယူ တူးဖော်လျက်ရှိရာ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသောင်းထိုက် (ဒုတိယညွှန်ကြားရေးမှူး)၊ မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်မိုး (လက်ထောက်ညွှန်ကြားရေးမှူး) တို့သည် နိုဝင်ဘာ ၁၆ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာတွင် အိမ်ခြေ ၁၆၀ လူဦးရေ ၉၆၀ နေထိုင်လျက်ရှိပြီး မြို့နယ်အနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာပေါင်းခြောက်ရွာတွင် စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းကို ခွင့်ပြုရန်ပုံငွေကျပ် ၁၄၇ ဒသမ ၉၀ သန်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အတ်ကလေး(ရမည်းသင်း)**



# ဓာတ်အားပေးစက်ရုံစီမံကိန်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာဆွေးနွေး

**မြိတ် နိုဝင်ဘာ ၁၇**

မြိတ် အများပိုင်ကော်ပိုရေးရှင်းလီမိတက်နှင့် ကိုရီးယားနိုင်ငံမှ KMPI Consortium Co.,Ltd. တို့ပူးပေါင်း၍ တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ကပကျေးရွာအုပ်စု အတွင်းရှိ လင်မလိုရွာကြီးအနီးတွင် အကောင်အထည်ဖော်မည့် LNG ဓာတ်အားပေးစက်ရုံ စီမံကိန်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းနှင့် လူမှုရေးထိခိုက်မှု ဆန်းစစ်ခြင်း၊ Environmental and Social Impact Assessment ဆိုင်ရာ သက်ဆိုင်သူများနှင့် ဆွေးနွေးပွဲကို နိုဝင်ဘာ ၁၅ ရက် နံနက်က မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ကျွန်းရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြိတ်အများပိုင် ကော်ပိုရေးရှင်းလီမိတက်မှ ဒါရိုက်တာ အတွင်းရေးမှူး ဦးမျိုးအောင်က ယင်းဓာတ်အားပေးစက်ရုံ စီမံကိန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာရှင် ဒေါက်တာ ဦးဝင်းမောင်က စီမံကိန်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းလုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားခဲ့သည်။



ဒေါက်တာဦးဝင်းမောင်က ဆွေးနွေးပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားနေစဉ်

ယင်းနောက် တက်ရောက်လာကြသော စီမံကိန်းနှင့်သက်ဆိုင်သူများက သိရှိလိုသည်များကို မေးမြန်းအကြံပြုဆွေးနွေးခဲ့ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင် ဒေါက်တာ ဦးဝင်းမောင်နှင့် မြိတ်အများပိုင် ကော်ပိုရေးရှင်းလီမိတက်မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။

အဆိုပါ ဓာတ်အားပေးစီမံကိန်းကို အမေရိကန်ဒေါ်လာ သန်း ၅၆၀ ဖြင့် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်တည်ဆောက် မည်ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ၌ စတင်လည်ပတ်၍ ထွက်ရှိလာသော ဓာတ်အားကို ကတန်ကျွန်း(ကျွန်းစု)ကို ၅၀ မီဂါဝပ်၊ ပထော်ပထက်ကို ၃၀ မီဂါဝပ် နှင့် မြိတ်မြို့နယ်သို့ ၇၀-၂၂၀ မီဂါဝပ်ကို သင့်တော်သောနှုန်းထားဖြင့် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း မြိတ်အများပိုင် ကော်ပိုရေးရှင်းလီမိတက်မှ ဒါရိုက်တာ အတွင်းရေးမှူး ဦးမျိုးအောင်က ပြောကြားသည်။

**မြင့်ဦး (မြိတ်)**

# INFO Day & Student's Showease ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၇**

INFO Day&Student's Showease ကို နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ STI Myanmar University (STIMU) အဆောင် ၁၀ MICT Park လှိုင်တက္ကသိုလ်၊ လှိုင်မြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။ STIMU တွင် သင်ကြားပို့ချလျက်ရှိသည့် ဘာသာရပ်ဆိုင်ရာ Information Session များနှင့်အတူ Business & Engineering ကျောင်းသားကျောင်းသူများ၏ Project Show များ ပြသခြင်း၊ ပညာရေးဆိုင်ရာ Career Choice ဆိုင်ရာ ဗဟုသုတများ ဆွေးနွေးမည်ဖြစ်ရာ မည်သူမဆို လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာ့ရိုးရာခြင်းလုံးသင်တန်းဖွင့်လှစ်ပို့ချမည်

**မန္တလေး နိုဝင်ဘာ ၁၇**

မြန်မာ့ရိုးရာ ခြင်းလုံးအားကစားနည်း တိုးတက်ပြန့်ပွားရေးနှင့် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာရေးတို့ကို ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး ခြင်းလုံးဆပ်ကော်မတီက ကြီးမှူးပြီး ခြင်းလုံးအားကစားနည်း၏ အခြေခံနှင့်ပြိုင်ပွဲခတ်နည်းစနစ်များကို နိုဝင်ဘာ ၁၉ ရက်မှစတင်၍ တစ်ပတ်လျှင် စနေ၊ တနင်္ဂနွေနှစ်ရက်တို့တွင် ညနေ ၃ နာရီ မှ ၅ နာရီအထိ မန္တလေးမြို့ မဟာမုနိဘုရားကြီး ဝါဆိုခြင်းလုံး အားကစားရုံ၌ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းသို့တက်ရောက်လိုကြသော အားကစားသမားများအနေဖြင့် ဦးကျော်ဝင်း (တိုင်းဒေသကြီးခြင်းလုံး ဆပ်ကော်မတီအတွင်းရေးမှူး) ဖုန်း ၀၉-၄၃၁၀-၀၀၂၉ နှင့် ဦးမောင်မောင်မျိုး (နည်းပြ) ၀၉-၉၁၀၂၀၈၂၇ တို့ထံ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ပြီး သင်တန်းအား အခမဲ့သင်ကြားပို့ချပေးမည်ဖြစ်ကာ လက်ရှိခတ်ကစားနေကြသော ခြင်းလုံးအားကစားသမားများအနေဖြင့်လည်း ပြိုင်ပွဲခတ်ကစားနည်းများ လာရောက်သင်ကြားလေ့ကျင့်နိုင်ကြောင်း ဦးကျော်ဝင်းက ပြောသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# နွေစပါးစိုက်ပျိုးရေ ပြည့်ဝစွာရရှိနိုင်ရေး စက်ယန္တရားများဖြင့်ဆောင်ရွက်

**ရေတာရှည် နိုဝင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာချောင်း ဆည်ရေသောက် ဧရိယာအတွင်း နွေစပါးစိုက်ပျိုးမည့်တောင်သူများ စိုက်ပျိုးရေဖူလုံစွာ ရရှိနိုင်ရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ စက်ယန္တရားများဖြင့် ဆောင်ရွက်လျက်ရှိသည်။

ရေတာရှည်မြို့နယ်တွင် နွေစပါးစိုက်ဧက ၂၆၃၄၁ ဧကရှိပြီး နွေစပါးမှာ မိုးစပါးထက် အထွက်နှုန်းကောင်းမွန်ခြင်းကြောင့် စိုက်ပျိုးရေလိုအပ်မှုမရှိစေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဆွာချောင်းဆည်မှ ရေပေးဝေရေး မြောင်းမကြီးများဖြစ်သော လက်တံ(၇)၊ လက်တံ(၂)နှင့် လက်တံ(၄)တို့အား ရေစီးအားပိုမိုကောင်းမွန်ရန် ပြန်လည်ဆယ်ယူခြင်းနှင့် မြောင်းအကျယ်ချဲ့ခြင်းတို့ကို ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကာ မြောင်းမကြီးအောက်ပိုင်းကိုလည်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



ဆွာချောင်းရေသောက်ဆည်ဧရိယာအတွင်း ရေစီးအားပိုမိုကောင်းစေရန် စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်နေစဉ်

# မန်ယူအတွက် အချိန်တိုင်း အဆင်သင့် ရှိနေကြောင်း ရှုဝိန်းစတိန်ဂါ ပြောဆို


မန်ယူအသင်း ကွင်းလယ်ကစားသမား ရှုဝိန်းစတိန်ဂါက မိမိအနေဖြင့် အသင်းအတွက် မန်နေဂျာ မော်ရင်ညို လိုအပ်သည့်အချိန်တိုင်း အဆင်သင့်ရှိနေသည်ဟု မော်ရင်ညိုအား အသိပေးပြောဆိုခဲ့ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဂျာမနီကစားသမား ရှုဝိန်းစတိန်ဂါ(၃၂နှစ်)သည် မန်နေဂျာ မော်ရင်ညို၏ အပိုအလျှံကစားသမားအဖြစ် သတ်မှတ်ခံထားရသူဖြစ်ပြီး ယခုနှစ် ဘောလုံးရာသီတွင် မန်ယူအသင်းအတွက် ပါဝင်ကစားခွင့် မရရှိသေးသူဖြစ်သည်။ ဘိုင်ယန်မြူးနစ် ကစားသမားဟောင်း ရှုဝိန်းစတိန်ဂါသည် မကြာသေးမီက မန်ယူပထမအသင်းနှင့်အတူ လေ့ကျင့်မှုများ ပြန်လည်ပြုလုပ်ခွင့် ရရှိခဲ့သည်။

ရှုဝိန်းစတိန်ဂါက “ကျွန်တော့်ကို လိုအပ်လာမယ့် အနေအထားတွေအတွက် ကြံ့ခိုင်မှုရှိနေစေဖို့ ကြိုးစားနေပါတယ်။ ကျွန်တော် အခွင့်အရေးတစ်ခု ရလာမယ်လို့ မျှော်လင့်တယ်။ မန်ယူအသင်းနဲ့အတူ နေ့စဉ်နေ့တိုင်း လေ့ကျင့်မှု ပြုလုပ်ရဖို့လည်း မျှော်လင့်ပါတယ်။ ကျွန်တော့်အတွက် အခွင့်အရေး ရလာမလားဆိုတာကိုတော့ မသိပါဘူး။ ဒါပေမယ့် ဒီလိုအခွင့်အရေးရလာဖို့ မျှော်လင့်ထားပါတယ်။ အသင်းအတွက် အရာရာ ပေးဆပ်သွားဖို့ အဆင်သင့်ပါပဲ။ ကျွန်တော်ဟာ အသက် ၃၂ နှစ် ရှိပြီ ဖြစ်ပေမယ့် ကြံ့ခိုင်မှုရှိတယ်လို့ ခံစားနေရဆဲပါ။ ထိပ်တန်းအဆင့် ခြေစွမ်းမျိုးနဲ့လည်း နှစ်များစွာ ဆက်ကစားသွားဖို့ မျှော်လင့်ပါတယ်။ ပြီးခဲ့တဲ့ ဘောလုံးရာသီမှာ ကျွန်တော်တို့ဟာ အက်ဖ်အေချန်ပီယံဆုဖလားကို ရရှိခဲ့ပြီး ဒီအောင်မြင်မှုက ကျွန်တော့်ရည်မှန်းချက်တွေထဲက တစ်ခုပါ။ မန်ယူအသင်းနဲ့အတူ ပရီမီယာလိဂ်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ပြီး အောင်မြင်မှု ရရှိမယ်ဆိုရင် အလွန်ကောင်းမွန်တဲ့ကိစ္စ ဖြစ်လာမှာပါ။ ကျွန်တော်ဟာ အကောင်းမြင်စိတ် ရှိခဲ့သူဖြစ်ပြီး အခုလည်း အဲဒီအတိုင်း ရှိနေပါတယ်။ သီတင်းပတ်တိုင်း ပွဲကစားခွင့်ရရှိတာနဲ့ လေ့ကျင့်မှုတွေပဲ ပြုလုပ်ရတာက ခြားနားမှုရှိပါတယ်။ ဒါပေမယ့် ကျွန်တော်က ဘောလုံးအားကစားကို ချစ်မြတ်နိုးနေဆဲပါ”ဟု ပြောသွားသည်။

ဂျာမနီအသင်းနှင့်အတူ ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလား ချန်ပီယံဆုဖလား ရရှိခဲ့သူ ရှုဝိန်းစတိန်ဂါသည် ပြီးခဲ့သည့် ဘောလုံးရာသီတွင် မန်ယူအတွက် စုစုပေါင်း ၃၁ ပွဲ ပါဝင်ကစားခဲ့ပြီး တစ်ဂိုးသွင်းယူခဲ့သူဖြစ်သည်။

**ထက်အောင်**





# တောင့်ကြည့်ချင်စရာကောင်းလာတဲ့ ချယ်လ်ဆီးကစားသမားဟာဇက်ရဲ့ ခြေစွမ်း

**ပရီမီယာလိဂ်ပွဲစဉ် (၁၁) မှာ ချယ်လ်ဆီးအသင်းရဲ့ခြေစွမ်းကတော့ အံ့မခန်းပါပဲ။ စတန်းဖို့ဒ်ဘရစ်မှာ အဲဗာတန်အသင်းကို အိပ်မက်ဆိုးတွေမက်စေခဲ့တဲ့အထိ ဖြစ်ခဲ့ပါတယ်။ အဲ့ဒါကတော့ အဲဗာတန်အသင်းကို စတန်းဖို့ဒ်ဘရစ်ကွင်းမှာ ၅-၀ နဲ့ အနိုင်ရရှိအောင်ကစားနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ အဲဗာတန်အသင်းဆိုတာဟာ ပရီမီယာလိဂ်ပွဲစဉ် (၁၀) အထိ ပေးဂိုးအနေနဲ့ ရှစ်ဂိုးသာရှိခဲ့ပြီး အဲ့ဒီလိုအသင်းမျိုးကို ချယ်လ်ဆီးအသင်းဟာ ငါးဂိုးအထိ သွင်းယူခဲ့ပြီး ပရီမီယာလိဂ်အမှတ်ပေးဇယားရဲ့အဆင့်နှစ် နေရာကိုတက်ရောက်လာခဲ့တာလည်း ဖြစ်ပါတယ်။ အခု အချိန်မှာတော့ ချယ်လ်ဆီးအသင်းဟာ ပရီမီယာလိဂ်ချန်ပီယံပြေးလမ်းပေါ်က အသင်းတစ်သင်းအဖြစ် ရှိနေပြီဖြစ်ပါတယ်**

ချယ်လ်ဆီးအသင်းဟာ ပရီမီယာလိဂ် နောက်ဆုံး ငါးပွဲကို ကြည့်မယ်ဆိုရင်လည်း ပေးဂိုးအနေနဲ့ လုံးဝမရှိခဲ့တာကို တွေ့ရမှာပါ။ ဒါ့အပြင် ရဂိုးတွေကို ကြည့်မယ်ဆိုရင်လည်း အနည်းဆုံး နှစ်ဂိုး သွင်းယူထားနိုင်တာဖြစ်ပြီး မန်ယူအသင်းနဲ့ပွဲမှာ လေးဂိုးနဲ့ အဲဗာတန်အသင်းနဲ့ ပွဲမှာတော့ ငါးဂိုးအထိ ရရှိခဲ့ပါတယ်။ လက်ရှိ ပရီမီယားလိဂ်အသင်းတွေထဲမှာလည်း လီဗာပူးအသင်းပြီးရင် သွင်းဂိုးအများဆုံး ရရှိထားတဲ့အသင်းလည်း ဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်း အနေနဲ့ အခုလို ဂိုးတွေရရှိနေတာကလည်း အသင်းရဲ့ တိုက်စစ်ပိုင်းမှာ ဒီယေဂိုကော်စတာ၊ ဟာဇတ်နဲ့ ပီဒရို တို့ကို တွဲဖက်ကစားစေခဲ့တာကြောင့်လည်း ဖြစ်ပါတယ်။ ဒီနှစ်ရာသီမှာတော့ ဒီယေဂိုကော်စတာဟာ ပရီမီယာလိဂ် သွင်းဂိုးအနေနဲ့ ကိုးဂိုးသွင်းယူပေးထားသလို ဟာဇက်ဆိုရင်လည်း ခုနစ်ဂိုးအထိ သွင်းယူပေးထားတာကို တွေ့ရမှာဖြစ်ပါတယ်။ အဲ့ဒီ တိုက်စစ်ကစားသမား သုံးဦးထဲမှာတော့ ပီဒရိုကတော့ သိပ်မထင်ရှားတဲ့သူလို့ ပြောရမှာပါ။

ဒါပေမယ့် အဲ့ဒီ သုံးဦးထဲမှာမှ ဒီနှစ်ရာသီမှာ အသင်းမှာ ခြေပြန်တွေ့နေခဲ့တဲ့ ကစားသမားကတော့ ဟာဇက်လို့ ပြောရမှာပါ။ ဟာဇက်အတွက်ကတော့ ပြီးခဲ့တဲ့ရာသီဟာ ခက်ခဲမှုတွေနဲ့ အပြည့်ရှိနေခဲ့တယ်။ ဒါကြောင့်လည်း နွေရာသီဈေးကွက်မှာ အသင်းကနေ ထွက်ခွာဖို့အထိ ဖြစ်ခဲ့တာလည်း ဖြစ်ပါတယ်။ ဒါပေမယ့် ဟာဇက်ရဲ့ အရည်အသွေးကိုသိတဲ့ မန်နေဂျာသစ် ကွန်တီဟာ သူ့ကိုအသင်းမှာ ဆက်လက်ရှိနေစေခဲ့ပါတယ်။ သူဟာ ပြီးခဲ့တဲ့ရာသီက ဒဏ်ရာပြဿနာတွေနဲ့အတူ ခြေစွမ်းမတည်ငြိမ်မှုတွေကြောင့် ဝေဖန်မှုတွေ အပြင်းအထန်ခံခဲ့ရပေမယ့် ဒီနှစ်ရာသီမှာ သူ့နဲ့ပတ်သက်တဲ့ဝေဖန်မှု အသံတွေဟာ တိတ်ဆိတ်သွားခဲ့ပါတယ်။ ဒါကလည်း ဒီနှစ်ရာသီမှာ သူ့ရဲ့ ခြေစွမ်းက အကောင်းဆုံးရှိနေခဲ့လို့လည်း ဖြစ်ပါတယ်။ ဒီနှစ်ရာသီမှာ ဟာဇက်ရဲ့စွမ်းဆောင်မှု ကိန်းဂဏန်းဇယားတွေအရ ကြည့်မယ်ဆိုရင်တော့ ပရီမီယာလိဂ် ကစားသမားတွေထဲမှာတော့ လီဗာပူးကွင်းလယ်ကစားသမား ကော်တင်ညိုပြီးရင် ဒုတိယအကောင်းဆုံး ကစားသမားတစ်ဦးလို့ ပြောရမှာပါ။

ဟာဇက်အနေနဲ့ အသင်းမှာ အခုလို ခြေစွမ်းပြကစားနိုင်ခြင်းကလည်း မန်နေဂျာကွန်တီရဲ့ ကစားကွက်အခြေအနေတွေကြောင့်လို့လည်း ပြောရမှာပါ။ ကွန်တီအနေနဲ့ဟာဇက်ကို အသင်းရဲ့ တိုက်စစ်ပိုင်းအတွက် လုံးလုံးလျားလျား အားကိုးထားတာကို တွေ့မြင်ရမှာလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ဟာဇက်ရဲ့ ဘောလုံးလုယူဆွဲပြေးနိုင်မှုနဲ့ အခွင့်အရေးကောင်းတွေကို ဖန်တီးနိုင်မှုတွေဟာ ပြိုင်ဘက်အသင်းတွေအတွက်တော့ ကြောက်စရာအကောင်းဆုံး ကစားသမားတစ်ဦးအဖြစ် ရှိနေခဲ့ပါတယ်။ အောက်တိုဘာလ စစ်တမ်းတွေအရ ပြောရမယ်ဆိုရင်တော့ သူ့ရဲ့စွမ်းဆောင်မှုတွေဟာ ပရီမီယာလိဂ် ကစားသမားတွေထဲမှာတော့ ထိပ်ဆုံးအဆင့်အထိ ရှိတယ်လို့ ဆိုထားပါတယ်။ ဒါ့အပြင် တစ်ပွဲစီအလိုက်ဂိုးရရှိနိုင်မှုမှာလည်း ၃.၁ ရာခိုင်နှုန်းရှိတာကြောင့် သူကစားသမား ဘဝတစ်လျှောက်မှာတော့ အမြင့်ဆုံးအခြေအနေလို့လည်း ပြောရမှာ ဖြစ်ပါတယ်။ ဒီနှစ်ရာသီမှာ သူအနေနဲ့ ပရီမီယာလိဂ် ၁၁ ပွဲမှာ ခုနစ်ဂိုး သွင်းယူထားတာကြောင့် ပြီးခဲ့တဲ့ရာသီက တစ်ရာသီလုံး ကစားခဲ့ပြီး လေးဂိုးသာ သွင်းယူနိုင်ခဲ့တာနဲ့ ယှဉ်ရင်တော့ အကွာကြီးကွာနေတယ်လို့ ပြောရမှာပါ။

ဒီနှစ်ရာသီမှာ ဟာဇက်အနေနဲ့ အသင်းဂိုးရရှိဖို့ကို ပံ့ပိုးနိုင်မှုမှာတော့ တစ်ကြိမ်သာ ရှိတာကြောင့် အံ့သြစရာ ဖြစ်ပေမယ့် အသင်းအတွက် အနိုင်ရရှိဖို့ လိုအပ်တဲ့ပွဲတွေမှာ ဂိုးတွေကို ရအောင်သွင်းယူ ပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း ပြီးခဲ့တဲ့ရာသီက ခက်ခဲမှုတွေနဲ့အတူ ဝေဖန်မှုတွေကို ပြင်းပြင်းထန်ထန်ခံခဲ့ရတဲ့ ဟာဇက်ဟာ အခုအချိန်မှာတော့ ချယ်လ်ဆီးအသင်းတွက် တစ်ကျော့ပြန် အောင်ပွဲတွေရယူပေးနိုင်တဲ့ ကစားသမားတစ်ဦးလို့ ပြောရမှာ ဖြစ်ပါတယ်။ ဟာဇက်အနေနဲ့ စိန်ခေါ်မှုတွေ ပြင်းထန်လွန်းတဲ့ ပရီမီယာလိဂ်ပြိုင်ပွဲတွေကြားကနေ အသင်းအတွက် လိုအပ်တဲ့ ပရီမီယာလိဂ်ဆုဖလားကိုဘယ်လို ရယူပေးနိုင်မလဲဆိုတာကတော့စောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။

**အောင်က**

## ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၅)

| | |
|---|---|
| **အင်္ဂါနေ့ (၂၂-၁၁-၁၆)** | |
| ည ၁၁း၃၀ | စီအက်စ်ကေအေ - လေဗာကူဆင် |
| နံနက် ၂း၁၅ (ဗုဒ္ဓဟူးနံနက်) | မိုနာကို - စပါး |
| နံနက် ၂း၁၅ (ဗုဒ္ဓဟူးနံနက်) | စပို့တင်း - ရီးရဲ |
| နံနက် ၂း၁၅ (ဗုဒ္ဓဟူးနံနက်) | ဒေါ့မွန် - လီဂါဝါဆော |
| နံနက် ၂း၁၅ (ဗုဒ္ဓဟူးနံနက်) | လက်စတာ - ဘရူဂျက် |
| နံနက် ၂း၁၅ (ဗုဒ္ဓဟူးနံနက်) | ကိုပင်ဟေဂင် - ပေါ်တို |
| နံနက် ၂း၁၅ (ဗုဒ္ဓဟူးနံနက်) | ဒီနမိုဇာဂရက် - လိုင်ယွန် |
| နံနက် ၂း၁၅ (ဗုဒ္ဓဟူးနံနက်) | ဆီဗီးလ် - ဂျူဗင်တပ် |
| **ဗုဒ္ဓဟူးနေ့ (၂၃-၁၁-၁၆)** | |
| ည ၁၁း၃၀ | ရော့စ်တော့ဗ် - ဘိုင်ယန် |
| နံနက် ၀၀း၁၅(ကြာသပတေးနံနက်) | ဘက်ရှီးတပ် - ဘင်ဖီကာ |
| နံနက် ၂း၁၅(ကြာသပတေးနံနက်) | အာဆင်နယ် - ပီအက်စ်ဂျီ |
| နံနက် ၂း၁၅(ကြာသပတေးနံနက်) | လူဒိုဂိုရက်စ် - ဘေဆယ် |
| နံနက် ၂း၁၅(ကြာသပတေးနံနက်) | နာပိုလီ - ဒီနမိုကိဗ် |
| နံနက် ၂း၁၅(ကြာသပတေးနံနက်) | ဆဲလ်တစ် - ဘာစီလိုနာ |
| နံနက် ၂း၁၅(ကြာသပတေးနံနက်) | ဂလာဘတ်ချ် - မန်စီးတီး |
| နံနက် ၂း၁၅(ကြာသပတေးနံနက်) | အက်သလက် - အိုင့်ဟိုဗင် |

## ပရီမီယာလိဂ်ပွဲစဉ်(၁၂)

| | |
|---|---|
| **စနေနေ့ (၁၉-၁၁-၁၆)** | |
| ည ၇း၀၀ | မန်ယူ - အာဆင်နယ် |
| ည ၉း၃၀ | ခရစ္စတဲလ်ပဲလေ့စ် - မန်စီးတီး |
| ည ၉း၃၀ | အဲဗာတန် - ဆွမ်ဆီး |
| ည ၉း၃၀ | ဆောက်သမ်တန် - လီဗာပူး |
| ည ၉း၃၀ | စတုတ်စီးတီး - ဘုန်းမောက် |
| ည ၉း၃၀ | ဆန်းဒါးလန်း - ဟားလ်စီးတီး |
| ည ၉း၃၀ | ဝက်ဖို့ဒ် - လက်စတာစီးတီး |
| နံနက် ၀၀း၀၀ (တနင်္ဂနွေနံနက်) | စပါး - ဝက်စ်ဟမ်း |
| **တနင်္ဂနွေနေ့ (၂၀-၁၁-၁၆)** | |
| ည ၁၀း၃၀ | မစ်ဒယ်ဘရော့ - ချယ်လ်ဆီး |
| **တနင်္လာနေ့ (၂၁-၁၁-၁၆)** | |
| နံနက် ၂း၃၀ (အင်္ဂါနံနက်) | ဝက်စ်ဘရွန်း - ဘန်လေ |

## စပိန်လာလီဂါပွဲစဉ်(၁၂)

| | |
|---|---|
| **သောကြာနေ့ (၁၈-၁၁-၁၆)** | |
| နံနက် ၂း၁၅ (စနေနံနက်) | ဘက်တစ် - လက်စ်ပဲလ်မက်စ် |
| **စနေနေ့ (၁၉-၁၁-၁၆)** | |
| ည ၆း၃၀ | ဒီပို့တီဗို - ဆီဗီလာ |
| ည ၉း၄၅ | ဘာစီလိုနာ - မာလာဂါ |
| နံနက် ၀၀း၀၀ (တနင်္ဂနွေနံနက်) | အီဘား - ဆယ်တာဗီဂို |
| နံနက် ၂း၁၅ (တနင်္ဂနွေနံနက်) | အက်သလက် - ရီးရဲ |
| **တနင်္ဂနွေနေ့ (၂၀-၁၁-၁၆)** | |
| ည ၅း၃၀ | အလာဗက်စ် - အက်စ်ပန်ညို |
| ည ၉း၄၅ | ဗလန်စီယာ - ဂရန်နာဒါ |
| နံနက် ၀၀း၀၀ (တနင်္လာနံနက်) | ဂီဂျွန် - ဆိုစီဒက်စ် |
| နံနက် ၂း၁၅ (တနင်္လာနံနက်) | ဘီဘာအို - ဗီလာရီးရဲ |
| **တနင်္လာနေ့ (၂၁-၁၁-၁၆)** | |
| နံနက် ၂း၁၅ (အင်္ဂါနံနက်) | လီဂါနက်စ် - အိုဆာစူနာ |




# ဘာစီလိုနာအသင်းနှင့် စာချုပ်သစ် ချုပ်ဆိုရေးကို မက်ဆီ ငြင်းဆိုခဲ့

ဘာစီလိုနာအသင်း၏ အဓိကတိုက်စစ်ကစားသမားဖြစ်သူ လီယွန်နယ်မက်ဆီသည် ၂၀၁၆ ခုနှစ် ဇူလိုင်လအတွင်း စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းမှုကို ငြင်းပယ်ခဲ့ကြောင်း စပိန်မီဒီယာများတွင် ရေးသားဖော်ပြထားသည်။

အာဂျင်တီးနားကစားသမား မက်ဆီ(၂၉နှစ်)နှင့် ဘာစီလိုနာအသင်းတို့ ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ ၂၀၁၈ ခုနှစ် နွေရာသီအတွင်းတွင် ကုန်ဆုံးမည်ဖြစ်ပြီး ပြီးခဲ့သည့် ဇူလိုင်လအတွင်း မိသားစုနှင့်အတူ အပန်းဖြေခရီးထွက်စဉ် ဘာစီလိုနာ၏ စာချုပ်သစ် ချုပ်ဆိုရန် ကမ်းလှမ်းမှုကို ပယ်ချခဲ့ခြင်း ဖြစ်သည်။

မက်ဆီနှင့် စပိန်နိုင်ငံ အခွန်အာဏာပိုင်များအကြား ပြဿနာဖြစ်ပွားမှုသည် ဘာစီလိုနာအသင်း၏ စာချုပ်သစ် ချုပ်ဆိုရန် ကမ်းလှမ်းမှုကို ငြင်းပယ်ခဲ့ခြင်း၏ အကြောင်းပြချက်များအနက်မှ တစ်ခုဖြစ်ကြောင်း မက်ဒရစ်အခြေစိုက် သတင်းစာတစ်စောင်က ဖော်ပြခဲ့သည်။ မက်ဆီသည် သူ၏ဝင်ငွေများအနက်မှ ပေါင်သုံးသန်းအား အခွန်ရှောင်တိမ်းခဲ့မှုကြောင့် မက်ဆီနှင့် သူ၏ဖခင်ဖြစ်သူတို့သည် ဆိုင်းငံ့ထောင်ဒဏ် ၂၁ လ ချမှတ်ခံထားရသူဖြစ်သည်။

ဘာစီလိုနာအသင်း ဥက္ကဋ္ဌ ဘာတိုမြူကမူ မက်ဆီအား အသင်းတွင် ကာလရှည်ဆက်ရှိသွားရန် ကြိုးစားသွားမည်ဖြစ်ကြောင်း ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောဆိုခဲ့သည်။

“မက်ဆီနဲ့ ဘာစီလိုနာအသင်းတို့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းက ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ ပြီးဆုံးချိန်အထိဖြစ်ပါတယ်။ မက်ဆီနဲ့ လက်တွဲရတဲ့အတွက် အလွန်ပျော်ရွှင်မိတယ်။ အလွန်ပျော်ရွှင်မိတာပါ။ အနာဂတ်မှာ ဘာဖြစ်လာမလဲဆိုတာကိုတော့ ကျွန်တော်မသိပါဘူး။ ဒါပေမယ့် ကျွန်တော်တို့အနေနဲ့ မက်ဆီကို သူ့ဟာ ကမ္ဘာ့အကောင်းဆုံးကလပ်မှာရှိနေတာဖြစ်ပြီး သူ့အတွက် နေထိုင်ဖို့ အကောင်းဆုံးနေရာမှာ ရှိနေတယ်ဆိုတာကို သိရှိနားလည်အောင် ရှင်းပြဖို့ အမြဲတမ်း ကြိုးစားသွားမှာဖြစ်ပါတယ်။ မက်ဆီနဲ့ စာချုပ်သစ်ချုပ်ဆိုဖို့ လက်ရှိအချိန်မှာ ဆွေးနွေးနေခြင်းမရှိပါဘူး။ ဒါပေမယ့် လာမယ့်လအနည်းငယ်အတွင်းမှာ ဆွေးနွေးဖြစ်ပါလိမ့်မယ်” ဟု ပြောဆိုခဲ့သည်။

ဘာစီလိုနာအသင်းတွင် မက်ဆီနှင့် လက်တွဲခဲ့ဖူးပြီး လက်ရှိအချိန်တွင် မန်စီးတီးအသင်းမန်နေဂျာအဖြစ် တာဝန်ယူနေသူ ဂွာဒီယိုလာက အကယ်၍ မက်ဆီအား ခေါ်ယူခွင့်ရမည်ဆိုပါက မိမိသည် မက်ဆီထံ ဖုန်းခေါ်သည့် ပထမဆုံးလူ ဖြစ်လိမ့်မည်ဟု ဝန်ခံပြောဆိုထားသည်။

ဘာစီလိုနာအသင်းသည် မကြာသေးမီက အသင်း၏ အဓိက ကစားသမားတစ်ဦးဖြစ်သူ နေမာနှင့် ၂၀၂၀ ခုနှစ်အထိ သက်တမ်းရှိ စာချုပ်သစ် ချုပ်ဆိုခဲ့သည်။ **ထက်အောင်**

## ၂၀၁၇ ခုနှစ် အာဖရိကနိုင်ငံများ ဖလားပြိုင်ပွဲ၌ ပါဝင်ကစားဖြစ်ရန် မသေချာဟု အဒီဘာယော ဖွင့်ဟ

၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁၄ ရက် မှ ဖေဖော်ဝါရီလ ၅ ရက်အထိ ဂါဘွန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပ မည့် ၂၀၁၇ ခုနှစ် အာဖရိကနိုင်ငံများ ဖလားပြိုင်ပွဲတွင် တိုဂိုလက်ရွေးစင်အသင်းအတွက် ပါဝင်ကစားဖြစ်ရန် သေချာမှုမရှိကြောင်း တိုက်စစ်မှူး အီမန်နူရယ်အဒီဘာယောက ထုတ်ဖော်ပြောဆိုလိုက်သည်။

အသက် ၃၂ နှစ်အရွယ်ရှိ တိုက်စစ်မှူး အဒီဘာယောသည် မိုနာကို၊ အာဆင်နယ်၊ မန်စီးတီး၊ ရီးရဲမက်ဒရစ်၊ စပါးစ်စသည့် ဥရောပထိပ်တန်းကလပ်အသင်းများတွင် ပါဝင်ကစားခဲ့ဖူးသူ ဖြစ်သည်။ သို့သော်လည်း တိုက်စစ်မှူး အဒီဘာယောသည် ၂၀၁၆ ခုနှစ် ဇွန်လအတွင်းတွင် ခရစ္စတဲလ်ပဲလေ့စ်အသင်းမှ ထွက်ခွာခဲ့ပြီးနောက်ပိုင်း ကလပ်လက်မဲ့ဖြစ်နေသူ ဖြစ်သည်။ ကလပ်လက်မဲ့ဖြစ်နေချိန်အတွင်း နိုင်ငံလက်ရွေးစင်အသင်းအတွက် ပါဝင်ကစားချိန်များတွင် တိုက်စစ်မှူး အဒီဘာယော၏ ကြံ့ခိုင်မှု၊ ကလပ်အသင်းနှင့်အတူ ပွဲကစားရခြင်းမရှိမှုများအပေါ် တိုဂိုပရိသတ်များက ဝေဖန်မှုများ ပြုလုပ်လျက်ရှိသည်။

ရေဒီယိုအင်တာဗျူးအစီအစဉ် တစ်ခုတွင် အဒီဘာယောက “လာမယ့် အာဖရိကနိုင်ငံများဖလားပြိုင်ပွဲမှာ ကျွန်တော် ပါဝင်ကစားဖို့ အဆင်သင့်အနေအထားမှာ မရှိဘူးလို့ ယူဆခဲ့မယ်ဆိုရင် အဲဒီပြိုင်ပွဲမှာ ကျွန်တော်ပါဝင်ကစားမှာ မဟုတ်ပါဘူး။ အာဖရိကနိုင်ငံများ ဖလားပြိုင်ပွဲကို နိုင်ငံအသင်းအတွက် ပါဝင်ကစားဖို့ ကြံ့ခိုင်မှုပြည့်ဝပြီး ပွဲကစားဖို့ အဆင်သင့်ရှိနေတဲ့ ကစားသမားများတွေသာ ပါဝင်သင့်ပါတယ်”ဟု ပြောဆိုခဲ့သည်။

တိုက်စစ်မှူး အဒီဘာယောသည် တိုဂိုလက်ရွေးစင်အသင်းအတွက် ၂၀၀၀ ပြည့်နှစ်မှ စတင်ပါဝင်ခွင့်ရရှိခဲ့ပြီး နိုင်ငံအသင်းနှင့်အတူ ၆၆ ပွဲ ပါဝင်ကစားထားကာ ၃၁ ဂိုးသွင်းယူထားပြီး နိုင်ငံအသင်းအတွက် ပွဲအများဆုံး ပါဝင်ကစားသူနှင့် ဂိုးသွင်းအများဆုံးကစားသမားအဖြစ် စံချိန်တင်ထားသူ ဖြစ်သည်။

တိုဂိုအသင်းသည် ၂၀၁၇ ခုနှစ် အာဖရိကနိုင်ငံများ ဖလားပြိုင်ပွဲ အုပ်စုအဆင့်တွင် အုပ်စု(ဃ)၌ အိုင်ဗရီကို့စ်၊ ဒီအာကွန်ဂို၊ မိုရိုကိုအသင်းတို့နှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ တိုဂိုအသင်းသည်အာဖရိကနိုင်ငံများ ဖလားပြိုင်ပွဲတွင် ချန်ပီယံအဖြစ် အောင်ပွဲခံဖူးခြင်းမရှိသေးသည့် အသင်းဖြစ်သည်။

# ခြေစွမ်းအရ အာဆင်နယ်ကိုနိုင်ဖို့ခက်တဲ့မန်ယူ

## 2016-17 PREMIER LEAGUE WEEK 12

နိုင်ငံတကာပွဲစဉ်တွေကြောင့် တစ်ပတ်ကြာရပ်နားခဲ့တဲ့ ပရီမီယာလိဂ်ပွဲတွေကို နိုဝင်ဘာ ၁၉၊ ၂၀၊ ၂၂ ရက်နေ့တွေမှာ ပြန်လည်ကျင်းပသွားဖို့ ရှိနေပါတယ်။ အဆိုပါ ပြန်လည်ကျင်းပမယ့် ပွဲစဉ် (၁၂) မှာတော့ မန်ယူနဲ့အာဆင်နယ် ဆုံတွေ့တဲ့ပွဲစဉ်ပါဝင်နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ ဒါ့အပြင် ပွဲစဉ် (၁၁) တုန်းကနိုင်ပွဲမရခဲ့ကြတဲ့ မန်စီးတီး၊ စပါးတို့ အနေနဲ့လည်း နိုင်ပွဲပြန်လည်ရှာဖွေနိုင်ဖို့ အားစိုက်လာမှာဖြစ်တာကြောင့် အကြိတ်အနယ်ရှိတဲ့ပွဲစဉ်တွေဖြစ်လာနိုင်ပြီး စိတ်ဝင်စားဖို့လည်း ကောင်းမွန်နေပါတယ်။

### မန်ယူ V အာဆင်နယ်

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | မန်ယူ | ၃ | ၂ | အာဆင်နယ် |

မန်ယူက ဒီရာသီမှာ အမှတ်ဆုံးရှုံးမှုတွေ များခဲ့ပြီး အမှတ်ပေးဇယားထိပ်ဆုံးကလီဗာပူးနဲ့ ရှစ်မှတ်အထိ ကွာဟနေတာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာ ဖြစ်ပါတယ်။ လက်ရှိ မန်ယူရဲ့ခြေစွမ်းပိုင်းက အားနည်းမှုတွေရှိနေကာ ဒီပွဲစဉ်မှာ အီဗရာဟီမိုဗစ်လည်း ပါဝင်နိုင်မှာ မဟုတ်ပေမယ့်လည်း အိမ်ကွင်းဖြစ်နေပါတယ်။ ဒါပေမယ့် အာဆင်နယ်ကလည်း နိုင်ပွဲပြန်ရဖို့ အားစိုက်လာမှာဖြစ်ပြီး ခြေလည်းကောင်းနေလို့ မန်ယူ သရေလောက်ပဲရမယ်။

### အဲဗာတန် V ဆွမ်ဆီး

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | အဲဗာတန် | ၁ | ၂ | ဆွမ်ဆီး |

နောက်ဆုံးကစားခဲ့တဲ့ပွဲစဉ်မှာ ချယ်လ်ဆီးကို ဂိုးပြတ် ရှုံးနိမ့်ခဲ့ရတာကြောင့် အဲဗာတန်တို့ နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပါတယ်။ ချယ်လ်ဆီးနဲ့ ကစားခဲ့တဲ့ပွဲမှာ အဲဗာတန်ခြေစွမ်းက အတော်ကလေးညံ့ခဲ့ပေမယ့် သူတို့ရဲ့စုဖွဲ့မှုက အလယ်အလတ်အသင်းတွေကို ကောင်းကောင်း ဖိအားပေးနိုင်စွမ်းရှိပါတယ်။ ဒါ့အပြင် အိမ်ကွင်းဖြစ်သလို လက်ရှိဆွမ်ဆီးခြေစွမ်းကလည်း အားနည်းမှုတွေများနေတာကြောင့် ဒီပွဲမှာတော့ အဲဗာတန်ကသာ နိုင်ပွဲပြန်လည်ရဖို့ရှိနေပါတယ်။




### ပဲလေ့စ် V မန်စီးတီး

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | ပဲလေ့စ် | ၀ | ၁ | မန်စီးတီး |

မန်စီးတီးက နောက်ဆုံးပွဲစဉ် ၁၁ မှာ နိုင်ပွဲမရခဲ့တာကြောင့် နိုင်ပွဲပြန်လည်ရယူနိုင်ဖို့အားစိုက်လာမှာ ဖြစ်ပါတယ်။ မန်စီးတီးအနေနဲ့ဒီပွဲအပြီးမှာ ချန်ပီယံလိဂ် ရှိပေမယ့်လည်း လက်ရှိအချိန်မှာ ပဲလေ့စ်ရဲ့ခြေစွမ်းကလည်း ကျဆင်းမှုတွေရှိနေပါတယ်။ အထူးသဖြင့် ပဲလေ့စ်ခံစစ်က ပုံမှန်စွမ်းဆောင်ရည် မရသေးတာကြောင့် အိမ်ကွင်းဖြစ်ပေမယ့် မန်စီးတီးတိုက်စစ်ကို ထိန်းချုပ်နိုင်ဖို့ခက်ခဲနိုင်ပါတယ်။ မန်စီးတီးနိုင်ပွဲရယူနိုင်ဖို့ရှိနေကာ သွင်းဂိုးလည်းများနိုင်ပါတယ်။

### ဆောက်သမ်တန် V လီဗာပူး

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | ဆောက်သမ်တန် | ၃ | ၂ | လီဗာပူး |

လီဗာပူးခြေစွမ်းပိုင်းကအတော်လေး ကောင်းမွန်နေပါတယ်။ အထူးသဖြင့်တိုက်စစ်ပိုင်းက ထက်မြက်မှုအပြည့်ရှိနေသလို အမှတ်ပေးဇယားထိပ်ဆုံးနေရာကို ဆက်လက်ထိန်းနိုင်ဖို့အတွက်လည်း တိုက်စစ်ဖွင့် ကစားလာမှာသေချာနေပါတယ်။ ဆောက်သမ်တန်ကတော့ နောက်ပိုင်းပွဲတွေမှာ ခြေစွမ်းပိုင်းကောင်းမွန်နေပေမယ့်လည်း ယူရိုပါလိဂ်ကစားရမှာဖြစ်လို့ ခြေကုန်ထုတ်ဖို့ခက်မယ်။ နှစ်သင်းပေါင်း ဂိုးများနိုင်ပြီး လီဗာပူးနိုင်ပွဲဆက်နိုင်တယ်။

### ဝက်ဖို့ဒ် V လက်စတာ

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | ဝက်ဖို့ဒ် | ၀ | ၁ | လက်စတာ |

လက်စတာက ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ကစားရဖို့ ရှိနေပေမယ့်လည်း ပရီမီယာလိဂ်မှာ အမှတ်ဆုံးရှုံးမှုတွေ များခဲ့တာကြောင့် ဒီပွဲစဉ်မှာနိုင်ပွဲရယူနိုင်ဖို့အားစိုက်လာဖို့ ရှိနေပါတယ်။ ဒါပေမယ့်လည်း ဝက်ဖို့ဒ်ခြေကလည်း ကောင်းမွန်မှုရှိနေကာ အိမ်ကွင်းပွဲတွေမှာ တုံ့ပြန်ကစားပုံ ပိုမိုကောင်းမွန် တတ်ပါတယ်။ ဒါကြောင့်လည်း လက်စတာတို့ မထင်မှတ်ဘဲ အခက်တွေ့နိုင်ပါတယ်။ အထူးသဖြင့် လက်စတာတိုက်စစ်က ဂိုးသွင်းခြေမငြိမ်လို့ နိုင်ရင်တောင်ဂိုးမပြတ်ဘူး။

### ဝက်စ်ဘရွန်း V ဘန်လေ

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | - | - | - | - |

ဘန်လေခြေစွမ်းပိုင်းက မဆိုးဘူး။ နောက်ဆုံးကစားခဲ့တဲ့သုံးပွဲမှာ မန်ယူကို သရေကစားနိုင်ခဲ့သလို အဲဗာတန်၊ ပဲလေ့စ်တို့ကို အနိုင်ကစားနိုင်ခဲ့တာ သေချာတယ်။ မန်ယူနဲ့ပွဲမှာ ဘန်လေတိုက်စစ်ကစားပုံ မကောင်းခဲ့ပေမယ့် ပဲလေ့စ်၊ အဲဗာတန်တို့နဲ့ပွဲတွေမှာ ဘန်လေတိုက်စစ်ပိုင်း ကောင်းမွန်ခဲ့တာကြောင့် ဒီပွဲမှာလည်း ဝက်စ်ဘရွန်းကို တုံ့ပြန်ကစားနိုင်ဖို့ရှိတယ်။ လက်ရှိအချိန်မှာ ဝက်စ်ဘရွန်းခြေကလည်း သာမန်ထက် မပိုတာကြောင့် ဘန်လေသရေလောက်ရမယ်။

### ဆန်းဒါးလန်း V ဟားလ်

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | - | - | - | - |

ဒီနှစ် ပရီမီယာလိဂ်မှာ တန်းမဆင်းရဖို့ ရုန်းကန်နေရတဲ့ နှစ်သင်းဆုံတွေ့ပွဲဖြစ်တာကြောင့် နှစ်သင်းစလုံး နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ လက်ရှိအချိန်မှာတော့ ဆန်းဒါးလန်းခြေက ပိုမိုကောင်းမွန်မှုရှိနေကာ နောက်ဆုံးပွဲစဉ်မှာ ၁၀ ဦးတည်းနဲ့ ဘုန်းမောက်ကိုအနိုင်ကစားနိုင်ခဲ့ပါတယ်။ ဒီပွဲစဉ်ကလည်း အိမ်ကွင်းဖြစ်နေတာကြောင့် ဆန်းဒါးလန်းတို့ ခြေကုန်ထုတ်လာဖို့ရှိသလို ဟားလ်ခံစစ်ကလည်း အားနည်းမှုတွေများလို့ ဆန်းဒါးလန်းပဲနိုင်မယ်။

### မစ်ဒယ်ဘရော့ V ချယ်လ်ဆီး

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | - | - | - | - |

မန်စီးတီးနဲ့ အာဆင်နယ်ကို သရေကစား နိုင်ခဲ့သလို ဘုန်းမောက်ကိုအနိုင်ရခဲ့တဲ့ နောက်ဆုံးသုံးပွဲမှာ မစ်ဒယ်ဘရော့ရဲ့ခြေစွမ်းပိုင်းက ကောင်းမွန်မှုရှိခဲ့ပါတယ်။ ဒီပွဲစဉ်မှာလည်း အိမ်ကွင်းဖြစ်တာကြောင့် အမှတ်ရယူနိုင်ဖို့အားစိုက်လာမှာ သေချာနေပါတယ်။ ဒါပေမယ့်လည်း ချယ်လ်ဆီးခြေစွမ်းပိုင်းက ကောင်းမွန်မှုရှိနေသလို ခံစစ်ပိုင်းကလည်း အကောင်းဆုံးပုံစံမှာ ရှိနေတာကြောင့် မစ်ဒယ်ဘရော့တို့ အခက်တွေ့နိုင်ပါ တယ်။ ချယ်လ်ဆီးပဲအနိုင်ရဖို့ရှိပါတယ်။

### စတုတ် V ဘုန်းမောက်

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | စတုတ် | ၂ | ၁ | ဘုန်းမောက် |

ဘုန်းမောက်က နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက်တိုက် အနိုင်မရခဲ့တာကြောင့် အမှတ်တွေ ဆုံးရှုံးခဲ့ရတဲ့အတွက် နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ ဒါပေမယ့် စတုတ်ကလည်း ခြေစွမ်းပိုင်းမာကျောမှုရှိနေကာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်တိုက် မရှုံးခဲ့သလို အဆိုပါ ငါးပွဲမှာ သုံးပွဲတိတိ အနိုင်ရယူနိုင်ခဲ့ပါတယ်။ ဒါ့အပြင် အိမ်ကွင်းလည်း ဖြစ်နေတယ်။ ဒါကြောင့်လည်း ဘုန်းမောက်တို့ အခက်တွေ့နိုင်ကာ သရေလောက်ပဲရမယ်။

### စပါး V ဝက်စ်ဟမ်း

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | စပါး | ၄ | ၁ | ဝက်စ်ဟမ်း |

လက်ရှိအချိန်မှာ နှစ်သင်းခြေစွမ်းပိုင်းက ကွာဟမှုတွေ ရှိနေပေမယ့် လန်ဒန်ဒါဘီပွဲစဉ် ဖြစ်တာကြောင့် ဝက်စ်ဟမ်းတို့ အားစိုက်ကစားလာရင် ခြေစွမ်းပိုင်း ကွာဟမှုကျဉ်းမြောင်းသွားနိုင်ပါတယ်။ အထူးသဖြင့် စပါးက ချန်ပီယံလိဂ်ကစားရဖို့ရှိနေတာကြောင့် ခြေကုန်ထုတ်နိုင်ဖို့ ခက်ခဲနေပါတယ်။ စပါးအနေနဲ့ ပရီမီယာလိဂ်ပြိုင်ပွဲအတွင်း လေးပွဲဆက်တိုက် အနိုင်မရခဲ့တာကြောင့် နိုင်ပွဲရယူနိုင်ဖို့ ကြိုးစားလာမှာဖြစ်ပေမယ့် နိုင်ရင်တောင် ဂိုးမပြတ်ဘူး။


WAVE MONEY
YOMA BANK
The Responsible Bank.
telenor
လွယ်ကူ၊ လျင်မြန်ငွေလွှဲရန်
ငွေလွှဲပြီးတဲ့အကြောင်း အိမ်ကိုဖုန်းဆက်ပြောကြရအောင်။
Wave ဆိုင်ပေါင်း(၄၀၀၀) ကျော်ထဲက သင်နဲ့နီးစပ်ရာ Wave ဆိုင်မှ ငွေလွှဲရင်း
ဖုန်းဘေလ် (၅၀၀) ကျပ်ကို အခမဲ့ရယူလိုက်ပါ။
www.wavemoney.com.mm | facebook.com/WaveMoney
တယ်လီနော အသုံးပြုသူများ ခေါ်ဆိုရန် - ၉၀၀ | တယ်လီနောအသုံးမပြုသူများခေါ်ဆိုရန် - ၀၉၇၉၀၀၀၉၀၀၀
အီးမေးလ် - care@wavemoney.com.mm | လိပ်စာ - အမှတ် ၈၄၊ Uniteam Marine အဆောက်အဦး၊ ၇လွှာ၊ ပန်းလှိုင်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်၊ မြန်မာ

## ဖောင်းကြွပျောက်ဆုံး လျှောက်ထားခြင်း

ယာဉ်အမှတ် 7D/8275 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

## သန်းခွေးနှင့်ရောင်းရင်းများ ၅ ကျိုက်ထီးရိုး/ ချောင်းသာ(နေ့စဉ်)

- ✿ တောင်ကြီး၊ ပင်းတယ၊ ကံ့လုံ၊ ထမ်စမ်းလိုဏ်ဂူ၊ မွေတော်ကက္ကူ(၄)ရက် လွိုင်ကော် ပါ(၆)ရက်။ ✿ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင်(၄)ရက်။
- ✿ ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ အလိုတော်ပြည့်ဆုတောင်းပွဲ(၄)ရက်။ ...Dec12
- ✿ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ၊ ကျိုက္ခမီ၊ စက်စဲ (၆)ရက်။
- ✿ မန္တလေး၊ ပြင်ဦးလွင်၊ ဒီးဒုတ်ရေပြာအိုင်၊ ဝေဠုရာစနကျောက်စိမ်းစေတီ(၄)ရက်။
- ✿ မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ၊(ကျိုက်ထီးရိုး)(၂/၃)ရက်။ Nov18,23,25 ထွက်မည်
- ✿ ဝလွန် ✿နေပြည်တော် ✿ပြည်၊ အကောက်တောင် ...(နေ့ချင်းပြန်)...(စနေ/တနင်္ဂနွေ)

ထားဝယ် မြိတ် ကော့သောင်း (ရနောင်း) (၇)ရက် အထူးစရီးစဉ် Dec23 ထွက်မည်

အမှတ်(၄၂၄)၊ ရွှေဘုံသာ(အထက်) Ph: 01-380141, 01-241863, 09-43043109, 09-73251422

## MCC/Siam University BBA Program

မိဘနှင့် ကျောင်းသူ/ကျောင်းသားများ အကြိုက်တွေ့လျက်ရှိသော MCC/Siam University BBA Program




- ပထမနှင့် ဒုတိယနှစ် — MCC Training Institute
- တတိယနှစ် နှင့် စတုတ္ထနှစ် — Siam University, Bangkok

- ကျောင်းသားရော၊ မိဘများပါ သွားလိုက်လာလိုက်လုပ်နိုင်သော Bangkok
- နိုင်ငံတကာအဆင့်ရှိပြီး၊ နိုင်ငံတကာ အတွေ့အကြုံများရရှိကာ၊ နိုင်ငံတကာ ကုမ္ပဏီများတွင် အလုပ်ဝင်နိုင်မည့် Bangkok
- ကုန်ကျစရိတ် သက်သာပြီး ဘာသာရေး ယဉ်ကျေးမှု အစားအသောက်များပါ တူညီပြီး လုံခြုံစိတ်ချရသော လူနေမှုပတ်ဝန်းကျင်
- စာလည်းသင်၊ Shopping လည်းထွက်၊ ဖက်ရှင်လည်း အမိုက်စား Siam University မှ Bangkok မြို့လယ်ရှိ Siam Square Shopping နေရာအရောက်သို့ Sky Train ဖြင့် (၁၅) မိနစ်

Hot - Line: 01-246634, 01-2304156

Opening Date 28 Nov

MCC.i (Yangon Campus)
Theingyi Zay Block (C), Ward (3 & 4), 3rd Floor, Shwedagon Pagoda Road, Pabedan Township, Yangon.
Ph - 01-246634,01-245762, 01-2304156, 01-249152

MCC.i (Mandalay Campus)
Ph - 011-202113, 09-402671562, 02-77930, 09-91034062

## STI Myanmar University / University of Bedfordshire



A World Class UK degrees from University of Bedfordshire

# INFO DAY
& Students' SHOWCASE

- Talks
- Q & A
- Campus tour
- Info session
- Career choice consultation

DATE: 20th November 2016 (SUN)
TIME: 9:00 to 4:00 pm
VENUE: Block-10, MICT Park, Hlaing Campus

Block-10, MICT Park
လှိုင်တက္ကသိုလ်၊ ရန်ကုန်။
Ph: 507151/52, 09 250064451

## ပွဲတော်အုပ်ဆန်ဆိုင်

မျာပုံဆန်ဆူးဆူးအိအိလေး--အရောက်ပို့ ၄၀၀၀၀ကျပ်မှနော်
(အဟောင်းစစ်စစ်ပါ)
☎:01512443, 0973017656, 095055574,

## ခရုသင်းသမင်ဖြူ

လီယိုမက်အရေပြားရောဂါကို တိုင်းရင်းဆေးတိုက်မှ
ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူ၊
နယ်မှ ဝေဒနာရှင်များ စာတိုက်မှ တဆင့်မှာယူနိုင်ပါသည်။
သွေးမသန့်ခြင်းကြောင့်ဖြစ်သော အရေပြားရောဂါများကို ကုသပေးသည်။
အမှတ် (၂၂၇)၊ (၃)ထပ်၊ ၃၂လမ်း၊(အထက်) ရန်ကုန်မြို့။
ဖုန်း ၀၁-၂၅၂၅၉၈၊ ၀၁-၂၄၃၈၅၁

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၂၂ယ/၆၇၈၅၃ ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းဇော် ၁၄/မအပ(နိုင်)၁၆၇၂၀၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကညန၊ ခရိုင်ရုံး (မအူပင်)၊ မအူပင်မြို့

## PUN HLAING SILOAM HOSPITALS

မြန်မာနိုင်ငံနှင့်စင်ကာပူနိုင်ငံမှဆရာဝန်ကြီးများပူးပေါင်းကုသမှု
"နိုင်ငံခြားသို့သွားရောက်ကုသရန် မလိုတော့ပါ"

LIKE US ON facebook Pun Hlaing Siloam Hospitals



အရိုးရောဂါဆိုင်ရာစစ်ဆေးကုသမှုအမျိုးမျိုးတို့ကို

- မှန်ပြောင်းအသုံးပြု၍ဒူးဆစ်အတွင်းရောဂါရှာဖွေကုသခြင်း (Arthroscopy)
- အရိုးအကြော၊ တင်ပါးဆုံဆစ်နှင့်ဒူးဆစ်ပိုင်းဆိုင်ရာအစားထိုးခွဲစိတ်ကုသခြင်း
- Ilizarov နည်းပညာသစ်ဖြင့် အရိုးရှည်အောင်ခွဲစိတ်ကုသခြင်း
- အခြားအရိုးရောဂါများကိုကုသခြင်း

နိုဝင်ဘာလ (၂၄) ရက်နေ့မှ (၂၇) ရက်နေ့အထိ

ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄၃၂၃၊ ၆၈၄၃၂၅၊ ၆၈၄၃၃၆၊ (၀၉) ၄၂၀၀၄၂၆၇၉၊ (၀၉) ၂၆၄၉၅၀၀၁၇ / မန္တလေး (၀၉) ၄၃၂၀၇၇၈၀ www.punhlaingsiloamhospitals.com

## မြန်မာစီးပွားရေး လမ်းညွှန်

သင့်စီးပွားရေး အောင်မြင်မှုအတွက် လမ်းညွှန် ..

မြန်မာ့စီးပွားရေး လမ်းညွှန် အောက်မိုင်း




ကြော်ငြာပိတ်ရက် နီးကပ်လာပါပြီ။

Myanmar Business DIRECTORY

www.myanmarbusiness-directory.com
YGN Hotline No. 09 969728254 I MDY Hotline No. 09 969728279

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဒုတိယဗိုလ်ချုပ်ကြီးအေးသောင်(ငြိမ်း) (တောင်သာ)
### အသက်(၈၈)နှစ်

သူငယ်ချင်း ဒေါက်တာသန်းထွန်းအောင်-ဒေါ်သက်သက်နွယ်အေးတို့၏ ချစ်လှစွာသောဖခင်ကြီး ဒုတိယဗိုလ်ချုပ်ကြီး အေးသောင်(ငြိမ်း)သည် ၁၅-၁၁-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၇း၁၀နာရီတွင်ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုဝင်များနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာနိုင်ဝင်း-ဒေါ်ခင်မျိုးခိုင်**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးစိန်ငွေ
### မူလတန်းကျောင်းအုပ်(ငြိမ်း)
### အသက်(၈၈)နှစ်

ဦးကျော်ကျော်နိုင်(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)၏ဖခင် ဦးစိန်ငွေသည် ၁၇-၁၁-၂၀၁၆ရက် (ကြာသပတေးနေ့)တွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန**
**ပြည်ထောင်စုရှေ့နေချုပ်ရုံး**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ဖြူဖြူအုန်း အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ နံ့သာကုန်းလမ်း၊ အမှတ် ၄၁နေ(ဦးအုန်းရွှေ-ဒေါ်သန်းတင်)တို့၏သမီး၊ (ဦးဝင်းစိန်)-ဒေါ်ရီရီအုန်းတို့၏ညီမ၊ ဦးဇော်မင်း-ဒေါ်အေးအေးမူတို့၏အစ်မ၊ ဦးဝင်းညွန့်၊ ဦးသန်းဆွေ-ဒေါ်ပွင့်ပွင့်ရည်၊ ဒေါ်မမြတ်အေး၊ ဒေါ်မမြတ်ထွေး၊ဒေါ်သီသီထွေးတို့၏မိခင်၊ မောင်စိုင်းဝဏ္ဏထွန်း၏အဘွား၊ (ဦးစိုးညွန့်)၏ချစ်လှစွာသောဇနီးသည် ၁၆-၁၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅း၄၀နာရီတွင် ကောင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၁၁-၂၀၁၆ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၄၅နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၂-၁၁-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အမှတ် ၄၁၊ နံ့သာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးကြည်ဝင်း (ငြိမ်း)
### ကြည်း/၁၅၄၅၂၊ OTS (58)
### ညွှန်ကြားရေးမှူး(ငြိမ်း)၊ သာသနာရေးဝန်ကြီးဌာန
### အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်နေ (ဦးလှကျော်-ဒေါ်မူ)တို့၏သား၊ ဦးမျိုးတင့်-ဒေါ်ခင်စိန်တို့၏သားသမက်၊ ဒေါ်ခင်မျိုးထူး၏ချစ်လှစွာသောခင်ပွန်း ဒုတိယဗိုလ်မှူးကြီးကြည်ဝင်း(ငြိမ်း)သည် ၁၆-၁၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗသက(၅၈) ကျောင်းဆင်းအရာရှိမိသားစုများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးကြည်ဝင်း (ငြိမ်း)
### ကြည်း/၁၅၄၅၂၊ OTS (58)
### ညွှန်ကြားရေးမှူး(ငြိမ်း)၊ သာသနာရေးဝန်ကြီးဌာန
### အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်နေ ဒေါ်ခင်မျိုးထူး၏ချစ်လှစွာသောခင်ပွန်း ဒုတိယဗိုလ်မှူးကြီးကြည်ဝင်း(ငြိမ်း)သည် ၁၆-၁၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းငွေ-ဒေါ်ခင်စန်းမြင့်**
**OTS (58)**

---

## ဦးတင်ဝင်း (သနပ်ပင်)
### အသက်(၆၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ သနပ်ပြင်ကျေးရွာနေ (ဦးဖိုးမှိန်-ဒေါ်သိန်းချစ်)တို့၏သား၊ (ဦးကိုကိုကြီး-ဒေါ်တင်တင်အေး)တို့၏သားသမက်၊ ဒေါ်ပြုံးပြုံးသန်း(ဒု-ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီး၊လူမှုဝန်ထမ်းရုံး)၏ချစ်လှစွာသောခင်ပွန်း၊ မောင်နောင်နောင် (ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ နေပြည်တော်)၏ချစ်လှစွာသောဖခင်သည် ၁၆-၁၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၁-၂၀၁၆ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## လွမ်းဆွတ်သတိရအမှတ်ပေးဝေခြင်း
## ဗိုလ်ပြည့်ဆန်းဝင်း
### ကြည်း/၃၉၈၆၅ (DSA-47)

ဖေဖေ-မေမေလို့ ခေါ်တဲ့အသံ
မကြားရတာ (၇)နှစ်ရှိပြီ။
ရည်စူးပြုတဲ့၊ ကုသိုလ်စု
အမျှဝေသည်၊ သာဓု သာဓု သာဓု။

**ဦးငွေးလွင်ဝင်း၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၂၇၇၈)**
**ဒေါ်မမလေး၊ ဒုတိယညွှန်ကြားမှူး၊ ငါးလုပ်ငန်းဦးစီးဌာန**

---

## မဇင်နွယ်ဝင့် B.C.Tech (Hons.)
### General Manager, Art-Sign International PTE LTD, Singapore
### အသက်(၃၃)နှစ်

ရန်ကုန်မြို့နေ(ဦးသောင်းဇင်-ဒေါ်အေးမြင့်)၊ ဦးညို-ဒေါ်ခင်ညိုတို့၏မြေး၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊လိပ်ကန်လမ်း၊ အမှတ် ၆၂(B/5လွှာ)နေ ဦးမျိုးဇင်-ဒေါ်ထားထားတို့၏ချစ်လှစွာသောသမီး၊ ဗိုလ်ကြီးတင်ထွန်းလင်း(စစ်တက္ကသိုလ်၊ ပြင်ဦးလွင်)-မဇင်လင်းမြူ၊ ကိုဇင်ရဲအောင်တို့၏အစ်မသည် ၁၆-၁၁-၂၀၁၆ရက် ည ၉း၁၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၀-၁၁-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၁၁-၂၀၁၆ရက် (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
## သက်တော်ရှည်အဘွားခင် (ဒေါ်ခင်ခင်)
### အသက်(၁၀၃)နှစ်

တောင်ကြီးမြို့၊ ရှမဝတိုက်၊ ဘုရားဒါယကာကြီး (ဦးခင်-ဒေါ်ရွှေ)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ သုဝဏ္ဏ၊ ခနအောင်လမ်း၊ အမှတ် ၅၆(B)နေ[ဗိုလ်မှူးကြီးတင်ဦး(ငြိမ်း)(ရေ)-ဒေါ်ခင်မေသန်း]တို့၏မိခင်၊ ဦးညီညီ-ဒေါ်တင်ဝင်းဝင်းသန်း၊ ဦးမောင်မောင်နိုင်-ဒေါ်တင်မွန်မွန်သန်း၊ ဦးအောင်ဇေယျ-ဒေါ်တင်သင်းသင်းသန်း၊(ဦးအောင်ကြည်မြင့်)-ဒေါ်တင်သက်သက်သန်း၊ ဒုမှူးကြီးတင်မောင်မောင်သန်း(ငြိမ်း)-ဒေါ်တင်မိုးဦး၊ ဦးအောင်မိုးလွင်၊ ဒေါ်တင်အိအိသန်း၊ ဗိုလ်မှူးချုပ်ကျော်ကျော်ဦး(ရေ)-ဒေါ်တင်အေးမွန်သန်းတို့၏အဘွား၊ မြစ် ၁၀ယောက်၊ တီငါးယောက်တို့၏ဘွားဘွားကြီးသည် ၁၇-၁၁-၂၀၁၆ရက် ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၁-၂၀၁၆ရက် ညနေ ၃း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
## သက်တော်ရှည်အဘွားခင် (ဒေါ်ခင်ခင်)
### အသက်(၁၀၃)နှစ်

တောင်ကြီးမြို့၊ ရှမဝတိုက်နေ (ဘုရားဒါယကာကြီး အဘိုးခင် - ဘုရားဒါယိကာမကြီး အဘွားရွှေ)တို့၏သမီးအကြီး၊ အဘွားကြည်-(ဦးထွန်းကြည်)၊ အဘွားမြ-(ဦးကံညွန့်)၊ အဘိုးသိန်း-(ဒေါ်ကြင်စိန်)၊ အဘွားလှ-(ဦးဆန်နီတင်)၊ အဘွားသောင်း-(ဦးအောင်လှ)၊ အဘွားထွေး-(ဦးမြတ်သာထူး)တို့၏ချစ်လှစွာသောအစ်မကြီး ဒေါ်ခင်ခင်(အဘွားခင်)သည် ၁၇-၁၁-၂၀၁၆ရက်ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၁-၂၀၁၆ရက် ညနေ ၃း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်သန်းသန်း အသက်(၉၀)

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အကွက် ၁၆၊ ဒေါနဘွားရပ်ကွက်နေ ဒုတိယဗိုလ်မှူးကြီးငွေလွင်(ငြိမ်း)-ဒေါ်မာလာဇင်၊ ဦးဆွေမြင့်-ဒေါ်တင်တင်ဝင်း၊ ဦးစိုးမင်း-ဒေါ်မော်လီ၊ ဦးမျိုးမြင့်ဆွေ-ဒေါ်ခင်ငွေးမြင့်၊ ဗိုလ်မှူးဇော်ဝင်းကြူ(ငြိမ်း)-ဒေါ်အေးအေးမူ၊ ဦးဇော်ဝင်းခိုင်-ဒေါ်သင်းသင်း၊ ဦးကျော်ဇင်ယု-ဒေါ်ခင်ကြွယ်သင်း၊ (ဒု-ဗိုလ်သန်းငွေးအောင်)၊ ဗိုလ်ကြီးခင်မောင်ဆင့်(ငြိမ်း)-ဒေါ်သင်းယုဆွေတို့၏မိခင်၊ မြေး ၁၈ယောက်၊မြစ်ငါးယောက်တို့၏အဘွား၊ (ဗိုလ်မှူးထွန်းရှိန်)၏ဇနီးသည် ၁၆-၁၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၁-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၁-၂၀၁၆ရက် နံနက် ၁၀နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်ခင်မြ (မြောင်းမြ)
### မူလတန်းပြဆရာမ(ငြိမ်း)
### အသက်(၇၇)နှစ်

(ဦးညီတင်-ဒေါ်အေးချစ်)တို့၏သမီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပုသိမ်လမ်း၊ အမှတ် ၂၁နေ ဦးတင့်ဆွေ(ဦးစီးအရာရှိ၊ ငြိမ်း၊ ပြည်တွင်းအခွန်)၏ဇနီး၊ ဒေါ်စိန်စိန်မြင့်(ပြည်တွင်းအခွန်၊ ငြိမ်း၊ မြောင်းမြ)၏ညီမ၊ ဒေါ်ဝင်းဝင်းကြည်၊ ဦးမျိုးသန့်ဇော် (ဦးစီးအရာရှိ၊ MTO-3၊ ပြည်တွင်းအခွန်)-ဒေါ်ဥမ္မာ(ဦးစီးအရာရှိ၊ မီးသတ်ဦးစီးဌာန)၊ ဒေါက်တာမိုးဟိန်းဇော်(ပညာမိုး၊ မြန်မာစာ)-ဒေါက်တာသွယ်သွယ်နွဲ့[ကထိက၊ မြန်မာစာ၊ NUAC(YGN)]၊ ဦးသန့်ကျော်ဇင်-ဒေါ်သဥ္စာဆွေတို့၏ချစ်လှစွာသောမိခင်၊ မခန့်ခန့်ချော၊ မသက်ထားစံ၊ မောင်ထက်နေလင်း၊ မဆုရတီဥမ္မာတို့၏အဘွားသည် ၁၆-၁၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆း၃၀နာရီတွင် မဟာမြိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၁၁-၂၀၁၆ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်နီလာ(ခ)ဒေါ်မိုနာရှိန် အသက်(၆၉)နှစ်
### စိန်မိုက်ကယ်ကျောင်းသူဟောင်း၊ အထက(၅)မင်္ဂလာတောင်ညွန့်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်မြောက်ရပ်ကွက်၊ ကံ့ကော်လမ်း၊ အမှတ် ၄နေ(ဦးကျင်ရှိန်-ဒေါ်နှင်း)တို့၏သမီး၊ (ဦးကျူရှာတိတ်-ဒေါ်မြိုင်ရွှေဝိုင်း)တို့၏ချွေးမ၊ ဦးမောင်ဝင်း၏ဇနီး၊ မဆုမြတ်မွန်ကျော်(ခ)နေမခ၊ မောင်ဇော်ထွန်းကိုကို(ခ)စိုင်းကြယ်စင်တို့၏မိခင်သည် ၁၆-၁၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၁၁-၂၀၁၆ရက်(အင်္ဂါနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## စဝ်စန္ဒာပြည့်(ခ)စဝ်ပီတာ(ခ) Betty Pyi
### ယခင် ST.ANNE's High School,
### တောင်ကြီးကျောင်းသူဟောင်း
### အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ နဝရတ်လမ်း၊ မေသူအိမ်ရာ၊ တိုက်(A)၊ အခန်း ၂၀၁နေ မိုးနဲစော်ဘွားကြီးသရေစည်သူ(စဝ်ပြည့်-စဝ်မြကြည်-စဝ်မွန်း-ဒေါ်တင်နု)တို့၏သမီး၊ (စဝ်ကျော်စိုး)-ဒေါ်နန်းညိုတို့၏ညီမ၊ (စဝ်ဆေဟုန်)-ဒေါ်နန်းမြစိန်၊ စဝ်ဆိုင်မိန်း-ဒေါ်နန်းယိင်း၊ ဗိုလ်မှူးကြီးမျိုးချစ်(ငြိမ်း)-ဒေါ်စဝ်စံဟွမ်တို့၏အစ်မ၊ တူ/တူမ ၁၁ယောက်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၁၇-၁၁-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၁း၃၀နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၁၉-၁၁-၂၀၁၆ရက်(စနေနေ့)နံနက် ၉နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ဦးညိုစိန်(ခ)ဒေါ်ဖြူဖြူ အသက်(၆၂)နှစ်

ကျောက်ဖြူမြို့၊ ဂန့်ဂါကျွန်း၊ ပေါက်ပြိန်ကျေးရွာနေ (ဦးထွန်းသာ-ဒေါ်ဝင်းသန္တာ)၊ (ဦးစိန်လှဖြူ)-ဒေါ်ညိုခိုင်မတို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဇေယျာသီရိရပ်ကွက်၊ ယမုံနာလမ်းမကြီး၊ အမှတ် ၁၀၃နေ ဦးသိန်းထွန်းအောင် (အမှတ်-၆၊ သစ်စက်၊ ငြိမ်း) (ထွန်းပရိဘောဂ)၏ဇနီး၊ ဦးသောင်းစိန်အောင်-ဒေါ်သန်းသန်းအေး၊ (ဦးသိန်းဟန်)-ဒေါ်လှလှ၊ ဦးစိုးသန်း-မတင်တင်ဝင်း၊ ကိုသန်းစိုး(တပ်မတော်-ရေ)-မခိုင်တို့၏အစ်မ၊ ကိုထွန်းမင်း-မခိုင်သန်းဝင်း၊ ကိုတင့်နိုင်၊ ကိုဇော်ဇော်သိန်း(ဘူမိဗေဒလက်ထောက်ဦးစီး-၁၊ ဘာရေဦးစီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)တို့၏မိခင်၊ မစုမြတ်နိုးကျော်၏အဘွားသည် ၁၆-၁၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၀၅နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၁၁-၂၀၁၆ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးကျော်သောင်း(ခ)ဂျိုးဇက်
### အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၇)ရပ်ကွက်၊ မော်လမြိုင်လမ်း၊ အမှတ်၄၈၁(က)နေ(ဒေါ်ဂျူစီ)၏ခင်ပွန်း၊ မဒေစီသောမတ်(စ်)၊ ရိုစီသောမတ်(စ်)၊ ကိုဒေးဗစ်၊ ကိုမိုးဇက်၊ ဘိုဝင်းစိုး(ခ)ကျော်ကျော်နိုင်၊ဂျိမ်း(စ်)ထွန်းလှ၊ပါးပါးလေး(ခ)ကျော်ဝင်း၊ မဘေဘီကျော်သောင်းတို့၏ဖခင်၊ မြေး ၁၃ယောက်တို့၏အဘိုးသည် ၁၆-၁၁-၂၀၁၆ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၈-၁၁-၂၀၁၆ရက်တွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ဂူသွင်းသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၂-၁၁-၂၀၁၆ရက်တွင် အောက်မေ့ဖွယ် ဝတ်ပြုဆုတောင်းခြင်း အစီအစဉ်ကို နံနက် ၉နာရီမှ ၁၁နာရီအထိ ပြုလုပ်မည်ဖြစ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
## ဦးပါ(နာရီ) (ဖြူး)
### အသက်(၉၀)

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဓမ္မစိန္တာလမ်း၊ အမှတ် ၃၁နေ (ဦးစံလွန်း-ဒေါ်ယုံ)တို့၏သား၊ (ဒေါ်ရင်သိန်း)၏ခင်ပွန်း၊(ဒေါ်အေးအေးနွယ်)၊ ဒေါ်ဝါဝါနွယ် (ကျောင်းအုပ်၊ အမက-ဘယက်၊ သန်လျင်)၊ (ဦးမျိုးသန့်)-ဒေါ်စန္ဒာမြင့်၊ (ဦးမောင်မောင်သန့်) - ဒေါ်ခင်အေး၊ ဦးကိုကိုသန့်၊ ဦးအောင်ဇော်သန့် - ဒေါ်တင်တင်ဝင်းတို့၏ဖခင်၊ မြေးငါးယောက်၊ မြစ် တစ်ယောက်တို့၏အဘိုးသည် ၁၇-၁၁-၂၀၁၆ရက် နံနက် ၀၀း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉-၁၁-၂၀၁၆ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးထွန်းအောင်ကျော်
### (ဦးစီးမှူး၊ ငြိမ်း၊ ဗဟိုဘဏ်)
### (F.I.U တွဲဖက်)
### အသက်(၆၁)နှစ်

ရန်ကုန်မြို့နေ(ဦးထွန်းဝင်း-ဒေါ်ကြွေ)တို့၏သား၊ (ဦးအောင်ကြီး-ဒေါ်အေးရင်)တို့၏သားသမက်၊ ဦးတင်စိန်-ဒေါ်စုစုထွေးတို့၏ညီ၊ ဒေါ်ခင်ခင်၊ ဦးတိုးဝင်း-ဒေါ်ဝင်းမြင့်သိန်း၊ (ဦးမောင်မောင်တင်)-ဒေါ်ခင်ချိုမာတို့၏အစ်ကို၊ ဒေါ်မေဟန်၏ခင်ပွန်း၊ ဦးထွန်းထွန်းဝင်း(ရေကြောင်းဦးစီး) - ဒေါ်စိုးစိုးမြင့်တို့၏ဖခင်၊ မသဒ္ဒါလှိုင်၊ မမဥ္ဇူလှိုင်တို့၏အဘိုး၊ တူ၊ တူမ ခြောက်ယောက်တို့၏ဘကြီးသည် ၁၆-၁၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈-၁၁-၂၀၁၆ရက်(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် နေပြည်တော် (ခုတင်-၁၀၀၀) ဆေးရုံကြီးအအေးတိုက်မှ ကျွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၂-၁၁-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၆နာရီမှ ၁၁နာရီအထိ နေပြည်တော် ပိတောက်အိမ်ရာ၊ တိုက်အမှတ် ၈၁၅၊ အခန်း ၀၂ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးအောင်မိုး
### B.Econ (Stats) (၁၉၈၂-၈၆)
### ရန်ကုန်စီးပွားရေးတက္ကသိုလ်
### လုပ်ငန်းအိတ်ချုပ်လုပ်ငန်း
### အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်း၊ အမှတ် ၅၇/အေ၊ အခန်း(၄အေ+၄ဘီ)နေ[ဦးမောင်ခင်(ခ)ဦးစီ]-ဒေါ်စန်းရီတို့၏ချစ်လှစွာသောတစ်ဦးတည်းသောသား၊ (ဦးမောင်မောင်အေး-ဒေါ်ချောင်ဗုက်လျှံ)တို့၏သားသမက်၊ ဒေါ်နန်းငယ်၏ချစ်လှစွာသောခင်ပွန်း၊ မခင်ဝသန်(ခ)ကစ်ကစ် (Final Part-1 ရန်ကုန်ဆေးတက္ကသိုလ်-၁)၊မနန်းနိုနို(ခ)နွေးနွေး (Deanza College, California-USA)၊ မရတနာမိုး (Santa Teraesa High School - California-USA) တို့၏ဖခင်၊ ဦးလှညွန့် - ဒေါ်ခင်ခင်ရီ (B.Com-1982-86-YIE)တို့၏မောင်၊ ဦးငွေးလွင် - ဒေါ်လှလှရီတို့၏အစ်ကို၊ မောင်ရာဇာညွန့်၊မစိမ့်သဥ္စာညွန့်၊ မလွင်မျိုးသူဇာတို့၏ဦးလေးသည် ၁၆-၁၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) ည ၁၁း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၁၆ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
### သက်တော်ရှည် ပဏ္ဍိတာရာမဆရာတော်
### နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ
## ဒေါက်တာဘဒ္ဒန္တပဏ္ဍိတ မဟာထေရ်မြတ်
### သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၆၆)ဝါ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ ပဏ္ဍိတာရာမကျောင်းလမ်း၊ ပဏ္ဍိတာရာမစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ လင်္ကာပေသလ သိက္ခာကာမ ဝိနယဂရုကဖြစ်တော်မူသော သက်တော်ရှည် ပဏ္ဍိတာရာမစာသင်တိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တပဏ္ဍိတ မဟာထေရ်မြတ်ကြီးသည် (၁၃၇၈ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၂ရက်) ၁၆-၁၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) ည ၁၁း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (အန္တိမအဂ္ဂိစျာပနကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမည်။)

စျာပနဖြစ်မြောက်ရေးကော်မတီ

---

## ဦးစန်းမောင်(ခ)ဦးစောမောင် အသက်(၈၃)နှစ်
### ဖွားစောကျေးရွာ၊ ညောင်ဦးမြို့နယ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ သူရလမ်း၊ အမှတ် ၈၅နေ (ဦးဘိုးသင်-ဒေါ်ဖွားသစ်)တို့၏သား၊ ဒေါ်မြသွင်၏ခင်ပွန်း၊ ဦးမြင့်ဦး-ဒေါ်မြမြဝင့်(ခေတ္တ-Australia)၊ ဦးလေးမောင်-ဒေါ်သဇင်(ခေတ္တ-Australia)၊ ဦးအောင်ဘုန်း-ဒေါ်ခင်မြစော(လူမှုဝန်ထမ်း၊ ငြိမ်း)၊ ဒေါ်စန်းစန်းအေး(ဒုတိယညွှန်ကြားရေးမှူး၊ အနုပညာဦးစီးဌာန)၊ ဦးမိုးသိန်းကျော်(ခေတ္တ-Singapore)-ဒေါ်ခင်မျိုးလွင်၊ ဒေါ်လဲ့လဲ့စော(ခေတ္တ-Singapore)၊ ဦးမြင့်ဇော်(Master Mariner F.G)-ဒေါ်ခင်သန္တာထွန်းတို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၁၇-၁၁-၂၀၁၆ရက်(ကြာသပတေးနေ့) နံနက် ၆နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၆ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးခင်မောင်ကျော်(ခ)ဦးမောင်ကျော် (ထားဝယ်)
### နော်မံကျောင်းကြီးတိုက်မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ
### အမှတ်(၁၇၂)အတွင်းရေးမှူး
### ပပဝတီ-ဂါဝန်ဆိုင်၊ ပုဇွန်တောင်ဈေး
### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ သိဒ္ဓိလမ်း၊ အမှတ် ၁နေ (ဒေါ်ခင်ကြွယ်)၏ခင်ပွန်း၊ (ဒေါ်လှစိန်)၏မောင်၊ ဦးချစ်လှ-ဒေါ်လှမြင့်၊ ဦးတင်စိုး-ဒေါ်အေးအေးမြင့်၊ (ဒုတိယဗိုလ်မှူးကြီး ဦးခင်မောင်ကြည်၊ ငြိမ်း)-ဒေါ်ကြင်နုတို့၏အစ်ကို၊ အောင်ကျော်မြင့်၊ အောင်ကျော်မိုးတို့၏ဖခင်သည် ၁၆-၁၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ည ၈း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၁-၂၀၁၆ရက် (သောကြာနေ့) ညနေ ၆နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဗိုလ်မှူးစိန်ဝင်း(ငြိမ်း) (ကြည်း-၁၁၈၀၉)
### ဗိုလ်သင်တန်းအမှတ်စဉ်(၄၀)၊ အထက(၂)မင်္ဂလာဒုံ
### အောင်ဆန်းသူရိယလှသောင်းကျောင်းအုပ်ချုပ်မှုတာဝန်ခံအရာရှိ(ငြိမ်း)
### အသက်(၇၃)နှစ်

ဟသ်ာတမြို့နေ (ဦးချစ်တင်-ဒေါ်ခ)တို့၏သား၊ (ဦးစိုးမောင်)၊ (ဦးကြည်)၊ (ဦးရီ)၊ ဦးအုံး (ဒေါ်စောမြိုင်)တို့၏ညီ၊ ရန်ကင်းမြို့နယ်နေ [ဗိုလ်မှူးသန်းယု(ငြိမ်း)]-ဒေါ်အေးမိတို့၏သားသမက်၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးအိမ်ရာ၊ တိုက် ၁၁၊ အခန်း ၃၁နေ ဒေါ်ချိုဇင်ယု၏ခင်ပွန်း၊ ဦးပိုင်ဖြိုးဟန်-ဒေါ်အေးသက်မော်၊ မောင်ကျော်ပြည့်ဟိန်းတို့၏ဖခင်သည် ၁၇-၁၁-၂၀၁၆ရက် နံနက် ၀၀း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၁-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၃-၁၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်စောနွယ်(ခ)ဒေါ်နွယ်နွယ် (B.A, B.Ed)
### (စလင်း)၊ အထပြ(ငြိမ်း)
### အလက(၂)ရန်ကင်း၊ အထက-စလင်း၊ အထက-တညောင်
### အသက်(၆၇)နှစ်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့၊ မြင်တင်ရပ်နေ (ဦးလှမိုး-ဒေါ်လှမြင့်)တို့၏သမီး၊ ဒေါ်အထွေး၏တူမ၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၆)ရပ်ကွက်၊ တိုက် ၂၃၃၊ အခန်း ၁၂နေ(ဒေါ်ချိုချို)၊ ဦးခင်ဇော် (UEC ကိုယ်ပိုင်အထက်တန်းကျောင်း)-ဒေါ်နုနုကြည်(အထက -၂၊ ဗဟန်း)၊ ဒေါ်ရီရီပြုံး(အမက-၁၃၊ ရန်ကင်း၊ ငြိမ်း)၊ ဦးရဲမြတ်ကျော်၊ ဦးရဲသိန်းပေါ်၊ ဒေါ်မြင့်မြင့်မိုး (မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ရုံး၊ ရန်ကုန်)၊ ဒေါ်ညိုညို၊ ဒေါ်အေးအေးမိုးတို့၏အစ်မသည် ၁၇-၁၁-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၇း၅၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉-၁၁-၂၀၁၆ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ရန်ကင်းနေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါက်တာမီမီကို(မန္တလေး)
### အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၉၂လမ်း၊ အမှတ် ၁၁၄(မြေညီထပ်)နေ ရဲမင်းကြီးချစ်ကိုကို(ငြိမ်း)၊ ဒေါ်ခင်မမတို့၏သမီး၊ (ဦးထွန်းအောင်)၏ဇနီး၊ ဦးမြတ်ကိုကို-ဒေါ်ချယ်ရီမြင့်၊ ဦးလတ်ကိုကို(E.E.MFSL)-ဒေါ်လှဥမ္မာ၊ဗိုလ်ကြီးအေးကိုကို(ငြိမ်း) - ဒေါ်ကေသွယ်နိုင်၊ ဦးထွေးကိုကို-ဒေါ်နှင်းဆီ၊ (ဗိုလ်မှူးဝင်းနိုင်) - ဒေါ်ခင်နီနီကိုတို့၏ အစ်မ၊ မြင့်မိုရ်ချမ်းမြေ့ကိုကို (Final Part 1, IM1)၏မိခင်သည် ၁၆-၁၁-၂၀၁၆ရက် ည ၉း၄၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၈-၁၁-၂၀၁၆ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၁၁-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ကိုမျိုးအောင်လွင်
### (ကျောက်တော်)
### အသက်(၂၁)နှစ်

ကျောက်တော်မြို့၊ ရွာမရပ်ကွက်နေ ဦးသိန်းလွင်(ရဲအုပ်၊ စခန်းမှူး၊ ငြိမ်း)-ဒေါ်လှကျော့ယဉ်(အထကကျောင်းအုပ်ဆရာမကြီး၊ ယိုးတရပ်)တို့၏ချစ်လှစွာသောသား၊ ဦးကျော်သူရ-ဒေါ်နွဲ့နွဲ့လွင်၊ ကိုမျိုးဇော်လွင်၊ မသီဂီကျော့လွင်၊ မနီလာကျော့လွင်တို့၏ညီ/မောင်၊ မသင်းဇကရီကျော်၏ဦးလေးသည် ၁၆-၁၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈-၁၁-၂၀၁၆ရက်တွင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၁-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# မန္တလေးမြို့ ချမ်းမြရွှေပြည်ယာဉ်ရပ်နားစခန်းကို အဆင့်မြှင့်တင်ရေး အမြန်ဆုံးဆောင်ရွက်မည်

■ မင်းထက်အောင်(မန်းကိုယ်ပွား)

**မန္တလေး နိုဝင်ဘာ ၁၇**

မန္တလေးမြို့ ချမ်းမြရွှေပြည်ယာဉ်ရပ်နားစခန်း (ကွဲဆည်ကန်ကားကွင်း)၌ ခရီးသည်များ သက်သောင့်သက်သာဖြင့် Transit ပြုလုပ်နိုင်ရန် လေယာဉ်ကွင်းတစ်ခုကဲ့သို့ အဆင့်မြှင့်တင်ရေးလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်သွားရန် M-development Corporation Myanmar Co.Ltd က အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း မြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာန ဌာနမှူး ဦးဇော်ဝင်းက ပြောကြားသည်။

ယာဉ်ရပ်နားစခန်းကို အဆင့်မြှင့်တင်မည့်လုပ်ငန်း ဆောင်ရွက်သည့်အခါ လုပ်ငန်းမပျက် ယာဉ်ရပ်နားရန် အခြားအစားထိုးနေရာရှာဖွေရေးကို စီစဉ်နေပြီး ယခု ဘတ်ဂျက်နှစ်တွင် အမြန်ဆုံးအကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

"လက်ရှိအခြေအနေမှာ ခရီးသည်တွေနဲ့ ကုန်ပစ္စည်းတင်တာက ရောနေတယ်။အခု လုပ်မှာက လေယာဉ်ကွင်း ထိန်းသိမ်းမှုပုံစံမျိုးနဲ့ အခြေခံလုပ်သွားမယ်။တင်ဒါအောင်မြင်တဲ့ ကုမ္ပဏီက ရှိနေပြီး လက်ရှိကားတွေ ယာဉ်ပိတ်ဆို့မှုမဖြစ်အောင် တစ်ဝက်ကို ပေးသုံးပြီး ကျန်တဲ့တစ်ဝက်ကို လုပ်မယ်ဆိုလည်း လုံလောက်တဲ့ဧရိယာမရနိုင်တော့ မပြည့်စုံမှုတွေ ဖြစ်လာမှာ စိုးရိမ်တယ်" ဟု ၎င်းက ပြောကြားသည်။

*စာမျက်နှာ ၅ ကော်လံ ၃* ✳



မန္တလေးမြို့ ချမ်းမြရွှေပြည်ယာဉ်ရပ်နားစခန်း(ကွဲဆည်ကန်ကားကွင်း)ကို တွေ့ရစဉ်

# သီရိမင်္ဂလာဈေး ပွဲရုံကျဈေးသည်များကို ယာယီနေရာပြန်ချပေး



ပွဲရုံကျဈေးသည်များကို ယာယီပြန်လည်နေရာချထားပေးစဉ်

**သတင်းနှင့်ဓာတ်ပုံ - ဇော်ကြီး(ပဏီတ)**

**ရန်ကုန် နိုဝင်ဘာ ၁၇**

ရန်ကုန်မြို့ လှိုင်မြို့နယ် သီရိမင်္ဂလာဈေးရှိ ပွဲရုံကျဈေးသည်များကို ယနေ့ ညနေပိုင်းက ဈေးအတွင်းရှိ အဆောက်အအုံအတွင်း၌ သက်ဆိုင်ရာ၏ကြပ်မတ်မှုဖြင့် ယာယီနေရာပြန်လည်ချထားပေးခဲ့သည်။

"ပွဲရုံကျဈေးသည်တွေကို ဈေးကြီးရဲ့ ဂိုဒေါင်ထဲမှာ ခြောက်ပေပတ်လည် ဆိုင်နေရာတွေ ပြန်လည်ချထားပေးမှာပါ။ အခုလို နေရာပြန်လည်ချထားပေးဖို့အတွက်ကိုလည်း ကြိုတင်စာရင်းကောက်ယူမှုတွေလုပ်ခဲ့ရပါတယ်။ နေရာပြန်လည်ချထားပေးဖို့အတွက်ကိုလည်း လွန်ခဲ့တဲ့ တစ်ပတ်လောက်ကတည်းက ကြိုတင်အသိပေးပြီး ဆောင်ရွက်တာဖြစ်ပါတယ်။ ဈေးရှေ့မှာထွက်ပြီး ရောင်းချပေးတဲ့ ပွဲရုံကျဈေးသည်တွေကို ဦးစားပေးအနေနဲ့ နေရာချပေးသွားမယ်။ နေရာအတွက်ကတော့ လုံလောက်မှုရှိပါတယ်" ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာန ဒုတိယဌာနမှူး ဦးသောင်းတင်က ပြောသည်။


*စာမျက်နှာ ၇ ကော်လံ ၁* ❒

**အိန္ဒိယဝန်ကြီးချုပ်ရဲ့ အစီအစဉ်သစ်ကနေ ငွေမည်းတွေပပျောက်အောင် ဆောင်ရွက်နိုင်မှာလား**

စာ - ၁၁


**စောင့်ကြည့်ချင်စရာကောင်းလာတဲ့ ချယ်လ်ဆီးကစားသမား ဟာဇက်ရဲ့ ခြေစွမ်း**

စာ - ၂၂



**ဘာစီလိုနာအသင်းနှင့် စာချုပ်သစ်ချုပ်ဆိုရေးကို မက်ဆီ ငြင်းဆိုခဲ့**

စာ - ၂၃



**အဓမ္မခိုင်းစေခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း ကာကွယ်တားဆီးပေးရန် တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူ**

စာ - ၇

**မောင်တောမြို့နယ်၌ အကြမ်းဖက်မသကာသူ ၅၉ ဦး ထပ်မံဖမ်းဆီးရမိ**

စာ - ၈